# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday 31 July 2018 ၉၃၆၄


## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ် ၈/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

**လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ယနေ့ဖွဲ့စည်းလိုက်ပါသည်။ ဤလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ARSA အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များ၊ ယင်းနှင့်ဆက်နွယ်သည့်ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမည်ဖြစ်ပါသည်။ ကော်မရှင်ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

(က) သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို — ဥက္ကဋ္ဌ
ဖိလစ်ပိုင်နိုင်ငံ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း
ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်

(ခ) ဦးမြသိန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌဟောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

(ဂ) သံအမတ်ကြီး ကင်ဇိုအိုရှီးမား — အဖွဲ့ဝင်
လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ
ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူးဟောင်း
ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း

(ဃ) ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
ယူနီဆက်အဆင့်မြင့် အရာရှိကြီးဟောင်းနှင့်
ကုလသမဂ္ဂဝန်ထမ်းကောလိပ်ကျောင်းအုပ်ကြီးဟောင်း

၂။ ကော်မရှင်ကို ပြည်တွင်းနှင့် နိုင်ငံတကာမှ ဥပဒေနှင့်နည်းပညာ ကျွမ်းကျင်သူများက ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်သည်။

# ရန်ကုန်မိုးပျံအမြန်လမ်း ၂၀၁၉ ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း လွှတ်တော်တွင်ဖြေကြား




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၃၀

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ရခိုင်ပြည်နယ် မြို့နယ်များရှိ ကျေးရွာအုပ်စုကြီးများတွင် ဒေသကိုယ်စားပြု ဘက်စုံသုံး အဆောက်အအုံ (Community Hall) များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ်သည် ရေမြေသဘာဝအနေအထားအရ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိနေသည့်အတွက် မုန်တိုင်းအန္တရာယ်ကို နှစ်စဉ်ကြုံတွေ့ခံစားနေရသည့် ဒေသဖြစ်ပြီး မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို ဆောက်လုပ်ပေးရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဘက်စုံသုံးအဆောက်အအုံများသည် ပြည်သူများ ဘေးကင်းခိုလှုံရာနေရာအဖြစ်လည်းကောင်း၊ စာသင်ကျောင်းအဖြစ် အသုံးပြု၍လည်းကောင်း၊ လူမှုရေးအခမ်းအနားနှင့် ကျန်းမာရေးစောင့်ရှောက်မှု စင်တာနေရာအဖြစ်လည်းကောင်း၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

**တိုင်ကြားပေးပို့လာသော မှုးယစ်သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈

**မဒေါက် တာကျိုးပေါက်တယ်ဆိုတဲ့သတင်းဟာ ကောလာဟလသာဖြစ်ပြီး စစ်တောင်းမြစ်တာတစ်လျှောက် လုံးဝကျိုးပေါက်မှုမရှိပါဘူး**

စာမျက်နှာ » ၁၀

**နေပြည်တော်တွင် အာရှကလပ် ဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ**

စာမျက်နှာ » ၂၀


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ကြေးမုံ

# ဘေးအန္တရာယ်ကင်းဝေးရေး အလေးထားရှေးရှု

ယနေ့ကာလ ရေကြီးရေလျှံမှုဖြစ်ပွားနေချိန်တွင် သက်ဆိုင်ရာဒေသမှ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးရေးကို အလေးထားဂရုစိုက် ဆောင်ရွက်ပေးရမည်ဖြစ်သလို ရေလွှမ်းမိုးရာ ဒေသများသို့ ရောက်ရှိနေသော ခရီးသွားများနှင့် ဒေသခံပြည်သူများ အနေဖြင့်လည်း မိမိတို့ဘေးအန္တရာယ်ကင်းဝေးရေးကိုလည်း သတိတရားလက်ကိုင်ထားဖို့ လိုအပ်ပါသည်။

ခရီးသွားပြည်သူများ ရေကြီးမှုကြားတွင် ရောက်ရှိနေသည်ဖြစ်စေ၊ လမ်းခုလတ်တွင် ပိတ်မိနေသည်ဖြစ်စေ မိမိတို့၏ ခရီးဆက်လိုသော စိတ်ဆန္ဒဇောဖြင့် အလျင်စလို မထွက်ခွာမိရန် လိုအပ်သည်။ မိမိတို့ သဘောဆန္ဒဖြင့် မစူးစမ်းမဆင်ခြင် ထွက်ခွာမိပါက အန္တရာယ်ကျရောက်နိုင်သည်ကို သတိမူရမည်ဖြစ်သည်။ ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသမှ တာဝန်ရှိသူများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရေနှင့်ဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးပေါ်သတိပေးထုတ်ပြန်ချက်နှင့်အညီ မိုးရေ၊ ကန်ရေ၊ မြစ်ရေ၊ ချောင်းရေ၊ တောင်ကျရေတို့ကို ရေကင်းများချ၍ နေရာမလပ် စောင့်ကြပ်ကြည့်ရှုပြီး ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။

ဒေသခံပြည်သူများ ရေဘေးဒုက္ခရောက်နေချိန်တွင် လူမှုကွန်ရက်စာမျက်နှာများနှင့် အခြားသတင်းကွန်ရက်များမှ မမှန်သတင်းများ၊ ပကတိအခြေအနေထက် ပိုမိုလွန်ကဲစွာပြောဆိုမှုများ၊ ပြည်သူများ စိုးရိမ်ထိတ်လန့်ဖွယ်ဖြစ်အောင် ပြောဆိုမှုများအား သတိထားရမည်ဖြစ်သည်။ အထူးသဖြင့် သူတစ်ပါး အတိဒုက္ခရောက်နေချိန်တွင် အထင်အမြင်လွဲမှားစေမည့် လှုံ့ဆော်မှုများကိုလည်း သတိမူမိရန်လိုအပ်သည်။ ဘေးဒုက္ခကျရောက်နေချိန်တွင် အဖျက်အမှောင့်လုပ်ရပ်များ၊ အချောင်သမားများလည်း ရှိတတ်ပေသည်။ သို့သော် မြန်မာလူမျိုးများ၏ မေတ္တာ၊ စေတနာ၊ မုဒိတာ၊ ကရုဏာစိတ်ထားဖြင့် ဝိုင်းဝန်းကူညီပေးတတ်သည့် ပရဟိတစိတ်ထားများကြောင့် ကြုံတွေ့ရသည့် ဒုက္ခအခက်အခဲများမှ လျော့ပါးသက်သာလေ့ရှိသည်။

လက်ရှိတွင် ရေဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းများက နိုးနိုးကြားကြားဖြင့် စေတနာထားကာ ကူညီစောင့်ရှောက်ပေးနေသည်ကို မြင်တွေ့နိုင်သည်။ တစ်ချိန်တည်းတွင် အဖွဲ့အစည်းများနှင့် စေတနာရှင်များ၊ အလှူရှင်များက စားနပ်ရိက္ခာများ၊ အလှူငွေများအား အားတက်သရော ကူညီထောက်ပံ့ပေးနေသည်ကို မြင်တွေ့ရသဖြင့် မုဒိတာပွား ဝမ်းမြောက်ကြရမည်ဖြစ်သည်။ ဘေးဒုက္ခမကျရောက်သော ပြည်သူများအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ တတ်နိုင်သလောက် ပါဝင်ကူညီသင့်ကြသည်။

မကူညီချင်နေပါ မနှောင့်ယှက်ပါနှင့်ဟု ဆိုသည့်အတိုင်း အခက်အခဲများ ကြုံတွေ့နေချိန်တွင် ကိုယ်ကျိုးစီးပွားရှာဖွေလိုမှု၊ အမြတ်ထုတ်လိုမှု၊ နှောင့်ယှက်လိုမှုများကိုလည်း သတိပြုရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များမှာ မြန်မာတစ်နိုင်ငံတည်းသာ ကြုံတွေ့ရသည်မဟုတ်၊ နိုင်ငံအများလည်း ကြုံတွေ့နေရပြီး ခနအင်အားနည်းပါးသည့် မြန်မာနိုင်ငံအဖို့ ကိုယ့်ခွန်ကိုယ့်အားဖြင့် စေတနာထား ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို နားလည်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်း၊ နိုင်ငံတစ်ဝန်း ရေဘေးအန္တရာယ်များအား ပြည်သူများ ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ အလှူရှင်များ၊ ရိုင်းပင်းကူညီကြသည့် ပြည်သူ ပြည်သားများက မေတ္တာတရားဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကူညီဆောင်ရွက်နေကြသည်ဖြစ်ရာ သဘာဝဘေးလျော့ပါးသက်သာရေး၊ လွတ်ကင်းစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လန်ချန်း-မဲခေါင် တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေးစွန့်ဦးတီထွင်မှုဆိုင်ရာ လူငယ်လေ့ကျင့်ရေးစခန်းတွင် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူများအဖွဲ့ ဒုတိယဆုရရှိ

**နေပြည်တော် ဇူလိုင် ၃၀**

ဒုတိယအကြိမ်မြောက် လန်ချန်း-မဲခေါင် တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေးစွန့်ဦးတီထွင်မှုဆိုင်ရာ လူငယ်လေ့ကျင့်ရေးစခန်းကို ဇူလိုင် ၁၈ ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဖူဒါန်တက္ကသိုလ်နှင့် တရုတ်နိုင်ငံ၏ ဒုတိယမြောက် အကြီးဆုံးကျွန်းဖြစ်သည့် ချုံမင်ကျွန်းတွင် ကျင်းပခဲ့ပြီး မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ အသင်းနှစ်သင်းစီ၊ မြန်မာနှင့် လာအိုနိုင်ငံတို့မှ တစ်သင်းစီ စုစုပေါင်း အသင်း ၁၀ သင်းနှင့် တစ်သင်းလျှင် အဖွဲ့ဝင်သုံးဦးစီပါဝင်ကြောင်း သိရသည်။




မြန်မာနိုင်ငံကိုယ်စားပြု ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တက္ကသိုလ်မှ ဆရာမများနှင့် ဆုရကျောင်းသူများအဖွဲ့။

အဆိုပါအသင်း ၁၀ သင်းမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ လာအိုအစိုးရတက္ကသိုလ်တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် မဲခေါင်ဒေသအစိုးရ၏ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်ဒေသလူငယ်များ၏ တီထွင်ဆန်းသစ်မှုဆိုင်ရာ ပရောဂျက်ပြိုင်ပွဲ (YICMG: Youth Innovation and Competition on Mekong Governance and Development 2018)တွင် ခရီးသွားလုပ်ငန်းနှင့် အခြားပတ်ဝန်းကျင်ကို အန္တရာယ်မပြုသော စီးပွားရေးလုပ်ငန်းများ ခေါင်းစဉ်ဖြင့် ပရောဂျက်အသီးသီးကို တင်ပြခဲ့ရာ ဆုရရှိခဲ့ကြသော အဖွဲ့များဖြစ်သည်။ ထိုသို့ဆုရရှိခဲ့သော အသင်းများ၏ ပရောဂျက်များအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် လူငယ်စွန့်ဦးတီထွင်မှုဆိုင်ရာ သင်တန်းများပို့ချပေးပြီး မိမိတို့၏ ပရောဂျက်အသီးသီးကို လေ့ကျင့်ရေးစခန်းကာလအတွင်း ပြန်လည်ဆန်းသစ်တိုးတက်စေရန် ပြင်ဆင်စေကာ ထပ်မံယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလက ကျင်းပခဲ့သော YICMG 2018 တွင် The Most Valuable Issue Award ကို ရရှိခဲ့သည့် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ မမေမြတ်နိုး၊ ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာနမှ မမေသူစိုးနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ မမေမြတ်နိုးတို့သည် ရှန်ဟိုင်းမြို့ ဖူဒါန်တက္ကသိုလ်၌ကျင်းပသော လေ့ကျင့်ရေးစခန်းသို့ ထပ်မံတက်ရောက်ရန် ဖိတ်ခေါ်ခြင်းခံရပြီး နောက်တစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်တက္ကသိုလ်အဖွဲ့မှ Implementation of Eco-friendly Hotel ခေါင်းစဉ်ဖြင့် ဒုတိယဆုကို ရရှိခဲ့ခြင်း ဖြစ်သည်။

YICMG ပရိုဂရမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူဒါန်တက္ကသိုလ်မှ ဦးစီးပြုလုပ်ပြီး ရန်ကုန်တက္ကသိုလ်နှင့် ချိတ်ဆက်ထားသော ပရိုဂရမ်တစ်ခုဖြစ်သည်။ တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပပြုလုပ်ပြီး ဆုရရှိသည့်အသင်းများအား ထပ်မံလေ့ကျင့်သင်ကြားကာ ပြန်လည်ယှဉ်ပြိုင်ရသော အစီအစဉ်တစ်ခုဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် စတုတ္ထအကြိမ်မြောက် ပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၃၀**

ရန်ကုန်(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀ မန္တလေး(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၁၀/၉၃၀ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၅၀ ကျပ်၊ | ၉၉၅/၁၀၀၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၇၅/၉၀၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၄၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၈၉၅ ကျပ်၊အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၁၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၆၃. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၄၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၇၇၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၁. ၀၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၀၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၈၄. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၉၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၅. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၇. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှု၊ အခက်အခဲနှင့် အားနည်းချက်များကို ဝိုင်းဝန်းဆွေးနွေးကြရန်လိုအပ်ပါကြောင်း၊ သို့မှသာ ကော်မတီများအချင်းချင်းချိတ်ဆက်ပြီး မိမိတို့၏ ကော်မတီလုပ်ငန်းများကို ပိုမိုအောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုညှိနှိုင်းအစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးရပ်နားထားစဉ် ကာလအတွင်း လွှတ်တော်၏ ဆောင်ရွက်ချက်များ၊ ကျင်းပလျက်ရှိသည့် လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပေးတင်ပြလိုသည်များရှိပါကြောင်း၊ လွှတ်တော်ကော်မတီများသည် လွှတ်တော်၏ ကျောရိုးတစ်ခု ဖြစ်သည်နှင့်အညီ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် လွှတ်တော်ကော်မတီများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် လွှတ်တော်၏ စွမ်းဆောင်ရည် တစ်နေ့ထက်တစ်နေ့ အရည်အသွေးပိုမိုမြင့်မားလာရေးအတွက် လွှတ်တော်ကော်မတီများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန်လိုအပ်ပြီး တိုင်းပြည်၏ အရှေ့ကို အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ အစီရင်ခံစာပါ တွေ့ရှိချက်များနှင့် သုံးသပ်အကြံပြု ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သက်ဆိုင်ရာကော်မတီများအနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့် ပြင်ဆင်ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်) ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ်သည် ဘဏ္ဍာနှစ်အသစ် စတင်အသုံးပြုမည့် နှစ်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အတည်ပြုပြီးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်က ပြန်လည်အတည်ပြုရမည်ဖြစ်သည့်အတွက် အချိန်လုံလုံလောက်လောက်ရရန်လိုပါကြောင်း၊ စိစစ်ရေးပူးပေါင်းကော်မတီများက အချိန်မီပေးနိုင်မှသာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီများက လွှတ်တော်ကိုအချိန်မီတင်သွင်းနိုင်ပြီး လွှတ်တော်တွင် ဆွေးနွေးနိုင်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် ဘတ်ဂျက်နှင့်ပတ်သက်၍ အချိန်ပြည့်ပြည့်စုံစုံ ဆွေးနွေးနိုင်ရန် အရေးကြီးသည့်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ကို ၁၇ ဖွဲ့အစား အဖွဲ့ ၂၀ သို့ တိုးချဲ့ဖွဲ့စည်းထားကြောင်း၊ ဘတ်ဂျက်စိစစ်သည့်နေရာတွင် လွှတ်တော်က သေသေချာချာ လေ့လာစိစစ်သည့်အတွက် နိုင်ငံတော်၏ငွေကြေးများ အလဟဿမဖြစ်ဘဲ များစွာအကျိုးရှိသည်ကို သိရှိပါကြောင်း၊ ယခုနှစ်တွင် ဘတ်ဂျက်ကို အနည်းဆုံးသုံးစွဲမှုထက် ထိထိရောက်ရောက် မှန်မှန်ကန်ကန် အများအကျိုးရှိအောင် သုံးစွဲမှုကိုအဓိကထားစေလိုကြောင်း၊ ငွေကြေးသက်သာစေလိုမှုဖြင့် အဆင့်အတန်းမမီသော စီမံကိန်းများကို အကောင်အထည်ဖော်ပါက ရေရှည်တွင် နိုင်ငံတော်အတွက် အကျိုးမရှိပါကြောင်း၊ ငွေကြေးနည်းနည်းသုံးစွဲခြင်းသည် အဓိကမဟုတ်ပါကြောင်း၊ ရှိသည့်ငွေကြေးကို နိုင်ငံအတွက်အကျိုးဖြစ်အောင် အဓိကထားဆောင်ရွက်စေလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လမ်းညွှန်မှာကြားထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့တာဝန်ယူစိစစ်ရမည့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအလိုက် ပြည့်ပြည့်စုံစုံစိစစ်ပြီး သတ်မှတ်ချိန်အတွင်း အစီရင်ခံစာတင်သွင်းနိုင်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မိမိတို့ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ပန်ကြားလွှာပါအကြံပြုချက်များနှင့်အညီ စိစစ်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်များနှင့်အညီ စိစစ်ရေးပူးပေါင်းအဖွဲ့များမှ အစီရင်ခံစာများ ပေးပို့ကြရန်လိုအပ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ ၂၀ မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro Maruyama အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့်နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသအတွင်း ဖြစ်ပွားလျက်ရှိသည့်ပြဿနာများကို အစိုးရနှင့် တပ်မတော်က ဖြေရှင်းဆောင်ရွက်နေမှုများတွင် ဂျပန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်ပေးနေမှုနှင့် ဖြစ်စဉ်ဖြစ်ရပ် အခြေအနေမှန်များကို နိုင်ငံတကာမှသိရှိအောင် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



❖ **ရန်ကုန်မိုးပျံမှ**

သတင်းအချက်အလက်စင်တာများ၊ လူငယ်စင်တာများ စသည်ဖြင့် ဘက်စုံအသုံးပြုဆောင်ရွက်နိုင်ပြီး ရခိုင်ပြည်နယ်အတွင်း မြို့နယ်များရှိ ကျေးရွာအုပ်စုကြီးများတွင် လိုအပ်လျက်ရှိပါကြောင်း။

ပြည်သူများအတွက် အသုံးဝင်သည့် ဘက်စုံသုံးအဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာ ဆောက်လုပ်ပြီးစီးမှု ၂၄ လုံးရှိပြီး ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ရန်ကျန် အလုံး ၃၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထောက်ပံ့ငွေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူဆောက်လုပ်နေဆဲ လေးလုံးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ တင်ဒါစနစ်ဖြင့် ၂၆ လုံး ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လေးခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးတွင် ၅၇ လုံး၊ ရခိုင်ပြည်နယ်တွင် ၂၆ လုံး၊ ရှမ်းပြည်နယ်တွင် တစ်လုံး၊ ချင်းပြည်နယ်တွင် သုံးလုံး စုစုပေါင်း Shelter ၈၇ လုံး ဆောက်လုပ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရာတွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်အတွက် တင်ဒါအောင်မြင်ပြီးသည့် Shelter ၂၆ လုံး ဆောက်လုပ်ပြီးစီးမည်ဆိုလျှင် ရခိုင်ပြည်နယ်အတွက် Shelter ၅၄ လုံး ရှိလာမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ပိုမိုကျရောက်လွယ်သည့် မြို့နယ် ၁၁ မြို့နယ်၊ ကျေးရွာ ၅၄ ရွာတို့တွင် အမှန်တကယ်လိုအပ်၍ ဆောက်လုပ်ထားသည့် ဆိုင်ကလုန်း Shelter များ၌ ကိုယ်စားလှယ်ကြီး မေးမြန်းချက်တွင်ပါရှိသည့် ကျေးလက်နေပြည်သူများအတွက် လိုအပ်လျက်ရှိသည့် ဒေသကိုယ်စားပြုဘက်စုံသုံးများအဖြစ် အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူလူထု သွားလာမှုအဆင်ပြေစေရန်နှင့် ကားကျပ်တည်းမှုများ လျော့ပါးစေရန်အတွက် Inner Ring Road ပြုလုပ်ရန် အစီအစဉ်ကို မည်သို့ စီမံကိန်းချပြီး ဆောင်ရွက်မည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်မိုးပျံအမြန်လမ်း ပထမအဆင့်အနေဖြင့် Expression of Interest (EOI)ကို တင်သွင်းရန် နိုင်ငံတော်ပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီး ၂၀၁၈ခုနှစ် ဇွန် ၂၉ ရက်တွင် တင်ဒါပိတ်မည်ကို သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ သတ်မှတ်ထားသည့် နောက်ဆုံးနေ့အထိ ပြည်တွင်း၊ နိုင်ငံတကာကုမ္ပဏီနှင့် အဖွဲ့အစည်း စုစုပေါင်း ၅၃ ခုမှ စိတ်ဝင်စားမှု လျှောက်လွှာ EOI များ တင်ပြခဲ့ပါကြောင်း။

စီမံကိန်းဒုတိယအဆင့်အနေဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် Request for Qualification (RFQ)ကိုခေါ်ဆိုသွားမည်ဖြစ်ပြီး RFQ အဆင့်အောင်မြင်သွားသည့် ကုမ္ပဏီများကို စီမံကိန်း တတိယအဆင့်အနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် Request For Proposal (RFP)ကို ဆက်လက်ခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်ဖြစ်သည့် Bidder Winning Award and Contracting ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ဆောင်ရွက်ပြီးသည်နှင့် တည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

တင်ပြခဲ့သည့်အတိုင်း စိစစ်ရွေးချယ်ခြင်း အဆင့်ဆင့်ကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ဆုံးပိတ်အောင်မြင်သည့် ကုမ္ပဏီအနည်းဆုံး တစ်ဖွဲ့ သို့မဟုတ် အများဆုံး လေးဖွဲ့အတွင်းတွင် အတည်ပြုရွေးချယ်ပြီး ၂၀၁၉ ခုနှစ်အစပိုင်းတွင် Inner Ring Road ကိုစတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် အချိန်မှစတင်၍ သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းလုပ်ငန်းကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်သွားမည် မဟုတ်ဘဲ နိုင်ငံတကာကုမ္ပဏီများ၏ ကိုယ်ပိုင်အရင်းအနှီးဖြင့် ထည့်ဝင်ဆောင်ရွက်သွားစေမည် ဖြစ်ပါကြောင်း။

ပြန်လည်ရရှိမည့် ငွေကြေးစနစ်အနေဖြင့် Inner Ring Road ကိုအသုံးပြုသွားလာမည့် မော်တော်ယာဉ်များထံမှ လမ်းဖြတ်သန်းခကောက်ခံပြီး အရင်းကျေရန်နှင့် အကျိုးအမြတ်ရရန်တို့ကို စီမံဆောင်ရွက်သွားရမည့် စနစ်ပင်



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း



ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်

ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ် အဆင့်အလိုက် တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အသေးစိတ်အစီအစဉ်များကို တစ်ဆင့်ချင်း ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ လမ်း၊ တံတားကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည်

ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **အမြန်လမ်းများ၊ ပြည်နယ်ချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်းနှင့် ကျေးရွာချင်းဆက်လမ်း လမ်းဟောင်းများ ပြင်ဆင်ရာတွင်လည်းကောင်း၊ လမ်းသစ်များဖောက်လုပ်ရာတွင်လည်းကောင်း နိုင်ငံတကာအဆင့်အရည်အသွေးရှိ လမ်းများကဲ့သို့ စနစ်ကျပြီး ကုန်ကျစရိတ်သက်သာစေရန် လမ်းဒီဇိုင်းပြင်ဆင်ခြင်းနှင့် လမ်းကြောင်းကို ဖြောင့်တန်းစွာဖောက်လုပ်သွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက နိုင်ငံတကာအဆင့်မီလမ်းများကဲ့သို့ ဆောင်ရွက်ရန် နည်းပညာများ သိရှိနားလည်ထားသော်လည်း မိမိတို့နိုင်ငံ၏ ရန်ပုံငွေအခြေအနေအရ ဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် လမ်းအဆင့်မြှင့်တင်ခြင်းကို တစ်နိုင်ငံလုံးအတိုင်း အတာအရ စနစ်ဟောင်းကိုသာ ယနေ့တိုင်အသုံးပြုနေရခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ လမ်းတစ်မိုင် အသုံးစရိတ်သည် အိမ်နီးချင်းနိုင်ငံ၏ လမ်းတစ်မိုင်ပေါ်တွင်သုံးသည့် အသုံးစရိတ်၏ ခုနစ်ပုံ တစ်ပုံသာ အများဆုံး သုံးနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံအတွင်းရှိ လမ်းများအား နိုင်ငံတကာ အဆင့်မီ အရည်အသွေးရှိစေရန် ကမ္ဘာ့အဆင့်မီ မဖောက်လုပ်နိုင်သေးသော်လည်း မိမိတို့လက်ရှိလုပ်နေသည့် ဒီဇိုင်းအနေဖြင့်လည်း လမ်းများမပေါက်မီ အောက်ခံမြေသားကို ဓာတ်ခွဲခန်းသို့ ယူဆောင်၍ Soil Test လုပ်စမ်းသပ်စစ်ဆေးပါကြောင်း၊ ယင်းအောက်ခံမြေသားနှင့် လိုက်လျောညီထွေဖြစ်စေမည့် Penetration Macadam သော်လည်းကောင်း၊ DBST သော်လည်းကောင်း၊ ကွန်ကရစ်လမ်းလုပ်ငန်းသော်လည်းကောင်း ဒီဇိုင်းဆွဲပေးပြီး ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ အဆိုပါဒီဇိုင်းအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိကိုလည်း မိမိတို့ဌာနတွင်ရှိသည့် ဓာတ်ခွဲခန်းမှ ကျွမ်းကျင်ပညာရှင်များက ကွင်းဆင်းစစ်ဆေးခြင်း၊ Quality Control (QC)စစ်ဆေးခြင်းတို့ကို အဆင့်ဆင့် စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ အကယ်၍ ကွင်းအင်ဂျင်နီယာများအနေဖြင့် ဒီဇိုင်းအတိုင်းမလုပ်ဘဲ ကိုယ်ကျိုးစီးပွားများရှာပြီး မသမာမှု ပြုလုပ်ပါကလည်း ဌာနအနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ လမ်း၊ တံတားကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ထိန်းကျောင်း လမ်းညွှန်ပေးခြင်းကိုခံယူ၍ အကောင်းဆုံးဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်နှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

## ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

ထို့နောက် ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းက **ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် BOT(Build, Operate, Transfer) စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်းရှိ၊ မရှိ စိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှုမရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာလာစေရေးစီမံခန့်ခွဲထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်-ပုဂ္ဂလိက ပူးပေါင်းသည့် PPP(Private-Public-Partnership) ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာတွင် ၁၉၉၆ ခုနှစ်မှစတင်၍ မိမိတို့တိုင်းပြည်အတွက် စီးပွားရေးရာ မဟာဗျူဟာကျသည့် လမ်းမကြီးများကို ပုဂ္ဂလိကကုမ္ပဏီများလက်ဝယ် BOT စနစ်ဖြင့် လွှဲပြောင်းလုပ်ကိုင်စေခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့ တိုင်းပြည်စီးပွားရေးအတွက် အသက်သွေးကြောဖြစ်သည့် အချက်အချာကျ လမ်းမကြီးအရေးအတွက် ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကုမ္ပဏီများမှ BOT စနစ်ဖြင့် စီမံခန့်ခွဲလျက်ရှိနေပါကြောင်း။

နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် အစိုးရအဆက်ဆက်က စာချုပ်ချုပ်ဆိုလုပ်ပိုင်ခွင့်ပေးအပ်ခဲ့သည့် BOT စနစ်လမ်းများကို လေ့လာကြည့်ရာတွင် စာချုပ်ပါ ကတိကဝတ်များအတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝနှင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သည့် ကုမ္ပဏီတချို့သာရှိပြီး အများစုသည် စာချုပ်ပါ ကတိကဝတ်ထက် ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာ အဓိကထား ရှေးရှုဆောင်ရွက်နေကြသည့်အတွက် လမ်းမကြီးများသည် ၎င်းတို့ တာဝန်ယူစဉ်ကနှင့် ထူးမခြားနားဖြစ်နေပြီး ပိုမိုကောင်းမွန်လာခြင်းမရှိပါကြောင်း၊ လမ်းအသုံးပြုသူ ပြည်သူလူထုသည် နေ့စဉ်နှင့်အမျှ လမ်းအသုံးပြုခ ပေးနေရသည်သာ အဖတ်တင်ပြီး ငွေကုန်အကျိုးမရှိဖြစ်နေကြရပါကြောင်း။

စာချုပ်ပါ ကတိကဝတ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီများကို ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုပြီး သင့်တော်သလို အရေးယူဆောင်ရွက်ရန် အားနည်းခဲ့သည်ကို အပြစ်တင်ရုံဖြင့် လမ်းမကြီးများ ကောင်းမလာနိုင်ပါကြောင်း။

ရှေ့တွင်ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်၊ လစ်ဟာချက်၊ ပျက်ကွက်မှုများကို သင်ခန်းစာယူ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်သည့် စီမံထိန်းကျောင်းမှုများ၊ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများနှင့် အမြန်ဆုံးကုစားနိုင်ရန် အရေးကြီးသည့်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ကို ဩဂုတ် ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



# အင်းဝဘဏ်လီမိတက် ဒဂုံမြို့သစ်(တောင်ပိုင်း) ဘဏ်ခွဲဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၃၀**

အင်းဝဘဏ်လီမိတက် ဒဂုံမြို့သစ်(တောင်ပိုင်း) ဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်၌ကျင်းပရာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပိုက အင်းဝဘဏ်လီမိတက် ဒဂုံမြို့သစ်(တောင်ပိုင်း)ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ဒဂုံမြို့သစ်(တောင်ပိုင်း) ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၂ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် အမှတ်(၄၃၆) လှော်ကားလမ်းနှင့် ပတ္တမြားလမ်းထောင့်တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

(ရခိုင်)ကျေးရွာတို့သည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာများဖြစ်ပါကြောင်း၊ သဘော်ကွေ့ကျေးရွာသည် မြို့သစ်ရပ်ကွက် ဧရိယာအတွင်း ပါဝင်ပြီးဖြစ်သဖြင့် ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ်သတ်မှတ်ပေးရန် မလိုအပ်ပါကြောင်း၊ ယင်းကျေးရွာသည် စားကျက်မြေဧရိယာအတွင်း တည်ရှိနေသဖြင့် စားကျက်မြေပယ်ဖျက်ခွင့်ရရှိရေးအတွက် ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကွင်းကြီး(ရခိုင်)ကျေးရွာသည် မြေလွတ်မြေရိုင်းဖြစ်သည့်အတွက် အခြားနည်းအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းနယ်မြေရဲစခန်းနှင့် ရွာသစ်ကြီးနယ်မြေရဲစခန်းများအတွက် လိုအပ်လျက်ရှိသည့် ရုံး၊ လူနေအဆောက်အအုံနှင့် ရဲအချုပ်ခန်းများ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မင်းကွန်းနယ်မြေရဲစခန်းတွင် စခန်းရုံး(အချုပ်ပါ)၁ ထပ် သံကူကွန်ကရစ် ၁ လုံးနှင့် ၆ ခန်းတွဲ ၄ ထပ် သံကူကွန်ကရစ် ၁ လုံးတို့အားလည်းကောင်း၊ ရွာသစ်ကြီးနယ်မြေရဲစခန်းတွင် စခန်းရုံး(အချုပ်ပါ) ၁ ထပ် သံကူကွန်ကရစ် ၁ လုံးနှင့် ၆ ခန်းတွဲ ၄ ထပ် သံကူကွန်ကရစ် ၁ လုံးတို့အား ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်တွင် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် **အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်က ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် ဆိုသည့်ခေါင်းစဉ်မှ တက္ကသိုလ်ပါမောက္ခချုပ်



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်သူ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၂)မှ ဦးကျော်နိုင်

နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့၏ အရည်အချင်းသတ်မှတ်ချက်များတွင် မူလအဆိုပြု ပြဋ္ဌာန်းချက်တွင် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရမည်ဟူ၍သာ ပါရှိပါကြောင်း၊ ပြင်ဆင်ဖြည့်စွက်လိုသည်မှာ ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာ အပြန်အလှန်ကျွမ်းကျင်ရမည်ဟူ၍ ဖြစ်ပါကြောင်း။

တက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ)၏ အရည်အချင်းသတ်မှတ်ချက်များကို ဆက်လက်ဆွေးနွေးလိုပါကြောင်း၊ စီမံနှင့်ပတ်သက်၍ သတ်မှတ်ချက်မှာ နည်းပါးနေပါကြောင်း၊ မိမိလိုချင်သည့်သူကို ထည့်သွင်းရန်အတွက် အရည်အချင်းများ လျှော့ပေါ့ထည့်ထားသည်ဟု မြင်မိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့ကို ဥပဒေဖြင့်သာ ထိန်းကျောင်းရမည် ဖြစ်ပါကြောင်း၊ မိမိလိုရာမိမိဆွဲသည့် ဂုဏ်သတ္တိနည်းနည်းဖြင့် စီမံခန့်ခွဲသည့် ဒုတိယပါမောက္ခချုပ်အဆင့်ကို ထားမည်ဆိုပါက တက္ကသိုလ်၏ဂုဏ်သည် ကျဆင်းနိုင်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ယခုကဲ့သို့ အားနည်းနေသည့် ဥပဒေများကို ပြတ်ပြတ်သားသားပြင်ဆင်ရမည့် တာဝန်ရှိသည့်အတွက် ယင်းအချက်ကို တင်ပြရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က မူလအဆိုပြု ပြဋ္ဌာန်းချက်ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ကောင်စီက သတ်မှတ်သည့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပြည်သူ့လွှတ်တော်အနေဖြင့် မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားသည်ကို တွေ့ရှိရပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်တွင် ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သောကောင်စီသည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်ဟု မူလအဆိုပြုပြဋ္ဌာန်းချက်၏ရှေ့ဆုံးတွင် ရဟန်းတော်များဟု ထည့်သွင်းပြင်ဆင်ထားသည်ကို တွေ့ရှိရပါကြောင်း။

မိမိအနေဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ရဟန်းတော်များဟု သုံးနှုန်းပြင်ဆင်ထားသည့်အပေါ်တွင် ရဟန်းတော်ဆိုသည်မှာ တစ်ပါးသို့မဟုတ် အနည်းကိုသာ ကိုယ်စားပြု ရည်ညွှန်းအသုံးပြုပြီး အစုအဖွဲ့ အဖွဲ့အစည်းကို ကိုယ်စားပြုသုံးနှုန်းသည်ကို မတွေ့ရှိရသည့်အတွက် ရဟန်းတော်ဆိုသည့်နေရာတွင် သံဃာတော်ဆိုသည်ကသာ အစုအဖွဲ့အများကို ကိုယ်စားပြု ရည်ညွှန်းအသုံးပြုသည့်အတွက် လည်းကောင်း၊ ယခုဖွဲ့စည်းသည့် ကောင်စီတွင် ပါဝင်သည့် နာယကများဖြစ်ကြသည့် ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်(သင်ကြား)၊ အတွင်းရေးမှူးဖြစ်သည့် ဒုတိယပါမောက္ခချုပ်ဆရာတော်(စီမံ)နှင့် အဖွဲ့ဝင်ဆရာတော်များ ပါဝင်ဖွဲ့စည်းထားခြင်း ဖြစ်သည့်အတွက် အဆိုပါအဖွဲ့သည် အဖွဲ့အစည်းတစ်ရပ်၊ အစုအဖွဲ့တစ်ရပ် ဖြစ်သွားသည့်အတွက် ရဟန်းတော်များဟု သုံးနှုန်းထားသည်ထက် သံဃာတော်များဟု သုံးနှုန်းသည်က ပိုမိုသင့်လျော်သည်ဟု ယူဆမိသည့်အတွက် သံဃာတော်များဟု သုံးနှုန်းပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဩဂုတ် ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# BOT စနစ်သည် ကျင့်သုံးသင့်သည့် စီးပွားရေးစနစ်တစ်ရပ်ဖြစ်

**နေပြည်တော် ဇူလိုင် ၃၀**

BOT (Build, Operate, Transfer) စနစ်သည် ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ပေးရာရောက်ပြီး စီးပွားရေးရာ မဟာဗျူဟာကျသည့် လမ်းမကြီးများနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်အဝဝကို နိုင်ငံတော်ဘဏ္ဍာမှ ကျခံသုံးစွဲရန် မလိုအပ်သည့်အတွက် ကျင့်သုံးသင့်သည့် စီးပွားရေးစနစ်တစ်ရပ်ဖြစ်ကြောင်း ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းက ယနေ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့တွင် ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းက **ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းတွင် BOT(Build, Operate, Transfer)စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ စည်းမျဉ်း စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်း ရှိ၊ မရှိ စိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှု မရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာလာစေရေးစီမံခန့်ခွဲ ထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်-ပုဂ္ဂလိက ပူးပေါင်းသည့် PPP(Private-Public Partnership) ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာတွင် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ အဆိုရှင်က ၁၉၉၆ ခုနှစ်မှစတင်၍ မိမိတို့ တိုင်းပြည်အတွက် စီးပွားရေးရာ မဟာဗျူဟာကျသည့် လမ်းမကြီးများကို ပုဂ္ဂလိကကုမ္ပဏီများလက်ဝယ်သို့ BOTစနစ်ဖြင့် လွှဲပြောင်း လုပ်ကိုင်စေခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့ တိုင်းပြည်စီးပွားရေးအတွက် အသက်သွေးကြောဖြစ်သည့် အချက်အချာကျသည့် လမ်းမကြီးအရေအတွက် ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကုမ္ပဏီများမှ BOT စနစ်ဖြင့် စီမံခန့်ခွဲလျက်ရှိနေပါကြောင်း၊ BOT စနစ်ဆောင်ရွက်သည့်အတွက် တစ်နိုင်ငံလုံးနှင့် ခြုံငုံစဉ်းစားခွဲဝေပေးနေရသည့် နိုင်ငံ့ဘတ်ဂျက်ရရန် စောင့်စရာမလိုဘဲ ပြည်သူများအနေဖြင့် ပြည့်စုံလုံလောက်သည့်လမ်းကို အသုံးပြုခွင့်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်အနေဖြင့်လည်း ရင်းနှီးထားရသည့်ငွေကို အချိန်မီ အကျိုးအမြတ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံအနေဖြင့်လည်း အခြား



ကော့မှူး မဲဆန္ဒနယ်မှ
ဦးကျော်ဆွေဝင်း

အခွန်အခများရသကဲ့သို့ ကုန်စည်စီးဆင်းမှု ကောင်းလာသည်နှင့်အမျှ အဘက်ဘက်မှ အကျိုးအမြတ်များ ရရှိမည်ဖြစ်ပါကြောင်း။

အဆိုပါ စနစ်တွင် လုပ်ပိုင်ခွင့်ရရှိထားသည့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် နိုင်ငံတော်နှင့် ချုပ်ဆိုထားသည့် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိနှင့် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်မှုသာ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သကဲ့သို့ တိုင်းပြည်စီးပွားရေးလည်း တိုးတက်ဖြစ်ထွန်းလာစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ အဆိုရှင်က အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းရာတွင် နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် အစိုးရအဆက်ဆက်က စာချုပ်ချုပ်ဆိုလုပ်ပိုင်ခွင့်ပေးအပ်ခဲ့သည့် BOT စနစ်လမ်းများကို လေ့လာကြည့်ရာတွင် စာချုပ်ပါ ကတိကဝတ်များအတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝနှင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သည့် ကုမ္ပဏီအချို့သာရှိပြီး အများစုသည် စာချုပ်ပါ ကတိကဝတ်ထက် ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာ အဓိကထား ရှေးရှုဆောင်ရွက်နေကြသည့်အတွက် လမ်းမကြီးများသည် ၎င်းတို့ တာဝန်ယူစဉ်ကနှင့် ထူးမခြားနားဖြစ်နေပြီး ပိုမိုကောင်းမွန်လာခြင်းမရှိပါကြောင်း၊ လမ်းအသုံးပြုသူ ပြည်သူလူထုသည် နေ့စဉ်နှင့်အမျှ လမ်းအသုံးပြုခပေးနေရသော်လည်း ငွေကုန်အကျိုးမရှိဖြစ်နေကြရပါကြောင်း။

BOT စနစ်ဆိုသည်မှာ Build, Operate, Transfer ကို ရည်ရွယ်ဖော်ပြပြီး လုပ်ပိုင်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် မိမိရယူထားသည့် လမ်းပိုင်းကို စာချုပ်ပါအတိုင်း Build အသစ်ဖောက်လုပ်ပြုပြင်ခြင်း လုပ်ငန်းကို မဖြစ်မနေ ကြိုတင်ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ မူလရှိပြီးလမ်းကို စာချုပ်ပါ စံချိန်စံညွှန်းအတိုင်း စာချုပ်ပါ သက်တမ်းအတွင်း တည်ဆောက်ပြုပြင်ပြီး နိုင်ငံတော်အစိုးရမှ ကျေနပ်မှသာလျှင် စတင်ငွေကောက်ခံ (Operate)ရမည် ဖြစ်ပါကြောင်း၊ အများစုက ရှိပြီးသားလမ်းများကို အဖာအထေးများနှင့် သာမန်ကာလျှံကာ ပြင်ထိန်းအလုပ်များသာ ပြုလုပ်ကြပြီး လမ်းအသုံးပြုခကိုသာ အပြည့်အဝကောက်ခံလျက်ရှိနေကြသည်ကို တွေ့မြင်နေကြရပါကြောင်း။

စာချုပ်ပါ စည်းကမ်းအရ တစ်နေ့ ပျမ်းမျှယာဉ်အစီးရေ ၅၀၀ ကျော်လျှင် လမ်း အကျယ် ၂၄ ပေ၊ ယာဉ်အစီးရေ ၂၀၀၀ ကျော်လျှင် လမ်းအကျယ် ၄၈ ပေ အသစ် ဖောက်လုပ်ပြုပြင်ပေးရမည်ဟု အတိအလင်းဖော်ပြပါရှိသော်လည်း သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် ရန်ကုန်-ပုသိမ်လမ်း၏ တစ်နေ့ပျမ်းမျှယာဉ်အစီးရေ ၆၀၀၀ ကျော်သည့်တိုင် ၎င်းတို့တာဝန်ယူခဲ့စဉ်က လမ်းအကျယ်အတိုင်းသာထားရှိပြီး လမ်းအသုံးပြုခကို ကောက်ခံနေသည်မှာ ယနေ့အချိန်အထိဖြစ်ပါကြောင်း။

အကျိုးဆက်များအနေဖြင့် ယာဉ်အသွားအလာများသည် တစ်နေ့တခြား တိုးတက်များပြားချိန်တွင် လမ်းများသည် လုံလောက်အောင် ကျယ်ဝန်းကောင်းမွန်မှုမရှိသည့်အတွက် ခရီးလမ်းပန်းနှောင့်နှေးကြန့်ကြာရသကဲ့သို့ မကြာခဏယာဉ်တိုက်မှု၊ တိမ်းမှောက်မှုများဖြစ်ပြီး ပြည်သူလူထု၏ အသက်စည်းစိမ်များ လွင့်ပါးဆုံးရှုံးနေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ကြားသိနေရပါကြောင်း။

စာချုပ်ပါ ကတိကဝတ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီများကို ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုပြီး သင့်တော်သလို အရေးယူဆောင်ရွက်ရန် အားနည်းခဲ့သည်ကို အပြစ်တင်ရုံဖြင့် လမ်းမကြီးများ ကောင်းမလာနိုင်ပါကြောင်း။

ရှေ့တွင်ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်၊ လစ်ဟာချက်၊ ပျက်ကွက်မှုများကို သင်ခန်းစာယူ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်သည့် စီမံထိန်းကျောင်းမှုများ၊ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများနှင့် အမြန်ဆုံးကုစားနိုင်ရန် အရေးကြီးသည့်အတွက် အဆိုတင်သွင်းရပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ **အေးအေးသန့်(သတင်းစဉ်)**

# (၁၇)ကြိမ်မြောက် အောင်ဘာလေထီ ကျပ်သိန်းတစ်သောင်းဆုကြီး ဩဂုတ် ၁ ရက် နံနက်တွင် ဖွင့်လှစ်ပေးမည်

**နေပြည်တော် ဇူလိုင် ၃၀**

ယခုလတွင် ရောင်းချခဲ့သည့် (၁၇)ကြိမ်မြောက် ကျပ်ငါးရာတန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်စာအုပ်များ ရောင်းချရငွေစုစုပေါင်းမှာ ကျပ်သန်း ၁၈၄၀၉ ဒသမ ၀၅၀ ဖြစ်ပြီး ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ကျပ်သန်း ၁၁၀၄၅ ဒသမ ၄၃၀ ကို ထီဆုငွေများအဖြစ် ခွဲဝေပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

(၁၇)ကြိမ်မြောက် ကျပ်ငါးရာတန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလတွင် "က" အက္ခရာမှ "အ" အက္ခရာ၊ "ကက" အက္ခရာမှ "ကဌ" အက္ခရာအထိ အက္ခရာအလုံးရေ ၄၅ လုံးဖြင့် ထီစာအုပ် စုစုပေါင်း ၃၆၈၁၈၁၀ အုပ်ကို ထီထိုးသူပြည်သူများထံ ထုတ်ဝေရောင်းချနိုင်ခဲ့သည်။ ဆုမဲများအနေဖြင့် အထူးဆုကြီးစနစ်မှ ကျပ်သိန်း တစ်သောင်းဆု၊ ကျပ်သိန်းငါးထောင်ဆု၊ ကျပ်သိန်းသုံးထောင်ဆုနှင့် ကျပ်သိန်း တစ်ထောင်ဆုများအပါအဝင် အခြားဆုမဲပေါင်းများစွာကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် (၁၇)ကြိမ်မြောက် ကျပ်ငါးရာတန် ထီဖွင့်ပွဲမှ ကံထူးရှင်များအနက် ကျပ်သိန်း ၁၀၀ နှင့်အထက် ကံထူးရှင်များကို ဩဂုတ် ၂ ရက်မှစတင်၍ လည်းကောင်း၊ ကျပ်သိန်း ၁၀၀ အောက် ကံထူးရှင်များကို ဩဂုတ် ၁၃ ရက်မှ စတင်၍ လည်းကောင်း ဆုငွေများထုတ်ပေးသွားမည်ဖြစ်ပြီး ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် ထုတ်ယူနိုင်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ဖြစ်ပွားသဖြင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**နေပြည်တော် ဇူလိုင် ၃၀**

နိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုများပြားပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ဇူလိုင် ၂၉ ရက်က တောင်ကျချောင်းရေတိုက်စားမှုကြောင့် တနိုင်းမြို့နယ် တနိုင်း-ရှင်ဗွေယန်-နန်းယွန်း တောင်ကမ်းပါးယံလမ်းပိုင်း မိုင်တိုင် (၁၆၆/၃) ၌ မြေပြိုမှုဖြစ်ပွားခြင်း၊ မိုးညှင်းမြို့နယ် နမ့်မွန်း-အုန်းစံဆိုင်-ဘီလူး မြေသားလမ်း တစ်ပေခန့် နိမ့်ကျပျက်စီးခြင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူကားလမ်း ကီလိုမီတာ ၅၀ နှင့် ၅၁ ကြား၌ တောင်နံရံ မြေပြိုကျခဲ့၍ လမ်းပိတ်ဆို့မှုဖြစ်ပွားခြင်း၊ ဂျိုင်းမြစ်ရေမြင့်တက်မှုကြောင့် ကော့ကရိတ်မြို့နယ် ဘုရားကြီးကျေးရွာမှ အိမ်ထောင်စု ၃၁ စုသည် ယင်းကျေးရွာရှိ ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။ ထို့အတူ လှိုင်ဝကျေးရွာ၌ ရော်ဘာပင်လဲကျခဲ့ရာ နေအိမ် မီးဖိုချောင်တစ်လုံး ပျက်စီးခဲ့ပြီး အမှတ်(၃)ရပ်ကွက် မြို့မဘောလုံးကွင်း အရှေ့ဘက်ခြမ်းတွင် ကာရံထားသည့် အုတ်တံတိုင်းပြိုကျခြင်း၊ ဟောင်သရောမြစ်ရေမြင့်တက်မှုကြောင့် ကျုံဒိုးမြို့ အမှတ်(၂/၃/၄)ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၃၄ စုသည် ဓမ္မာရုံနှင့် စာသင်ကျောင်းများသို့ ယာယီရွှေ့ပြောင်းခဲ့ကြောင်း၊ အလားတူ သံလွင်မြစ်ရေ မြင့်တက်မှုကြောင့် လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာပါ ကျေးရွာ/ရပ်ကွက် ရှစ်ခုအတွင်းသို့ ရေဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ၁၄၉ စုသည် ဘုန်းကြီးကျောင်းနှင့် ၎င်းတို့၏ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ဘားအံမြို့နယ် ခရဲကမ်းနား ကျေးရွာပါ ငါးရွာရှိ အိမ်ထောင်စု ၂၄၆ စုသည် ပဲနွယ်ကုန်းကွက်သစ်၌ ယာယီကယ်ဆယ်ရေးစခန်း (တန် ၄၀၀၀ မိုင်းရှင်းကွင်း)ရှိ စားဖိုဆောင်နှင့် ၎င်းတို့ကျေးရွာများရှိ ဓမ္မာရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဇူလိုင် ၂၈ ရက်တွင် ကျောက်ကြီးမြို့နယ်အတွင်း ရေများဝင်ရောက်ခဲ့၍ ပဲခူးရပ်ကွက်ပါ ငါးရပ်ကွက်နှင့် နောင်ကုန်းကျေးရွာပါ ၁၈ ရွာတို့ရှိ အိမ်ထောင်စု ၆၄၇ စုသည် ဘုန်းကြီးကျောင်းများနှင့် ၎င်းတို့၏ဆွေမျိုးများ နေအိမ်များသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဇူလိုင် ၂၉ ရက်တွင် ဝက်လာတောကျေးရွာပါ ကျေးရွာ/ရပ်ကွက် လေးခုအတွင်း စစ်တောင်းမြစ်ရေဝင်ရောက်ခဲ့သဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၁၁၀ သည် ရွှေမင်းဝံဓမ္မရိပ်သာနှင့် ၎င်းတို့၏ ဆွေမျိုးများ နေအိမ်သို့ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း၊ ပဲခူးမြို့နယ် တာဝဘူတာနှင့် ဘုရားသုံးဆူကြား မိုင်တိုင် (၄၀/၅-၄၁/၂၀)ကြားတို့၌ ရထားသံလမ်းပေါ် ရေကျော်နေသဖြင့် မန္တလေး-ရန်ကုန် ရထားခရီးစဉ် သုံးခုကို ယာယီဖျက်သိမ်းထားကြောင်း၊ ရွှေကျင်မြို့နယ် မအူပင်ကျေးရွာပါ ကျေးရွာ/ရပ်ကွက် ၁၄ ခုအတွင်းသို့ ရေဝင်ရောက်ခဲ့၍ အိမ်ထောင်စု ၁၄၉၅ စုသည် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ယာဉ်ငယ်များသွားလာနိုင်ခြင်းမရှိကြောင်းနှင့် စက်လှေများဖြင့် သွားလာလျက်ရှိကြောင်း သိရသည်။

ထို့အတူ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ဝေါမြို့နယ် ဆင်ရွာကျေးရွာပါ သုံးရွာမှ အိမ်ထောင်စု ၁၂၈ စု၊ အေးချမ်းသာယာရပ်ကွက်ပါ ကျေးရွာ/ရပ်ကွက် လေးခုအတွင်းမှ အိမ်ထောင်စု ၅၉ စု၊ ထန်းတပင်မြို့နယ် ကြက်လျှာစွန်းကျေးရွာအတွင်းမှ အိမ်ထောင်စု ၁၇ စုတို့သည် စာသင်ကျောင်းနှင့် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ တောင်ငူမြို့နယ် အလယ်ကျွန်းကျေးရွာပါ ကျေးရွာ/ရပ်ကွက် ငါးခုအတွင်းမှ အိမ်ထောင်စု ၂၆၇ စု၊ ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းကျေးရွာပါ ကျေးရွာ/ရပ်ကွက် ၂၀ အတွင်းမှ အိမ်ထောင်စု ၁၂၄၉ စု၊ ပဲခူးမြစ်ရေမြင့်တက်လာ၍ ကဝမြို့နယ် ကျားတက်ကျေးရွာမှ အိမ်ထောင်စု ခုနစ်စုတို့သည် ဘုန်းကြီးကျောင်းသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက်က မင်းတုန်းချောင်းကမ်းပါးပြိုကျမည်စိုးရိမ်သဖြင့် ကံမမြို့နယ် သမ္ဘရာကျေးရွာရှိ မင်းတုန်းချောင်းကမ်းပါးအနီး နေထိုင်သော နေအိမ်ကိုးလုံးမှ မိသားစုဝင်များ ရွှေ့ပြောင်းခြင်း၊ အောင်လံမြို့နယ် ဇေယျဝတီရပ်ကွက် တောင်ပေါ်ကျောင်းတိုက်အတွင်း ဉာဏ်တော် ပေ ၆၀ ခန့်ရှိ စေတီတော်တောင်ဘက်ခြမ်း ပြိုကျခဲ့ရာ ဖန်စိန်ဖူးတော်တစ်ခု၊ ထီးတော် နှစ်လက်၊ ကလပ်တစ်ခု၊ ငှက်မြတ်နား ငါးခု၊ သံကြွပ်ခေါင်းလောင်းအသေး ၁၃ လုံး၊ သံကြွပ်ခေါင်းလောင်းအကြီး တစ်လုံး၊ အရံစေတီတော်တစ်ဆူနှင့် ထီးတော်မှာ မြေခခဲ့ကြောင်း၊ ဘီးလင်းမြို့နယ် ကျောက်လုံးကြီးကျေးရွာ ကြောင်တရာဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဆောက်လုပ်ဆဲ ပေ (၁၀၀×၅၀) တိုက်ကျောင်း ပြိုကျခဲ့ကြောင်း၊ ဒိုးဝန်းဘူတာနှင့် နှင်းပုလဲဘူတာကြား အရှည် ပေ ၂၄၀ ခန့်ရှိ တံတားအမှတ် (၄၇)၏ တိုင်လေးတိုင် အနက် ဒိုးဝန်းဘက်ခြမ်းရှိ ဒုတိယမြောက်တိုင်မှာ ရေစီးဖြင့် မျောပါသွားကြောင်း၊ ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ပါ သုံးခုအတွင်းသို့ ရေများဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ၁၀၀ သည် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာပါ ကျေးရွာ/ရပ်ကွက် သုံးခုအတွင်းမှ ရွှေ့ပြောင်းအလုပ်သမား အိမ်ထောင်စု ၅၇ စုတို့သည် ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဇူလိုင် ၂၉ ရက်က မောင်တောမြို့နယ် မောင်တော-(၃) မိုင်-အငူမော်လမ်းတွင် ကွန်ကရစ်လမ်း အကျယ် ခြောက်ပေ၊ အရှည် ငါးပေခန့်အနက် ခုနစ်ပေခန့်အထိ ပြိုကျခဲ့ရာ ယာဉ်ငယ်များနှင့် ဆိုင်ကယ်များသာ သွားလာနိုင်ပြီး ယာဉ်ကြီးများ သွားလာနိုင်မှုမရှိကြောင်း၊ လားရှိုးမြို့ ရပ်ကွက် (၁၂) အဝေရာလမ်းမကြီးပေါ်ရှိ မြောင်းကူးတံတားမှာ ရေကျော်နေစဉ် ဖြတ်သန်းမောင်းနှင်သည့် 6C/---- Finder ယာဉ်မှာ ရေစီးဖြင့်မျောပါသွားကြောင်း၊ ရပ်ကွက်(၁)ရှိ ချမ်းမြေ့ရေစက် အုတ်နံရံ အလျား ၁၅ ပေခန့် ပြိုကျပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ရပ်ကွက်(၅)ပါ ရပ်ကွက်လေးခု၌ သွပ်မိုး/ထရံကာ နေအိမ်သုံးလုံးပြိုကျ၊ နေအိမ် ၁၆ လုံး၊ စာသင်ကျောင်းတစ်ကျောင်းနှင့် လူငယ်ပြုစုပျိုးထောင်ရေး သင်တန်းကျောင်းတို့ကို ကာရံထားသော ခြံစည်းရိုးအုတ်တံတိုင်းတို့ ပြိုကျပျက်စီးခဲ့ကြောင်း၊ တာချီလိတ်မြို့နယ် မြို့ပတ်လမ်းအနီး တောင်ကုန်းပေါ်၌ တည်ထားသော အေးငြိမ်းချမ်းသာ ဘုန်းကြီးကျောင်း မြေထိန်းနံရံ ပေ ၂၀ ခန့် ပြိုကျခဲ့ကြောင်း၊ ဧရာဝတီမြစ်ရေမြင့်တက်၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် ပန်းတနော်မြို့နယ် မြစိမ်းကျွန်းကျေးရွာပါ သုံးရွာရှိ နေအိမ် ၆၁ လုံးအား ဖျက်သိမ်းပြီး ရွှေ့ပြောင်းခဲ့ကြောင်း၊ ရွှေလောင်းမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် ဝါးခယ်မမြို့နယ် ရွာမကျေးရွာ မြစ်ကမ်းပါးအနီးရှိ စာသင်ကျောင်းတစ်ကျောင်းကို ဖျက်သိမ်းပြီး ရွှေ့ပြောင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ငဝန်မြစ်၊ ဘီးလင်းမြစ်တို့၏ မြစ်ရေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

**စစ်တောင်းမြစ်**

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း နှစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ်**

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ပဲခူးမြစ်**

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တွင် တိုင်းတာရရှိသော ၉၃၈ စင်တီမီတာသည် နှစ်ပေါင်း ၅၃ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ယခင်အမြင့်ဆုံးရေမှတ်မှာ (၁၈-၈-၂၀၀၂) ရက်နေ့တွင် တိုင်းတာရရှိသော ၉၃၆ စင်တီမီတာဖြစ်သည်။

**ငဝန်မြစ်**


ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ်**


ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ကြေးမုံ**


**ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့၊ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ကရင်ပြည်နယ်၊ ဘားအံမြို့၊ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**■ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာမှ**

အလားတူ ပဲခူးမြို့ ဗုဒ္ဓအသံ သာသနာ့ဗိမာန်တော်ကြီး၌ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု လေးအုပ်စု၊ ကယ်ဆယ်ရေးစခန်း ၃၃ ခုတို့မှ လူဦးရေ ၂၇၂၉၄ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ငွေကျပ် ၁၃၆၀၄၆၄၀၀၊ ငါးသေတ္တာဘူး၊ ခေါက်ဆွဲခြောက်ထုပ်၊ ဆီဘူး တန်ဖိုးငွေကျပ် ၁၂၀၃၇၁၈၀၊ တန်ဖိုးငွေကျပ် ၂၃ သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၀၀၊ ရေဘေးသင့်သေဆုံးသူ နှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်း၊ ထောက်ပံ့ရေးပစ္စည်း ခြောက်မျိုး အိမ်ထောင်စု ၁၀၀၀ အတွက် တန်ဖိုးငွေကျပ် ၁၂၄၈၀၀၀ ထောက်ပံ့ပေးအပ်ထားသည်။

**သတင်းစဉ်**

# လမ်းမှန် ကမ်းမှန်

**မောင်ငြိမ်းအေး**

လမ်းမှန် ကမ်းမှန်ဆိုသည်မှာ လုပ်ငန်းပိုင်းဆိုင်ရာ၊ လုပ်ထုံးလုပ်နည်း နည်းစနစ်တို့ကို ဆိုလိုခြင်းမဟုတ်။ မျက်မှောက်ကာလ အခြေအနေအချိန်အခါအရ ရေကြီးရေလျှံမှုများအကြား ရေကြောင်းခရီးသွားလာနေကြသော ခရီးသွားပြည်သူတို့အတွက် ရည်ညွှန်းပါသည်။ လမ်းဆိုသည်မှာ မိမိတို့သွားလာသင့်သည့်လမ်း၊ ကမ်းဆိုသည်မှာ မိမိတို့ဆိုက်ရောက်သင့်သည့် ကမ်းကို ဆိုချင်သည်။

ပုံမှန်အားဖြင့် သွားလာရာလမ်း၊ ဆိုက်ရောက်ရာနေရာ ကမ်းတို့မည်သည် ခရီးသွားပြည်သူတို့နှင့် (စက်တပ်ယာဉ်) မောင်းနှင်သူတို့အတွက် ဖြောင့်ဖြောင့်ဖြူးဖြူးဖြင့် အလွယ်တကူ မြင်တွေ့သွားလာနိုင်ပြီး ဘေးအန္တရာယ်ကင်းဝေးသည်။ ပုံမှန်မဟုတ်သောကာလ၊ ယခုကဲ့သို့ ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့နေရသောကာလတို့၌ လမ်းခရီးတစ်ခွင် ရေပြင်ကျယ်ကြီး လွှမ်းခြုံဖုံးအုပ်ထားပြီး ကမ်းမမြင်၊ လမ်းမမြင် ဖြစ်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

မိမိတို့ ခရီးဆက်ရာလမ်း၊ မိမိတို့ရပ်တည်ရာ အနီးပတ်ဝန်းကျင်ဒေသများ လမ်းပျောက်၊ ကမ်းပျောက် ပိတ်ဖုံးသွားသည်ဆိုပါက မိမိတို့အတွက် အန္တရာယ်ရှိသည်ဟု မှတ်ယူသင့်သည်။ ဤနေရာတွင် ၂၀၁၄ ခုနှစ် ကာလက မောင်ငြိမ်းအေးကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို တင်ပြလိုသည်။ ယခုလို မိုးရာသီကာလ၌ လုပ်ငန်းတာဝန်ဖြင့် ရန်ကုန်မှ ပုသိမ်သို့ ဌာနယာဉ်ဖြင့် ခရီးထွက်ခဲ့သည်။ ထိုအချိန်က ဧရာဝတီတိုင်းဒေသကြီးတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသော်လည်း မောင်ငြိမ်းအေး အပါအဝင် ခရီးသွားပြည်သူများ ရေကြီးရေလျှံမှုဖြစ်စဉ်များကို သတိမမူကြ။ ကိုယ့်ကိစ္စ၊ ကိုယ့်အကြောင်းနှင့်ကိုယ် ခရီးဆက်ခဲ့ကြသည်။

ခရီးမထွက်မီက ဒေသအခြေအနေကို မည်သူမျှလည်း အသိမပေး၊ တော့သည်။ မောင်ငြိမ်းအေးတို့အဖွဲ့ ကင်မရာများ၊ လက်ကိုင်ဖုန်းများကို မြှောက်ကိုင်ကာ ရေထဲသို့ ကျွမ်းပြန်ကျသွားသည်။ ကံကောင်းထောက်မ၍ ရေပြင်အတွင်းမှ သစ်ပင်တစ်ပင်ကို တွယ်ဖက်ကာ ကယ်တင်ရှင်ကို မျှော်ရသည်။ ကမ်းမမြင် လမ်းမမြင် အဝေးတစ်နေရာမှ လူတစ်စုကို ကယ်ပါ ယူပါ တစာစာ အော်ခေါ်ကြရသည်။ ၁၅ မိနစ်ခန့်အကြာတွင် လှေငယ်တစ်စင်းဖြင့် လူငယ်တစ်ဦး မောင်ငြိမ်းအေးတို့ကို ကယ်ဆယ်နိုင်ခဲ့သည်။

“မောင်မင်းကြီးသား ကယ်ဆယ်ပေလို့ အသက်မသေရတာ။ လှေခကြိုက်သလောက်ယူပါ”ဟု ပြောဆိုသော်လည်း “ဦးလေးတို့ ကံကောင်းတယ်။ ရှေ့နားက ရေစူးထိုးနေတဲ့အောက်မှာ ကျားပါးစပ်ရှိတယ်။ အဲဒီနားရောက်ရင် ပြန်လမ်းမရှိတော့ဘူး။ ကူညီတာပါ။ ပေးချင်ရင် ကျပ် ၂၀၀ ပဲပေးပါ”ဟု ရိုးရိုးသားသား ပြန်ဖြေကြားသည်။ မောင်ငြိမ်းအေးတို့ကဲ့သို့ အခြားဒုက္ခရောက်ကြသော လှေကြုံစီးခရီးသည်များကိုလည်း တွေ့ရသည်။ ရွာသူရွာသားများမှာ ဒုက္ခရောက်နေသော ခရီးသွားများအား ဝိုင်းဝန်းကူညီနေကြသည်။ ဤနေရာတွင် မကြာမီက လှေမှောက်၍ ကျောင်းသား သုံးဦး အသက်ဆုံးခဲ့ရသည်။

ကမ်းမမြင် လမ်းမမြင်သည့် ရေပြင်ကျယ်ကြီးမှာ အန္တရာယ်များလှသည်။ ခရီးသွားများမှာ ဘုမသိ ဘမသိ အန္တရာယ်ကိုမမြင်၊ လိုရာခရီးသို့ သွားချင်စိတ်သာရှိကြသည်။ ဒုက္ခရောက်နေချိန်တွင် ဖြူစင်သော စေတနာဖြင့် ကူညီစောင့်ရှောက်ပေးကြသော ရွာသားများမှာ မမေ့နိုင်စရာပင်။ ရေအောက်တွင် ဘာရှိမှန်းမသိ၊ ရေကြောင်းအမှန် ဘယ်မှာမှန်းမသိ၊ ရေတက်ချိန်၊ ရေကျချိန် နားမလည်သော ခရီးသွားပြည်သူများ သတိထားသင့်သည်။ ယခု မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံဖြစ်ပွားနေချိန်တွင်လည်း ဤသို့ပင် သတိမူသင့်သည်။



မောင်ငြိမ်းအေးကိုယ်တိုင်လည်း မစုံစမ်း၊ ရန်ကုန်မှ ညောင်တုန်း ခရီးလမ်းတစ်လျှောက်တွင်လည်း ရှေ့တွင် ရေကြီးနေသည်ဟု မည်သူမျှလည်း မပြော၊ မောင်ငြိမ်းအေးတို့သာမက ကိုယ်ပိုင်ယာဉ်၊ ခရီးသည်ယာဉ်အားလုံး ပျော်ပျော်ကြီးသာ ခရီးဆက်ခဲ့ကြသည်။ ကန်ကြီးထောင့်ရောက်သည်နှင့် ရန်ကုန်-ပုသိမ်လမ်း ရေကျော်နေသည်ကို တွေ့လိုက်ရသည်။ မောင်ငြိမ်းအေးနှင့် ခရီးသွားပြည်သူအားလုံး မည်သူမျှ မတုန်လှုပ်၊ လိုရာခရီး ပုသိမ်သို့ရောက်ရန် ခရီးဆက်ကြသည်။ ပုသိမ်မရောက်မီ ဒါးကမြို့ပတ်ဝန်းကျင်တွင် ရေအတော်မြုပ်နေသည်ကို တွေ့ရသည်။ မရမကဖြတ်သန်းနေသော မော်တော်ယာဉ်များ ဆက်လက်ခရီးမဆက်နိုင်တော့ဘဲ ရေလွတ်ရာတွင် ယာဉ်များထားကာ ကူးတို့လှေများဖြင့် ကားပြောင်းစီးမည့်နေရာသို့ ကူးကြသည်။

ဤတွင် ပြဿနာမရှိသေး။ ရေတက်စဖြစ်သည်။ ပုသိမ်မှအပြန် ကားလမ်းစပ် ကူးတို့လှေဆိပ်မှ ဒါးကအလွန် မောင်ငြိမ်းအေးတို့ ယာဉ်များ ရပ်ထားရာနေရာသို့ ပြန်ကြသည်။ ကျေးရွာသားများက လှေများကိုယ်စီဖြင့် ခရီးသည်များ ပို့ဆောင်ပေးနေကြရာ စီးပွားရေးတွက်ခြေကိုက်ကြသည်။ အချို့ လူတစ်ဦး ကျပ် ၂၀၀ ယူသည်။ အချို့ ကျပ် ၅၀၀ ယူကြသည်။ ခရီးသွားများမှာ လိုရာခရီးရောက်လိုဇောဖြင့် ၂၀၀ လည်းမမြင်၊ ၅၀၀ လည်း မကြည့်၊ အန္တရာယ်လည်းမမြင် ဆန္ဒဇောဖြင့် အလုအယက်စီးကြသည်။ ပြဿနာမှာ ပင်လယ်ပြင်ကြီးကဲ့သို့ ရေလွှမ်းပြင်ကြီးဖြစ်နေချိန်တွင် ဝဝန်မြစ်ကမ်း တာကျိုးပေါက်၍ ရေများ ဒလဟောစီးဝင်နေခြင်းပင်ဖြစ်သည်။ ခရီးသည် ကူးတို့လှေများမှာ ဟိုတစ်စင်း၊ သည်တစ်စင်း ရေပြင်ကျယ်ကြီးတွင် မှန်းဆ၍ လှော်ခတ်နေကြသည်။

ခါတော်မီစီးပွားရှာကြသော လှေသမားများတွင် လှေသမားစစ်စစ် မဟုတ်သူများ ပါလာကြသည်။ ကံဆိုးသူ မောင်ငြိမ်းအေးတို့ သတင်းအဖွဲ့မှာ လှေသမားအစစ်မဟုတ်သည့် လှေအသစ်ဖြင့် စီးနင်းလိုက်ပါလာကြသည်။ ရေကြောင်းလည်းမသိ၊ ရေလမ်းလည်းမမြင်၊ ရေအောက်တွင် ဘာရှိမှန်းလည်း မသိ လိုက်ပါလာကြသည်။ တစ်နေရာတွင် ဝဲကတော့နှင့် ရေစူးထိုးနှင့် တိုးပါတော့သည်။ သတင်းသမားတို့ ဗဟုသုတဖြင့် ရေစူး၊ ရေထိုးကို “လှေဦးနဲ့တိုး၊ လှေဦးနဲ့တိုး”ဟု လှေသမားကို သတိပေးသော်လည်း နောက်ကျသွားခဲ့သည်။ ရေထိုးမှာ လှေခါးလယ်ပိုင်းကို တိုးပြီး တိမ်းစောင်းမှောက်သွား

ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမပေါ်ရှိ ဘီးလင်းမြို့နယ်အတွင်း ပြီးခဲ့သည့်ရက်က ကားလမ်းရေကျော်နေသဖြင့် ခရီးသည်ယာဉ်များ ရာချီ ပိတ်မိနေခဲ့သည်။ ခရီးသည်များ ရာချီ၍ ညအိပ်ညနေ သောင်တင်နေခဲ့သည်။ အချို့ခရီးသည်များမှာ စိတ်မရှည်သဖြင့် လိုရာခရီးသို့ စက်တပ်လှေများဖြင့် ကူးပြောင်းထွက်ခွာကြသည်။ စက်တပ်လှေဟူသည်မှာ ယခုကဲ့သို့ရေကြီးချိန်တွင် လှေငယ်လေးများကို စက်တပ်၍ အရေးပေါ်မောင်းနှင်နိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ခရီးတွင် ခရီးသွားများမှာ လိုရာခရီးသို့ သွားလိုဇောဖြင့် အလုအယက်စီးနင်းကြသည်။ ယခုရေကြီးရေမြုပ်မှုဖြစ်စဉ်တွင် ပဲခူးနယ်တွင် နှစ်ဦးသေဆုံး၍ မွန်ပြည်နယ် ဘီးလင်းတွင် လှေမှောက်သဖြင့် သုံးဦး ပျောက်ဆုံးပြီး နှစ်ဦး ရေနစ်သေဆုံးခဲ့သည်။ ပြည်သူ လေးသောင်းကျော်ကို အရေးပေါ်ရွှေ့ပြောင်းကယ်ဆယ်ပေးထားရသည်။

ရေကြီးရေလျှံမှုဖြစ်စဉ်များမှာ မပြီးဆုံးသေးချေ။ ကားလမ်းများ ရေကျော်ကာ ကျေးရွာများ ရေနစ်မြုပ်နေဆဲဖြစ်သည်။ ယခုနှစ် ရေဘေးဒုက္ခရောက်သူ ပြည်သူများအား ယခင်နှစ်များနှင့်မတူ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက အင်တိုက်အားတိုက် ကူညီပေးနေကြသည်။ အထူးသဖြင့် ရေကြီးနစ်မြုပ်စဉ် ဒုက္ခရောက်သူပြည်သူများကို ပြည်သူအချင်းချင်း ရိုင်းပင်းကူညီပေးကြသည်မှာ အသိအမှတ် ပြုဖွယ်ဖြစ်သည်။

ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်နိုင်သော အန္တရာယ်အမျိုးမျိုးတို့ကို ကြိုတင်သိရှိထားသင့်သည်။ ရပ်ရွာများတွင် လျှပ်စစ်နှင့် အခြားမမြင်နိုင်သော အန္တရာယ်များ၊ ကားလမ်းမများပျောက်၍ ကမ်းမမြင် လမ်းမမြင်ဘဲ စမ်းတဝါးဝါး သွားလာကြသဖြင့် ကြုံတွေ့နိုင်သော အန္တရာယ်များကို သတိထားသင့်သည်။ ရေကြီးရေလျှံနေစဉ် ထပ်မံပေါ်ပေါက်လာမည့်ရေထိုးအန္တရာယ်များ၊ တောင်ပြို လမ်းပျက်အန္တရာယ်များအား သက်ဆိုင်ရာတို့မှ ကြိုတင်သတိပေးပြီး ကယ်ဆယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။

ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်တွင် ဖြတ်သန်းသွားလာကြသော ပြည်သူများ၊ ရေကြီးရေလျှံမှုများကြားတွင် ရောက်ရှိနေသော ပြည်သူများ ကမ်းမှန်၊ လမ်းမှန် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မောင်ငြိမ်းအေးကဲ့သို့ မသေကောင်း မပျောက်ကောင်း ရေဘေးအန္တရာယ် မကျရောက်စေရေးအတွက် သတိပေးနှိုးဆော်လိုက်ရပါကြောင်း။ ။

❁ ကျောဖုံးမှ

တကယ်ကျေးဇူးတင်ပါတယ်”ဟု မော်လမြိုင်မြို့ ဖက်တန်းရပ်တွင် ဆီရောင်းချနေသော ဆီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လမ်းဦးစီးဌာနကလည်း ရန်ကုန်-မော်လမြိုင် ဘီးလင်းလမ်းပိုင်းအခြေအနေကို အချိန်နှင့်တစ်ပြေးညီစစ်ဆေးဆောင်ရွက်ခဲ့ပြီး လမ်းတံတားကြံ့ခိုင်မှုစစ်ဆေးခြင်းများ၊ ဖယ်ရှားရှင်းလင်းခြင်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြောင်း ဘီးလင်းမြို့နယ် ကွပ်ကဲရေးရုံးမှ သိရသည်။

ပြီးခဲ့သည့် ဇူလိုင် ၂၆ ရက်မှစတင်၍ ဘုရားကြီး-မော်လမြိုင်-ထားဝယ်-ကော့သောင်းအဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထားခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေး ယာယီပြတ်တောက်ခဲ့ရသောကြောင့် မွန်ပြည်နယ်အတွင်း စားနပ်ရိက္ခာနှင့် စက်သုံးဆီများ လုံလောက်မှုရှိစေရေးကို စီစဉ်ဆောင်ရွက်ထားရှိခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် အဝေးပြေးလမ်းမကြီးပေါ်၌ ရေပြန်လည်ကျဆင်းနေပြီဖြစ်သည့်အတွက် ထားဝယ်-မော်လမြိုင်-ရန်ကုန်အဝေးပြေးလမ်းမကြီး ရေကျော်မှုဖြစ်ပွားသည့် နေရာများကို လမ်းတံတားပညာရှင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ စုဖွဲ့ပြီး လမ်းကြံ့ခိုင်မှုအခြေအနေ၊ တံတားကြံ့ခိုင်မှုအခြေအနေများနှင့် ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်မှုအခြေအနေများကို အန္တရာယ် ရှိ၊ မရှိစစ်ဆေးခဲ့ကာ ဘေးအန္တရာယ်ကင်းရှင်းနေပြီဖြစ်၍ တာဝန်ရှိသူများက ယာဉ်များကို ဖြတ်သန်းသွားလာခွင့်ပြုခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

## Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**မန္တလေး ဇူလိုင် ၃၀**

ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့၌ ကျင်းပမည့် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲမှ အိမ်ရှင်မြန်မာအသင်း ယှဉ်ပြိုင်မည့် ပွဲစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုသုံးပွဲစလုံးကို ညနေ ၆ နာရီတွင် ဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်း ယှဉ်ပြိုင်သည့် ပွဲများကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး အခြားပွဲများကို For-sports ရုပ်သံလိုင်းမှ ပြသမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁ ရက်တွင် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဩဂုတ် ၃ ရက်တွင် ဘာရိန်း ယူ-၂၃ အသင်း၊ ဩဂုတ် ၅ ရက်တွင် ထိုင်း ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

ဒို့ကျေးရွာဂျာနယ် အတွဲ (၁၅)၊ အမှတ်(၁၅) ထုတ်ဝေဖြန့်ချိ

ဩဂုတ်လ ၁ ရက်နေ့တွင် ထွက်ရှိမည့် ဂျာနယ်တွင်

- ရေလုပ်သားများ၏ ဘဝလုံခြုံမှု စားဝတ်နေရေးဖူလုံမှုအတွက် ခိုင်မာသည့် ဥပဒေရှိရန် လိုအပ်
- ပညာရွှေအိုး လူ့တန်ဖိုး ဆောင်းပါး
- ပိုးသတ်ဆေးအတုအန္တရာယ် သတိပြုဖွယ် ဆောင်းပါး
- အိမ်ခြံဝင်းစိုက်ပျိုးရေးနှင့် မိသားစုကျန်းမာရေး ဆောင်းပါး
- သက်ငယ်မုဒိမ်းပပျောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ပြည်သူ့စကားဝိုင်းမှ စကားသံများ
- စီးပွားအောင်မြင် ကံကောင်းချင်လျှင် ဆောင်းပါး
- ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်
- အိပ်မက်မက်ခဲ့ဖူးသော ရွာတစ်ရွာ သို့မဟုတ် ဘုံလုံချောင်းကျေးရွာ
- ငါးမျိုးများ မပြုန်းတီးစေဖို့ ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းကို တားဆီးကြပါစို့
- ကဏန်းဝယ်လိုအားကောင်းသော်လည်း မွေးမြူထုတ်လုပ်မှုများ သိသာစွာ ကျဆင်းလျက်ရှိ
- သားသားမီးမီး ကျန်းမာရေး မေမေ့နှီးရှိုတိုက်ကျွေးပေး
- လူအများစုကို ဆိုးဆိုးရွားရွား အန္တရာယ်ပေးနိုင်သည့် ခြင် အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒို့ကျေးရွာပေးစာများ၊ နိုင်ငံတကာ မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည်တို့ကို စုံစုံလင်လင် ဖတ်ရှုရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၇/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးကွက်သစ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်သူ အမြောက်အမြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်ရှိ မသန်းသန်းစိုး(ခ)မိငယ်အား ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား) မယ(ပ) ၉၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ ဈေးတောင်ဘက် ဒေါ်အေးကြည် လက်ဖက်ရည်ဆိုင်နှင့် ကပ်လျက် ပလတ်စတစ်အိတ်ခွံမျိုးစုံ ရောင်းဝယ်နေသော လူတစ်စုမှ ဆေးပြားများ ရောင်းဝယ်နေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၈ ရက်နေ့တွင် ရမည်းသင်းမြို့၊ ဒေါ်အေးကြည် လက်ဖက်ရည်ဆိုင်နှင့်ကပ်လျက် အိတ်ခွံမျိုးစုံ ရောင်းဝယ်ရေးဆိုင်အတွင်းမှ လပြည့်ဖြိုး(ခ)ပိုးတီကောင် (၁၉)နှစ်၊ (ဘ)ဦးတိုးတိုးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရမည်းသင်း) မယ(ပ) ၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မြို့မရပ်ကွက်ကြီး၊ ပန်းတိမ်ရပ်၊ သီလဝလမ်းသွယ်နေ ကောင်းမြတ်စိုး (၂၁)နှစ်၊ (ဘ)ဦးမြဟန်အား 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ကောင်းမြတ်စိုးနှင့် လပြည့်ဖြိုး (ခ)ပိုးတီကောင်တို့အား မမစ(ရမည်းသင်း)မယ(ပ) ၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ အနောက်ရွာတွင် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၈ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့အနောက်ရွာနေ ဦးတင်ထွန်း (၅၂)နှစ်၊ (ဘ) ဦးဘိုရွှေ၏ နေအိမ်တွင် ၎င်းနှင့် တစ်ရွာတည်းနေ အောင်မြင့်ဦး (၂၁)နှစ်၊ (ဘ) ဦးသာထွန်း၊ မျိုးသန်းကျော် (၂၄)နှစ်၊ (ဘ) ဦးမြင့်ဆွေတို့ သုံးဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ) ၃၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အုန်းတောရပ်ကွက်၊ အုန်းတော(၁)လမ်းနေ ဦးမောင်ဇော်နှင့် ဇနီးဖြစ်သူ မသန္တာလင်းတို့သည် မူးယစ်ဆေးဝါးအကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း၊ ညစဉ်ညတိုင်း ဖြန့်ဖြူးကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၁၈ ရက်နေ့တွင် တောင်တွင်းကြီးမြို့၊ အုန်းတော(၂) ရပ်ကွက်၊ အုန်းတော(၁)လမ်းရှိ၊ မောင်ဇော်(ခ) ခင်မောင်ဇော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး၊ အခြားဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း မောင်ဇော်(ခ) ခင်မောင်ဇော်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ သယ်ဆောင်ရောင်းချမှု ကျော်စောမှုဖြင့် အရေးယူဆောင်ရွက်ရန် တောင်တွင်းကြီးမြို့နယ်၊ စီမံခန့်ခွဲမှုကော်မတီ၏ ၂၃-၇-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၃/၁-၅(၀၀၁)/ဦး ၆ ဖြင့် အကြောင်းပြန်ကြားခဲ့သဖြင့် မောင်ဇော်(ခ) ခင်မောင်ဇော်အား မမစ (တောင်တွင်းကြီး) မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၂၅(က) ဖြင့် အမှုဖွင့်၍ ဆက်လက်စစ်ဆေးအရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ရွှေဂဲညိုကျေးရွာနေ မျိုးအောင်သည် မူးယစ်ဆေးဝါးရောင်းချနေသည်မှာ (၄) နှစ်ခန့် ကြာမြင့်ပြီဖြစ်ကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ရွှေဂဲညိုကျေးရွာ၊ ရပ်ကွက်(၁)ရှိ မျိုးအောင်(၄၀)နှစ်၊ (ဘ) ဦးမောင်လွင်အား WY စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မဏ္ဍိုင်) မယ(ပ)၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အထကကျောင်းဘေးတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၁၈ ရက်နေ့တွင် ဆွာမြို့တောင်ပိုင်း၊ ကျောင်းအနီး၊ အမှတ်(၆)ရပ်ကွက်ရှိ သတင်းရရှိသော ခင်လေးသိန်း (ခ) ချောချော(၃၈)နှစ်၊ (ဘ)ဦးသိန်းငွေ၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနှင့်အတူ သန့်ဇင်ဝင်း (၄၃)နှစ်၊ (ဘ) ဦးဝင်းစိန်၊ အမှတ်(၄-က)ရပ်ကွက်၊ ဆွာမြို့နေသူတို့ နှစ်ဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆွာ) မယ(ပ)၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်အတွင်း စုံစမ်းဆောင်ရွက်စဉ် မြတ်လင်းနှင့် ဟိန်းမင်းဖြိုးတို့ နှစ်ဦးသည် ရွှေဘုံသာရပ်ကွက်ရှိ ဦးမျိုးသန့်၏ ဥယျာဉ်ခြံအတွင်းသို့ ဝင်/ထွက် သွားလာမှုများ မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စောင့်ဆိုင်းနေစဉ် မြတ်လင်း(၂၉)နှစ်၊ (ဘ)ဦးသန်းငွေ၊ ဟိန်းမင်းဖြိုး (၂၉)နှစ်၊ (ဘ) ဦးထွန်းအေးနှင့် ညီညီဇော်(၃၃)နှစ်၊ (ဘ)ဦးမောင်အေးတို့ သုံးဦးအား WY စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ(ပ)၁၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀ (က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဦးမျိုးသန့် (၅၃)နှစ်၊ (ဘ)ဦးမန်း၊ ရွှေဘုံသာရပ်ကွက်နေသူ၏ ဥယျာဉ်ခြံအတွင်းရှိ နေအိမ်တဲအား ဝင်ရောက်ရှာဖွေရာ WY စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မျိုးသန့်၊ မြတ်လင်း၊ ဟိန်းမင်းဖြိုး၊ ညီညီဇော်တို့ (၄)ဦးအား မမစ(ဘုတ်ပြင်း) မယ (ပ)၂၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ညောင်ဝိုင်းကျေးရွာနေ မတင်တင်မိုးနှင့် ၎င်း၏ညီမဖြစ်သူ မစန္ဒာမိုးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ရက်နေ့တွင်မအူပင်မြို့နယ်၊ ညောင်ဝိုင်းကျေးရွာရှိ မတင်တင်မိုး(၃၅)နှစ်၊ (ဘ)ဦးတင်စိုးနှင့် ညီမဖြစ်သူ မစန္ဒာမိုး (၂၈)နှစ်၊ (ဘ)ဦးတင်စိုးတို့ နှစ်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ထိုသို့ ရှာဖွေစဉ် မတင်တင်မိုးက ဖမ်းဆီးရေးအဖွဲ့အား မီးဖိုချောင်သုံး စတီးဓားကိုင်ကာ ရန်ပြုခဲ့၍ ဝိုင်းဝန်းထိန်းသိမ်းနေစဉ် ၎င်း၏ အိပ်ခန်းအတွင်း၌ အမျိုးသမီးတပ်ဖွဲ့ဝင် ဒုရဲအုပ် နွယ်နွယ်ယဉ်နှင့် ရဲတပ်သားမြတ်စုထွေးတို့က ၎င်း၏ခန္ဓာကိုယ်အား ရှာဖွေရန်ပြုလုပ်စဉ် သနပ်ခါးတုံးဖြင့် ထုရိုက်ခဲ့၍ ဒုရဲအုပ် နွယ်နွယ်ယဉ်တွင် ယာနဖူးအထက်တွင် တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များအား တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် အန္တရာယ်ဖြစ်စေလောက်သည်အထိ ပြန်လည်ဆောင်ရွက်သူ မတင်တင်မိုးအား မမစ (မအူပင်) (ပ) ၆၁၆/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၃၃ ဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ မတင်တင်မိုးနှင့် မစန္ဒာမိုးတို့ နှစ်ဦးအား မမစ (မအူပင်) မယ (ပ)၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နတ်နန်းအုပ်စု၊ မှိုတောက်ကျေးရွာနေ ကျော်ငွေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ နတ်နန်းကျေးရွာ အုပ်စု၊ မှိုတောက်ကျေးရွာနေ ကျော်ငွေး(၃၆)နှစ်၊ (ဘ)ဦးစံဖေအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဟုမ္မလင်း) မယ(ပ) ၆၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး နယ်စပ် လွှစင်ရွာတစ်ရွာလုံး သုံးစွဲခြင်း၊ ဖြန့်ဝေခြင်း အဓိက လုပ်ကိုင်နေကြပြီး ခေါင်းစွဲရွာ၊ ရွာတော်၊ ကျွန်းတော၊ ညောင်ကုန်းရွာများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သတင်းပေးပို့ခြင်း။ | ရဲတပ်ဖွဲ့ဝင်အင်အား (၂၀၀) ကျော်ဖြင့် ၁၈-၇-၂၀၁၈ ရက်နေ့မှစ၍ နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ တရားခံ ကျားလေးဦးအား မူးယစ်ဆေးဝါး ဘိန်းဖြူများ၊ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆေးခြောက်များ၊ ဘိန်းချေးခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အမှုခြောက်မှု ဖွင့်လှစ်အရေးယူထားကြောင်းအား ၂၃-၇-၂၀၁၈ ရက်နေ့ သတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။ ကွင်းဆက်ဖော်ထုတ်ချက်အရ ၂၃-၇-၂၀၁၈ ရက်နေ့ ထပ်မံစစ်ဆေးရှင်းလင်းစဉ် ပေပင်ရှည်ကျေးရွာအုပ်စု၊ ပေပင်ကျေးရွာနေ ကျော်ကြီး(၃၁)နှစ်၊ (ဘ)ဦးသာအေးအား 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ခါးချိုးလေသေနတ် (၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ (ညောင်ကုန်း) မယ (ပ)၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ကုန်းဝါးရုံသာကျေးရွာနေ ဦးမြအောင်နှင့် ဦးဝင်းမောင်တို့မှာ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၈ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ကုန်းဝါးရုံသာ ကျေးရွာ၌ စိစစ်စစ်ဆေးနေစဉ် မြအောင် (၅၆)နှစ်၊ (ဘ) ဦးမောင်တင်အား ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာရှိ အောင်သန်း (၇၅)နှစ်၊ (ဘ) ဦးဘဂျမ်း၏ နေအိမ်၌ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ဝင်းမောင် (၅၆)နှစ်၊ (ဘ)ဦးထွန်းလှ၊ ကျော်ငွေး (၄၃)နှစ်၊ (ဘ) ဦးဘလှိုင်၊ သန်းငွေဝင်း (၄၅)နှစ်၊ (ဘ)ဦးစံသိန်းနှင့် ကျော်ဆန်းမင်း(ခ)ကွန်ဖူး (၃၁)နှစ်၊ (ဘ)ဦးကျော်ဆွေတို့ ငါးဦးအား ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၁၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်အုပ်စု၊ သက္ကယ်တောင်ရွာနေ သိန်းစိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်အုပ်စု၊သက္ကယ်တောင်ကျေးရွာနေ ဦးသိန်းစိုး(၅၀)နှစ်၊ (ဘ) ဦးကြီးမြင့်အား ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မိုင်းကိုင်) မယ(ပ) ၄၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ ရွှေဂဲညိုကျေးရွာအုပ်စု၊ ရွှေဂဲညိုကျေးရွာနေ စိုင်းနေအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ ရွှေဂဲညိုကျေးရွာ၊ ရပ်ကွက်(၃)နေ စိုင်းနေအောင် (၃၂)နှစ်၊ (ဘ) ဦးလှအောင်အား ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မဏ္ဍိုင်) မယ(ပ)၁၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်းမြို့၊ ကော့မုပွန်ကျေးရွာနေ ဦးဘခင်သည် ၎င်း၏ ခြံထဲတွင် ဘိန်းစာရွက်ပင်များ စိုက်ပျိုးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ ကော့မုပွန်ကျေးရွာ၊ ရပ်ကွက်(၆)၊ အမှတ်(၂၆၅)ရှိ ဦးဘခင် (၆၄)နှစ်၊ (ဘ)ဦးဂုံခြံအား စစ်ဆေးရာ ဘိန်းစာပျိုးပင်(၄)ပင်၊ ခြံစည်းရိုးအနီးမှ အမြင့်(၁၅)ပေ (၃)လက်မ၊ လုံးပတ်(၈)လက်မခွဲခန့်ရှိ ဘိန်းစာရွက်ပင် (၁)ပင်နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ချောင်းဆုံ) မယ(ပ)၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(က)/၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရှမ်းပြည်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ကွတ်ခိုင်မြို့၊ ရပ်ကွက်(၈)၊ မဟာသာသနာ့ရိပ်သာလမ်းနှင့် သချိုင်းကုန်းသွားလမ်းဆုံ၌ စောင့်ဆိုင်းစိစစ်နေစဉ် အိုက်စံ(၃၀)နှစ်၊ (ဘ)ဦးခွန်စံ၊ ဟိုကျန့်ရွာအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၆၅/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ စိစစ်ရာ အိုက်ဆာ (၄၀)နှစ်၊ (ဘ)ဦးအိုက်လေ့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ) ၆၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ လုံဇေ(၄၀)နှစ်၊ (ဘ) ဦးခေါင်လုံးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၆၇/၂၀၁၈၊ မူး/စိတ် ၁၉(က) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၂၄-၇-၂၀၁၈ ရက်နေ့တွင် ရပ်ကွက်(၈)၊ ခိုလုံသွားလမ်း၊ ခိုလုံရေကန်အနီး၌ စောင့်ဆိုင်းနေစဉ် လောက်ဟယ်(ခ) မင်လောက်ဟယ်(၅၀)နှစ်၊ (ဘ)ဦးမင်ချီဟွမ်အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၆၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ၂၆-၇-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့နယ်၊ မန်ပန်ကျေးရွာ၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ မိုင်တိုင်အမှတ် (၂၂၃/၃)အနီး ရှင်းလင်းရှာဖွေစဉ် အိုက်ရီဘုံ (၃၁)နှစ်၊ (ဘ) ဦးလအိုင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မယ(ပ)၆၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ အိုက်ဆမ်(ခ)အားရွှင်း (၄၂)နှစ်၊ (ဘ) ဦးအိုက်လေးပါအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ (ပ)၇၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ၂၈-၇-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)၊ တရုတ်သချိုင်းကုန်းအနီး စောင့်ဆိုင်းနေစဉ် လမ်းမပေါ်၌ ဇော်ဘုံ (၂၆)နှစ်၊ (ဘ) ဦးဇော်အောင်၊ ဟိုနမ့်ကျေးရွာနေသူအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ (ပ)၇၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ပိတောက်ချပ်ရပ်ကွက်နေ ဒေါ်ခင်စန်းဝင်း၏ နေအိမ်တောင်ဘက်ရှိတဲတွင် ဘိန်းမည်းထုပ်များ ဝှက်ထားကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ ရက်နေ့တွင် စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၊ ပိတောက်ချပ်ရပ်ကွက်၊ အမှတ်(၂၄)နေ ဒေါ်ခင်စန်းဝင်း (၅၈)နှစ်၊ (ဘ) ဦးဘသောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်ခင်ပွန်းဖြစ်သူ ဦးသောင်းလှ (၆၅)နှစ်၊ (ဘ) ဦးပလူနှင့် ဦးဝင်းဗိုလ်(၅၀)နှစ်၊ (ဘ) ဦးတင်မောင်၊ ပေါက်ကုန်းကျေးရွာနေသူနှင့် ကိုသိန်းသိန်းဝင်း (၂၂)နှစ်၊ (ဘ)ဦးဇော်ဝင်း၊ အုတ်ခြောက်လုံးကျေးရွာနေသူတို့ (၄)ဦးအား ဘိန်းစိမ်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လက်ပံလှ) မယ(ပ)၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ကျန်စစ်သားလမ်းတွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်နေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၁၈ ရက်နေ့ ၁၆း၄၅ အချိန် ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ကျန်စစ်သားလမ်းအတွင်း စိစစ်နေချိန် လွင်မိုးအောင် (ခ)ကုလားလေး (၂၅)နှစ်၊ (ဘ)ဦးတင်ငွေအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒလ) မယ(ပ)၂၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသစ်ကုန်းကျေးရွာရှိ ဦးဖိုးကာသည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၇-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသစ်ကုန်းကျေးရွာ၏ မြောက်ဘက်(၂)မိုင်ခန့်အကွာရှိ ဖိုးကာ (၄၇)နှစ်၊ (ဘ) ဦးကျော်လင်း၏ လယ်စောင့်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကောက်ကွေ့ကျေးရွာနေ ချစ်ဦး (၄၁)နှစ်၊ (ဘ) ဦးသောင်းဖေတို့အား တွေ့ရှိရပြီး ဖိုးကာမှာ အသာတကြည် အဖမ်းခံသော်လည်း ချစ်ဦးမှာ တဲပေါ်မှ ခုန်ချပြီး ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ချစ်ဦးက အသင့်ပါလာသော ဓားဖြင့် လိုက်လံဖမ်းဆီးသည့် ရဲတပ်သား ဟိန်းထက်အောင်အား ပြန်လည်ခုခံရန်ပြုသောကြောင့် ခုခံကာကွယ်ပိုင်ခွင့်အရ ရဲတပ်သား ဟိန်းထက်အောင်က အသင့်ပါလာသော သေနတ်ဖြင့် (၁)ချက် ခြောက်လှန့်ပစ်ခတ်သော်လည်း ဆက်လက်အတင်းဝင်ရောက် ဓားဖြင့်ထိုးသဖြင့် ၎င်း၏ ခါးအောက်ပိုင်းသို့ (၂)ချက် ပစ်ခတ်ဖမ်းဆီးခဲ့ရာ ချစ်ဦး၏ ဝဲ/ယာခြေထောက်တို့တွင် ဒဏ်ရာ(၁)ချက်စီ (မစိုးရိမ်ရ)ရရှိ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ ခန္ဓာကိုယ်တွင် လွယ်ထားသော လွယ်အိတ်အတွင်းနှင့် ဖိုးကာ၏ လယ်စောင့်တဲအတွင်းမှ ဘိန်းဖြူများနှင့် တဲအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများအား ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဖောင်းပြင်) မယ(ပ) ၅၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀/၂၂ (ခ) ဖြင့်လည်းကောင်း၊ တရားခံ ချစ်ဦးအား မမစ (ဖောင်းပြင်) (ပ)၈၁/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၇ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၉ | တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှမ်းပို့ကျေးရွာ၊ ဝါးတန်း(၃)လမ်း၊ အခန်း(၅၀)နေ ဦးမင်းလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၁၈ ရက်နေ့တွင် ပုလောမြို့နယ်၊ ရှမ်းပို့ကျေးရွာ၊ ဝါးတန်း(၃)လမ်းနေ မင်းလွင် (၅၀)နှစ်၊ (ဘ) ဦးတင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ဇနီးဖြစ်သူ မမွှေး (ခ) မမွှေးရှင် (၄၂)နှစ်၊ (ဘ) ဦးထွန်းရှင်၊ သားဖြစ်သူ ပိုင်ဦး(ခ) မင်းပိုင်ဦး (၂၂)နှစ်တို့ (၃)ဦးအား ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလော) မယ(ပ)၂၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။ |
| ၂၀ | မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကျောရွာရှိ "ရွှေဘော်ဒါ" စားသောက်ဆိုင်မှ ဦးလှမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ ဆီဆိုင်မျက်စောင်းထိုးတွင် ကားဝပ်ရှော့ ဖွင့်လှစ်ထားသော သိန်းစိုးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၇-၂၀၁၈ ရက်နေ့တွင် ကျောမြို့၊ အမှတ်(၃) ရပ်ကွက်ရှိ ဦးလှမြင့် (၄၂)နှစ်၊ (ဘ) ဦးဘိုသန်း၏ ရွှေဝါထွန်း နေအိမ်စားသောက်ဆိုင်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်း မရှိဘဲ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင် (၃၉)နှစ်၊ (ဘ)ဦးရာခင်အား တွေ့ရှိရပြီး နေအိမ်စားသောက်ဆိုင် အိပ်ခန်းအတွင်းရှိ ဗီရိုအတွင်းမှ ဘိန်းဖြူများ၊ 88/1စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဒေါ်မြင့်မြင့်ခိုင်အား မမစ (ဂန့်ဂေါ) မယ (ပ)၅/၂၀၁၈၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ဆက်လက်၍ ကျောမြို့၊ အမှတ်(၁) ရပ်ကွက်ရှိ ဦးသိန်းစိုး (၄၀)နှစ်၊ (ဘ) ဦးချစ်ရှိန်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဂန့်ဂေါ) မယ(ပ)၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ၂၈-၇-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်အရ အမှုပေါင်း(၇၇)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၀၀)ဦး၊ မ(၁၉)ဦး၊ ပေါင်း(၁၁၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၉၃. ၁၂)ဂရမ်၊ ICE (၀. ၅၅)ဂရမ်၊ ဘိန်းမည်း(၃၀)ဂရမ်၊ ဘိန်းစိမ်း(၃၁၃၂၆)ဂရမ်၊ အဝတ်ဘိန်း(၁၀)ဂရမ်၊ ဘိန်းချေးခဲ(၂၄. ၅၀)ဂရမ်၊ ဘိန်းစာမှုန့်(၁၄၆၂)ဂရမ်၊ ဘိန်းစာရွက်(၃၂၆၆)ဂရမ်၊ စိတ်ကြွဆေးပြား (၁၇၃၇၅)ပြား၊ ဆေးခြောက်(၁၃၁. ၀၈)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို အထက်ဖော်ပြပါအတိုင်း စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်သတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ကြောင့် ယခုသီတင်းပတ် (၂၂-၇-၂၀၁၈ ရက်နေ့မှ ၂၈-၇-၂၀၁၈ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၂၃၂)မှုတွင် တရားခံ ကျား(၂၈၆)ဦး၊ မ(၅၁)ဦး၊ ပေါင်း(၃၃၇)ဦး ဖမ်းဆီးရမိခဲ့ပြီး ဘိန်းဖြူ(၉၃၇၀. ၀၀)ဂရမ်၊ ICE (၂၁၅၁. ၇၇)ဂရမ်၊ ဘိန်းစိမ်း (၅၄၉၂၄. ၉၆) ဂရမ်၊ အဝတ်ဘိန်း(၁၆. ၃၃)ဂရမ်၊ ဘိန်းစာမှုန့်(၁၀၅၄. ၆၅)ဂရမ်၊ စိတ်ကြွဆေးပြား (၁၀၇၁၃၉. ၅) ပြား၊ ဆေးခြောက် (၅၇၂. ၇၄)ဂရမ်၊ စိတ်ကြွဆေးပြားအမှုန့်(၁. ၁)ဂရမ်၊ ဘိန်းဖြူရည်(၀. ၀၀၂)လီတာ၊ အက်တက်စီ ဆေးပြားအမှုန့် (၀. ၃)ဂရမ်၊ ဗျူပရီနော်ဖင်းဆေးပြား(၆၀)၊ ဒိုင်ယာဇီပင်အရည် (၀. ၀၃)လီတာနှင့် တရာမဒေါလ် ဆေးပြား (၁၀၀)တို့ကိုလည်း သီးခြားအနေဖြင့် ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# မဒေါက်တာ ကျိုးပေါက်တယ်ဆိုတဲ့သတင်းဟာ ကောလာဟလသာဖြစ်ပြီး စစ်တောင်းမြစ်တာတစ်လျှောက် လုံးဝကျိုးပေါက်မှုမရှိပါဘူး

**ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်ရေကြီးမြင့်ခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိသည်။ အဆိုပါဒေသများရှိ ဆည်၊ တမံ၊ တာများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် လတ်တလောအခြေအနေများကို အများပြည်သူသိရှိစေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝေနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-**



ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝေ

**မေး။ ။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ ဒီရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုတွေဖြစ်ပေါ်နေပါတယ်။ ဒီဒေသတွေမှာရှိတဲ့ ဆည်တမံတွေရဲ့ အခြေအနေကိုသိပါရစေ။**

ဖြေ။ ။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းမှုနဲ့ ဒေသတွင်းမှာရှိတဲ့ အဓိကမြစ်ကြီးတွေက ဒီရေမြင့်တက်ချိန်နဲ့ တိုက်ဆိုင်ပြီး မြစ်ရေထောက်ကာ ကွင်းရေတွေ စီးမထွက်နိုင်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေရခြင်းဖြစ်ပါတယ်။

မွန်ပြည်နယ်မှာဆိုရင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံ ငါးခုရှိပါတယ်။ မော်လမြိုင်မြို့နယ်မှာ ရွှေနတ်တောင် ရေလှောင်တမံ၊ မုဒုံမြို့နယ်မှာ အဇင်းနဲ့ ဝင်းဖနုံ ရေလှောင်တမံ၊ သထုံမြို့နယ်မှာ ဝါးပါးရေလှောင်တမံနဲ့ ပေါင်မြို့နယ်မှာ ကတို့ရေလှောင်တမံတို့ ရှိပါတယ်။ ဒီရေလှောင်တမံ ငါးခုမှာ သထုံမြို့နယ်က ဝါးပါးရေလှောင်တမံတစ်ခုပဲ ဇူလိုင် ၂၉ ရက်နေ့မှာ ကန်ရေပြည့်မှတ်ထက်ကျော်လွန်ပြီး ရေပိုလွှဲကနေ သုည ဒသမ ၂၅ ပေခန့်သာ ရေကျော်စီးထွက်လျက်ရှိပါတယ်။ ကျန်တဲ့ရေလှောင်တမံ လေးခုကတော့ လုံးဝရေကျော်စီးထွက်ခြင်း မရှိသေးပါဘူး။ ဆိုလိုချင်တာကတော့ ဒီရေလှောင်တမံတွေဟာ စီးဝင်ရေတွေကို ကောင်းစွာသိုလှောင်ထိန်းသိမ်းပေးလျက်ရှိပါတယ်။ အခုလက်ရှိရေကြီးနေတဲ့ ကာလအတွင်းမှာ တမံတွေကနေ စီးထွက်ရေလုံးဝမရှိတဲ့အတွက် ဆည်ရေကြောင့် ရေကြီးတာမဟုတ်ဘဲ ဒေသအတွင်း မိုးသည်းထန်စွာရွာသွန်းလို့ ရေကြီးရခြင်းဖြစ်တယ်ဆိုတာ ပြည်သူတွေကို သိရှိနားလည်စေချင်ပါတယ်။

အလားတူပဲ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ရေလှောင်တမံတွေမှာလည်း စီးဝင်ရေတွေကို ကောင်းစွာ ထိန်းသိမ်းသိုလှောင်ပေးထားတဲ့အတွက် ရေကြီးရေလျှံမှုဖြစ်စဉ်များနဲ့ ပတ်သက်ဆက်စပ်မှုမရှိပါဘူး။

**မေး။ ။ အခုပြောပြသွားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်သုံးခုမှာ ပြည်သူတွေ အန္တရာယ်မရှိအောင် ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ ။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာရှိတဲ့ ရေလှောင်တမံတွေအပြင် လက်ရှိရေပိုလွှဲကနေ ရေကျော်စီးထွက်နေတဲ့ အခြားရေလှောင်တမံတွေ၊ လက်ရှိမိုးရွာသွန်းမှု အခြေအနေအရ တမံအတွင်းကို စီးဝင်ရေများပြားစွာဝင်ရောက်နိုင်ကာ အချိန်တိုအတွင်း ကန်ရေမှတ်မြင့်တက်လာနိုင်တဲ့အလားအလာရှိတဲ့ ရေလှောင်တမံတွေမှာ အနိမ့်ဆုံး ဦးစီးအရာရှိနဲ့အထက် တာဝန်ခံအင်ဂျင်နီယာတွေကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး ၂၄ နာရီ စောင့်ကြည့်စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုစောင့်ကြည့်စီမံရာမှာ ရေလှောင်တမံနဲ့ ဆက်စပ်ရေအားအဆောက်အအုံတွေရဲ့ ကြံ့ခိုင်မှုကို စဉ်ဆက်မပြတ်လှည့်လည်စစ်ဆေးနေပါတယ်။ ဒါ့အပြင် လိုအပ်တဲ့ ကြိုတင်ကာကွယ်မှုလုပ်ငန်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့အတွက် အရေးပေါ်ကာကွယ်ရေးပစ္စည်းတွေ ကြိုတင်စုဆောင်းထားခြင်း၊ စက်ယန္တရား၊ ယာဉ်နဲ့ လုပ်သားအင်အားတွေကို အရန်သင့် စုဖွဲ့ထားခြင်းစသဖြင့် စီမံဆောင်ရွက်ထားရှိပါတယ်။

**မေး။ ။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားတဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မဒေါက်တာကျိုးသွားတယ်ဆိုတာတွေကလည်း ကြားနေရတယ်ဆိုတော့ ဒီသတင်းနဲ့ပတ်သက်ပြီး ရှင်းပြပေးပါရှင်။**

ဖြေ။ ။ မဒေါက်တာက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးနဲ့ ညောင်လေးပင်မြို့နယ်တွေအတွင်း စစ်တောင်းမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ရေဘေးကာကွယ်ဖို့ တည်ဆောက်ထားတဲ့ စစ်တောင်းမြစ် ရေဘေးကာကွယ်ရေးတာဖြစ်ပြီး အလျား ၄၉ မိုင် တစ်ဖာလုံမှာ ပါဝင်တဲ့ တာတမံအပိုင်းတစ်ခုဖြစ်ပါတယ်။ ယခုမိုးရာသီမှာ လိုအပ်တဲ့ ရေဘေးကြိုတင်ကာကွယ်မှုလုပ်ငန်းတွေ ဆောင်ရွက်ထားပါတယ်။

စစ်တောင်းမြစ် ရေဘေးကာကွယ်ရေးတာရဲ့ တာမိုင် (၄၀/၀) အနီး စစ်တောင်းတံတား (မဒေါက်) မဒေါက်-ရွှေကျင်ကားလမ်း ဖြတ်သန်းရာနေရာမှာ တာထိပ်မျက်နှာပြင်အောက် နိမ့်နေတဲ့အတွက် ကားလမ်းရေကျော်ပြီး ရေဝင်ရောက်ခြင်းသာ ဖြစ်ပါတယ်။ မဒေါက်တာ ကျိုးပေါက်တယ်ဆိုတဲ့သတင်းဟာ ကောလာဟလသာဖြစ်ပြီး စစ်တောင်းမြစ်တာတစ်လျှောက် လုံးဝတာကျိုးပေါက်မှုမရှိပါဘူး။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး လိုအပ်တဲ့ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ထိုနည်းတူပဲ ပုကိုင်တာကျိုးပေါက်တယ်ဆိုတဲ့ ကောလာဟလဟာလည်း လုံးဝမှန်ကန်မှုမရှိပါဘူး။ လက်ရှိအခြေအနေအရ ပုကိုင်တာ ရေမှတ်က တာထိပ်ရောက်ဖို့ ၆ ဒသမ ၅ ပေတောင် လိုပါသေးတယ်။ တာရဲ့ လက်ရှိအခြေအနေကလည်း လိုအပ်တဲ့ ပြုပြင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ထားတဲ့အတွက် ကြံ့ခိုင်ကောင်းမွန်မှု ရှိပါတယ်။ စိုးရိမ်စရာမရှိပါဘူး။

**မေး။ ။ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ဆည်တာတမံတွေရဲ့ အခြေအနေနဲ့ ထိန်းသိမ်းမှုလုပ်နေတဲ့ အပိုင်းကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံ ခြောက်ခုရှိပါတယ်။ ဇူလိုင် ၂၉ ရက်အထိ ကန်ရေပြည့်မှတ်ထက်ကျော်လွန်ပြီး ရေပိုလွှဲမှ ရေကျော်စီးထွက်လျက်ရှိတဲ့ ရေလှောင်တမံလေးခုရှိတဲ့အနက် အများဆုံးအနေနဲ့ ကညင်ရေလှောင်တမံ ရေပိုလွှဲမှ ၃ ဒသမ ၇ ပေ ရေကျော်စီးထွက်လျက်ရှိပါတယ်။ အဆိုပါတမံတွေကို ဌာနက တာဝန်ခံ အင်ဂျင်နီယာတွေအနေနဲ့ ၂၄ နာရီ အချိန်ပြည့် စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး တမံတွေရဲ့ ကြံ့ခိုင်မှုအနေနဲ့ကတော့ တစ်စုံတစ်ရာ စိုးရိမ်ဖွယ်ရာမရှိပါဘူး။

**မေး။ ။ လက်ရှိစိုးရိမ်ရေမှတ်ရောက်နေတဲ့ ဆည်တွေရှိရင်လည်း ပြောပြပေးပါ။ အန္တရာယ်မရှိအောင် ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ရေလှောင်တမံတွေမှာ စိုးရိမ်ရေမှတ်ဆိုပြီး သတ်မှတ်ထားခြင်းမရှိပါဘူး။ ရေဘေးကာကွယ်ရေးတာများမှာသာ စိုးရိမ်ရေမှတ်ဆိုပြီး သတ်မှတ်ထားတာရှိပါတယ်။ ရေလှောင်တမံတွေမှာ ဒီဇိုင်းပြုသတ်မှတ်ထားတဲ့ ကန်ရေပြည့်အမှတ်နဲ့ အမြင့်ဆုံးတက်နိုင်တဲ့ ရေကြီးမှု ရေမှတ်ဆိုပြီးရှိပါတယ်။ နိုင်ငံနဲ့ တစ်ဝန်းမှာ မိုးသည်းထန်စွာရွာသွန်းလျက်ရှိတဲ့အတွက် ဇူလိုင် ၂၉ ရက်မှာ ဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံ ၃၇ ခုမှာပဲ မူလဒီဇိုင်းပြု သတ်မှတ်ထားတဲ့ ကန်ရေပြည့်မှတ်ထက်ကျော်လွန်ပြီး ရေပိုလွှဲကနေ ရေကျော်စီးထွက်လျက်ရှိပါတယ်။ ရေပိုလွှဲကနေ ကျော်ပြီးစီးထွက်သွားတဲ့ ရေတွေဟာလည်း မူလချောင်းရိုးထဲကိုပဲ စီးဝင်သွားလျက်ရှိပါတယ်။

အန္တရာယ်မရှိအောင် ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာနဲ့ပတ်သက်လို့ အထက်မှာ ပြောကြားခဲ့သလိုပဲ ရေလှောင်တမံတွေမှာ အနိမ့်ဆုံး ဦးစီးအရာရှိနဲ့အထက် တာဝန်ခံ အင်ဂျင်နီယာတွေကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး ၂၄ နာရီ စောင့်ကြည့်စီမံ ဆောင်ရွက်လျက်ရှိပါတယ်။ ကြိုတင်ကာကွယ်မှု လုပ်ငန်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။ ရုံးချုပ်ကလည်း လိုအပ်တာတွေကို ဖြည့်ဆည်းစီမံပေးလျက်ရှိပါတယ်။ ပြည်သူများသိရှိနိုင်ရန် ရေလှောင်တမံတွေရဲ့ အခြေအနေတွေကိုလည်း နိုင်ငံပိုင်သတင်းဌာနတွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေကနေလည်း အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါတယ်။

**မေး။ ။ လက်ရှိအခြေအနေအရ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တွေကျိုးပေါက်မှာကို ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်မှုတွေရှိနေတယ်။ ဒါနဲ့ပတ်သက်ပြီး ဖြေကြားပေးပါရှင်။**

ဖြေ။ ။ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ရေလှောင်တမံတွေကို တည်ဆောက်ခဲ့ရာမှာ ရေရှည်ကြံ့ခိုင်စိတ်ချနိုင်ရေးအတွက် တိကျသေချာစွာ ဒီဇိုင်းရေးဆွဲတွက်ချက်ပြီး သတ်မှတ်စံချိန်စံညွှန်းတွေနဲ့အညီ အရည်အသွေး ထိန်းချုပ်ဆောင်ရွက်ခဲ့တဲ့အပြင် ပုံမှန်စနစ်တကျ ထိန်းသိမ်းစီမံလျက်ရှိတာကြောင့် ရေလှောင်တမံအားလုံး ကြံ့ခိုင်မှုရှိတဲ့အတွက် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိပါဘူး။

**မေး။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ တာတွေရဲ့ အခြေအနေကိုလည်း သိပါရစေ။**

ဖြေ။ ။ နိုင်ငံတစ်ဝန်းမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေဘေးကာကွယ်ရေးတာ ၁၂၀ ရှိပြီး အလျားမိုင်ပေါင်း ၁၈၅၀ ကျော်ရှိပါတယ်။ ဒီတာတွေထဲက ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ဧရာဝတီမြစ်၊ မြစ်မခမြစ်၊ ငဝန်မြစ်၊ စစ်တောင်းမြစ် ရေဘေးကာကွယ်ရေးတာတွေဟာ အဓိကအရေးပါတဲ့ တာတွေဖြစ်ပါတယ်။ တာတွေ တည်ဆောက်ထားတဲ့ သက်တမ်းကလည်း နှစ်ပေါင်း ၁၅၀ ခန့် ရှိနေပြီဖြစ်ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ မြို့ရွာတွေနဲ့ လယ်ယာမြေတွေ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ကနေ လုံခြုံစိတ်ချစွာ ကာကွယ်ပေးနိုင်ဖို့အတွက် ဦးစားပေးလုပ်ငန်းများ လျာထားသတ်မှတ်ပြီး တာပေါင်မြှင့်ပြုပြင်ခြင်း၊ တာထိပ်ဆင့်ခြင်း၊ တာခြေထောက်ခြင်း စတဲ့လုပ်ငန်းတွေကို မိုးရာသီ မကျရောက်မီ အချိန်ကတည်းက ကြိုတင်စီမံဆောင်ရွက်ခဲ့တဲ့အပြင် မိုးရာသီကာလတစ်လျှောက်မှာလည်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို စောင့်ကြည့်စီမံ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဆရာအနေနဲ့ ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ ပြည်သူများကို အထူးအသိပေးလိုတာကတော့ လတ်တလောဖြစ်ပေါ်နေတဲ့ ရေကြီးမှုဖြစ်စဉ်တွေဟာ ဒေသအလိုက် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေထောက်ကာ ကွင်းရေတွေ စီးထွက်နိုင်မှုမရှိတာကြောင့် ဖြစ်ပေါ်နေရခြင်းသာဖြစ်ပြီး ရေလှောင်တမံတွေရဲ့ ရေပိုလွှဲမှ ရေကျော်စီးထွက်မှုတွေကြောင့် မဟုတ်ကြောင်းနဲ့ ဖြစ်ပေါ်နေတဲ့ ကောလာဟလများကိုလည်း မယုံကြည်ကြဖို့နဲ့ ဌာနအနေနဲ့လည်း သတင်းမှန်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း အလေးအနက်ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း- သီသီမင်း**
**ဓာတ်ပုံ-ကောင်းမြတ်**



မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဝါးပါးရေလှောင်တမံ။



ဝါးပါးရေလှောင်တမံ ရေပိုလွှဲမှ သုည ဒသမ ၂၅ ပေ ရေကျော်ကျနေသည်ကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။

# အသုံးစရိတ်ခြိုးခြံချွေတာရေး အစီအစဉ်များ မဖြစ်မနေလုပ်ကိုင်ရမှု အီဂျစ်သမ္မတ ကာကွယ်ပြောကြား

**ကိုင်ရို ဇူလိုင် ၃၀**
မိမိတို့နိုင်ငံ၌ နှစ်ပေါင်းကြာရှည် နိုင်ငံရေး မငြိမ်မသက်မှု ဖြစ်ပေါ်ခဲ့မှု၏ ရလဒ်အဖြစ် စီးပွားရေးပြဿနာများ ဖြစ်ပေါ်နေချိန်တွင် အသုံးစရိတ် ခြိုးခြံချွေတာရေး အစီအစဉ်များကို မဖြစ်မနေ လုပ်ကိုင်ရလိမ့်မည်ဖြစ်ကြောင်း အီဂျစ် သမ္မတ အဗ္ဗဒီးဖာတား အယ်လ်စီစီက ဇူလိုင် ၃၀ ရက်တွင် ပြောကြားလိုက်သည်။

သမ္မတ အယ်လ်စီစီသည် လူငယ်ညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ ၎င်း၏ စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍ ကာကွယ်ပြောကြားခဲ့သည်။



### စိတ်ပျက်

နိုင်ငံတော် စီးပွားရေး ချွတ်ခြုံကျရခြင်းအတွက် သမ္မတ ရာထူးမှ နုတ်ထွက်ပေးရန် အွန်လိုင်းပေါ်တွင် တောင်းဆိုသံများ ပေါ်ထွက်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် လူငယ်ညီလာခံကို ကျင်းပခြင်းဖြစ်သည်။ အွန်လိုင်းပေါ်တွင် မမှန်မကန် ရေးသားဖော်ပြထားသော လွှင့်တင်ချက်များနှင့် ပတ်သက်၍ မိမိအကြီးအကျယ် စိတ်ပျက်ခဲ့ရကြောင်း သမ္မတ အယ်လ်စီစီက ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံ၌ ပြီးခဲ့သည့် နွေရာသီက စီးပွားရေးပြုပြင်ပြောင်းလဲရေး မူဝါဒများအရ အသုံးစရိတ် ခြိုးခြံချွေတာရေး အစီအစဉ်များကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအစီအစဉ်များတွင် စက်သုံးဆီဈေးနှုန်း၊ သောက်ရေဈေးနှုန်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲခ (မီတာခ) မြှင့်တင်ခြင်းတို့ ပါဝင်သည်။

အီဂျစ်နိုင်ငံ၌ ၂၀၁၁ ခုနှစ်က လူထုအုံကြွမှု ဖြစ်ပေါ်ခဲ့ရပြီးနောက် နှစ်ပေါင်းကြာရှည် နိုင်ငံရေး မငြိမ်မသက်ဖြစ်မှုနှင့် တွေ့ကြုံခဲ့ရပြီးနောက် စီးပွားရေးပြန်လည် ဦးမော့လာစေရန် အစိုးရအဖွဲ့က ခြိုးခြံချွေတာရေး အစီအမံများကို ချမှတ်ကျင့်သုံးခဲ့ရသည် ဆို၏။

### လုပ်ကိုင်

စီးပွားရေးအရ ချွတ်ခြုံကျနေသော မိမိ၏ နိုင်ငံ ပြန်လည်နာလန်ထူနိုင်စေရေးအတွက် မိမိ၏ အစိုးရအဖွဲ့က လုပ်ကိုင်နေချိန်မှာပင် သမ္မတဖြုတ်ချရေးကို လှုံ့ဆော်သည့် လှုပ်ရှားမှု အွန်လိုင်းတွင် တွေ့ရှိရခြင်းအတွက် မိမိမှာ အကြီးအကျယ် စိတ်ပျက်ခဲ့ရကြောင်း အယ်လ်စီစီက ပြောကြားသည်။

သမ္မတရာထူးတွင် မိမိစတင် တာဝန်ယူချိန်မှစ၍ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အိုးအိမ်စီမံကိန်း လုပ်ငန်းများကို ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ အကုန်အကျခံ၍ လုပ်ကိုင်လာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အေအက်ဖ်ပီ**

# ဂျပန်အနောက်ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ် ၂၄ ဦး ထိခိုက်ဒဏ်ရာရ

**အိုဆာကာ ဇူလိုင် ၃၀**
တိုင်ဖုန်းမုန်တိုင်း 'ဂျောင်ဒါရီ' သည် ဂျပန်နိုင်ငံအနောက်ပိုင်း ဟွန်ရှူးကျွန်းတောင်ပိုင်းဒေသကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီးနောက် အားပျော့သွားကာ ယင်းနိုင်ငံ၏တောင်ဘက်အစွန်ဆုံးရှိ အဓိကကျွန်းကြီးဖြစ်သည့် ကျူရှူးကျွန်းအနောက်ပိုင်းသို့ ဇူလိုင် ၂၉ ရက်တွင် ဆက်လက်ဝင်ရောက်ခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၂၄ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ဂျပန်ပင်လယ်ကမ်းခြေရှိ ဟိုကူရိကူဒေသတွင် ၄၀ ဒီဂရီ ဆဲလ်စီးယပ်စ်နီးပါးအထိ အပူချိန်မြင့်တက်ခဲ့ကြောင်း ကျိုဒို သတင်းဌာနက သတင်းထုတ်ပြန်သည်။

အာဏာပိုင်များက အစောပိုင်းတွင် ကြိုတင်ကာကွယ်မှုအဖြစ် ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အကြံပြုတိုက်တွန်းခဲ့သည်။ လွန်ခဲ့သည့်လအတွင်းက ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဆိုးဆိုးရွားရွားကြုံတွေ့ခဲ့ရသည့် အဆိုပါဒေသတွင် တိုင်ဖုန်းမုန်တိုင်း ဂျောင်ဒါရီတိုက်ခတ်မှုကြောင့် ထိခိုက်သေဆုံးမှုနှင့်ပျက်စီးဆုံးရှုံးမှု သတင်းများ လတ်တလော ထွက်ပေါ်လာခြင်းမရှိသေးပေ။



### မြေပြို

တိုင်ဖုန်းမုန်တိုင်းနှင့်အတူ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး အိုင်စီနှင့်မိုင်အီစီရင်စုများ၌ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။

မြင့်မားသော တောင်တန်းများပေါ်သို့ ဖြတ်သန်းပြီးနောက် စိုစွတ်သောလေထုမှာ ပူနွေးမှုနှင့်ခြောက်သွေ့မှုများ ဖြစ်ပေါ်လာပြီး ဟိုကူရိကူဒေသတွင် အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ မြင့်တက်စေခဲ့သည်။

ကျူရှူးကျွန်းတွင် မုန်တိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ ၂၄ ဦးရှိကြောင်း၊ ၎င်းတို့အနက် အချို့မှာ အဆောက်အအုံ အပြိုအပျက်များ ထိမှန်ခြင်းကြောင့်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ကျိုဒို**

# ပါရီမြို့ပြင်ရှိ ဓာတ်အားခွဲရုံ မီးလောင်မှုကြောင့် ရထားခရီးစဉ်များ ဖျက်သိမ်း ခရီးသွားများသောင်တင်

**ပါရီ ဇူလိုင် ၃၀**
ပြင်သစ်နိုင်ငံမြို့တော်ပါရီမြို့ ဆင်ခြေဖုံးရှိ ဗို့အားမြင့် လျှပ်စစ်ဓာတ်အားခွဲစက်ရုံတစ်ရုံတွင် ဇူလိုင် ၂၉ ရက်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီးနောက် မြို့တော်ရှိ ဂါရေးမောင့်ပါနယ်ဆေး ဘူတာရုံကြီး၌ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရန် အလုပ်သမားများက အစွမ်းကုန်ကြိုးပမ်းနေရကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ပြင်သစ်နိုင်ငံ၏ အတ္တလန္တိတ်ကမ်းရိုးတန်း တစ်လျှောက် အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ထောင်ပေါင်းများစွာသော ခရီးသွားများမှာ ရထားခရီးစဉ်များ ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်းနှင့် ကြုံတွေ့နေရပြီး ခရီးမဆက်နိုင်ဘဲဖြစ်နေရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အားလပ်ရက်ခရီးသွားများအတွက် ခရီးအစပြုရာ အဆိုပါဘူတာရုံမှ စတင်ထွက်ခွာမည့် ရထားခရီးစဉ် အရေအတွက် ထက်ဝက်ခန့်ကို ရပ်ဆိုင်းထားရပြီး ဇူလိုင် ၃၁ ရက်တွင် ခရီးစဉ်များစတင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ပြင်သစ်နိုင်ငံပိုင် ရထားလုပ်ငန်း (အက်စ်အင်စီအက်ဖ်)၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်တွင် ရထားခရီးစဉ် ရာနှင့်ချီကာ ဖျက်သိမ်းခဲ့ရသည်။ ခရီးသွားဦးရေများပြားသည့် နွေရာသီကာလအတွင်း ပြင်သစ်နိုင်ငံ အနောက်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသတို့ရှိ ဘူတာရုံများ၌ ခရီးသွားဦးရေ ထောင်ပေါင်းများစွာမှာ ချွေးတလုံးလုံးဖြင့် သောင်တင်နေရသည်။

ဇူလိုင် ၃၀ ရက် မွန်းလွဲချိန်အထိတိုင် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိနိုင်ဦးမည်မဟုတ်ကြောင်း မဟာဓာတ်အားလိုင်းဝန်ဆောင်လုပ်ငန်းကုမ္ပဏီ အာရ်တီအီးက ပြောကြားသည်။

ဇူလိုင် ၂၇ ရက် မွန်းတည့်ခါနီးတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့ပြီး ပါရီမြို့ရှိ ဂါရေးမောင့်ပါနယ်ဆေး ဘူတာရုံကြီး၏ ရထားသွားလာရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။ **အေအက်ဖ်ပီ**

# ဂရိနိုင်ငံ၌ တောမီးလောင်မှုများကြောင့် သေဆုံးသူ ၉၁ ဦးအထိရှိပြီဟု အစိုးရ အတည်ပြု

**အေသင် ဇူလိုင် ၃၀**
ဂရိနိုင်ငံမြို့တော် အေသင်အနီးရှိ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ တည်ရှိရာဒေသ၌ တောမီးလောင်ခြင်းကြောင့် နောက်ထပ်သေဆုံးသူ သုံးဦးရှိသည်ဟု မီးသတ်ဌာနက အတည်ပြုပြောကြားလိုက်ကြောင်း၊ ဂရိနိုင်ငံ၌ ဖြစ်ပွားခဲ့သော တောမီးလောင်မှုများအတွင်း သေဆုံးသူဦးရေ ၉၁ ဦးအထိ ရှိပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တောမီးဘေးအန္တရာယ်ကျရောက်မှုကြောင့် နောက်ထပ် ၂၅ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း မီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ စတာဘရူလာမယ်လီရီက ပြောကြားသည်။

သို့ရာတွင် ပျောက်ဆုံးနေသူအချို့ သို့မဟုတ် အားလုံးမှာ မှုခင်းဆိုင်ရာ ဆေးပညာရှင်များက လက်ရှိစစ်ဆေးနေသော ရုပ်အလောင်း ၂၈ ခုတွင် ပါဝင်ဖွယ်ရှိကြောင်း အရပ်ဘက်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ စပီယော့ဂေါ်ဂီးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။



### ကလေးငယ်များပါဝင်

ကြေကွဲဖွယ်ရာ အဖြစ်ဆိုးတွင် ကလေးငယ်များလည်း ပါဝင်ကြောင်း၊ တောမီးလောင်မှုများကြောင့် ကလေးသူငယ်မည်မျှသေဆုံးရသည်ကို အတိအကျမပြောနိုင်သော်လည်း အသက်ကိုးနှစ်အရွယ် အမြွှာညီအစ်မနှစ်ဦး၊ ခြောက်လသားကလေး တစ်ဦး၊ အသက် ၁၁ နှစ်နှင့် ၁၃ နှစ်အရွယ်ရှိ မောင်နှမနှစ်ဦးနှင့် အသက် ၁၃ နှစ်အရွယ် ကလေးတစ်ဦးတို့ပါဝင်သည်ဟု အတည်ပြုနိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂေါ်ဂီးက ဆက်လက်ပြောကြားသည်။

တောမီးလောင်မှုကြောင့် သေဆုံးခဲ့ကြရသော နိုင်ငံခြားသားလေးဦးတွင် ပျားရည်ဆမ်းခရီးထွက်လာသော အိုင်ယာလန် လူငယ်တစ်ဦး၊ ပိုလန် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ သားတစ်ဦး၊ ဘယ်လ်ဂျီယံ အမျိုးသားတစ်ဦးတို့ ပါဝင်သည်ဆို၏။

တောမီးလောင်မှုကြောင့် လူ့အသက်များ ဆုံးရှုံးရသည့်ဖြစ်စဉ် ကိုင်တွယ်ဆောင်ရွက်ပုံနှင့်ပတ်သက်၍ အတိုက်အခံများက ဂရိအစိုးရအဖွဲ့ကို အစောပိုင်းတွင် ဝေဖန်ခဲ့ကြပြီးနောက် တာဝန်ရှိသူများက တောမီးဘေးအန္တရာယ်ကိုင်တွယ်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောဆိုလာကြခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

# ဂိုမက်စ်၊ ဒမ်ဘီလီနှင့် ကစားသမားအချို့ ဘာစီလိုနာအသင်းမှ ထွက်ခွာဖွယ်ရှိနေ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသို့ အာသာ၊ ကလီးမန့်လန်လက်နှင့် မယ်လ်ကွန်တို့ရောက်ရှိလာခဲ့ပြီး နောက် ဂိုမက်စ်၊ ဒမ်ဘီလီနှင့် အခြားသော ကစားသမား အချို့ ဘာစီလိုနာအသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

ဘာစီလိုနာဗဟိုခံစစ်ကစားသမား ယယ်ရီမီနာသည် ဘာစီလိုနာအသင်းတွင် ရာသီဝက်ကစားပေးခဲ့ပြီးနောက် အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုခံထားရ၍ ဘာစီလိုနာ အသင်းကလည်း ရောင်းချရန်စီစဉ်နေသည်။

ယယ်ရီမီနာသည် ဇန်နဝါရီလအတွင်းက ပဲလ်မီး ယက်စ်အသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံး ရာသီက ခြောက်ပွဲသာပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ လက်ရှိတွင် ကလီးမန့်လန်လက်ရောက်ရှိလာခဲ့ခြင်းနှင့် အဲဗာတန်အသင်းက ကမ်းလှမ်းထားခြင်းကြောင့် အသင်း တွင် ဆက်ရှိရန်မသေချာဖြစ်နေကြောင်း သိရသည်။

ဘာစီလိုနာအသင်းဂိုးသမား ဆီလက်ဆန်သည် နှစ်ရာသီအတွင်း ၂၁ ပွဲပါဝင်ကစားပေးခဲ့ပြီး ဘာစီလိုနာ အသင်းနှင့်လည်း အံဝင်နေသည့်ကစားသမားတစ်ဦးဖြစ် သည်။ သို့ရာတွင် အသက် ၂၉ နှစ်အရွယ်ရှိ ဆီလက်ဆန် သည် အပြောင်းအရွှေ့ကာလအတွင်း လီဗာပူးအသင်း သို့ ပြောင်းရွှေ့ကစားရန်ဆန္ဒရှိခဲ့သော်လည်း လီဗာပူး အသင်းက အဲလစ်ဆင်ကိုသာ ခေါ်ယူခဲ့ခြင်းကြောင့် ဆီ လက်ဆန်၏ အပြောင်းအရွှေ့မှာ အလုပ်မဖြစ်ခဲ့ပေ။

လက်ရှိတွင် ဘာစီလိုနာအသင်းတွင် ရှိနေသော်လည်း အနာဂတ်ကာလတွင်မူ နူးကမ့်၌ ဆက်ရှိရန်မသေချာ ကြောင်း ပြောကြားခဲ့သည်။



အန်ဒရီဂိုမက်စ်သည် ၂၀၁၆ ခုနှစ်အတွင်းက ဘာစီလိုနာအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ပေါ်တူဂီ ကွင်းလယ်ကစားသမား အန်ဒရီဂိုမက်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း စိတ်ဓာတ်ကျမှုများဖြစ်ပေါ်ခဲ့ခြင်း ကြောင့် အသင်းမှ ထွက်ခွာရန် စီစဉ်နေသူဖြစ်သည်။

အန်ဒရီဂိုမက်စ်သည် ယခုအပြောင်းအရွှေ့ကာလ အတွင်း အသင်းပြောင်းရွှေ့ရန်စီစဉ်ခဲ့သော်လည်း တနင်္ဂနွေ နေ့က စပါးအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် နှစ်လကြာအနားယူရဦးမည်ဖြစ်ပြီး လက်ရှိတွင် ဘာစီလိုနာအသင်း၌ ဆက်ရှိနေဦးမည်ဖြစ် ကြောင်း သိရသည်။

စပိန်တိုက်စစ်မှူး ပါကိုအယ်လ်ကာဆာအား အန်ဒရီ ဂိုမက်စ်ကဲ့သို့ပင် ၂၀၁၆ ခုနှစ်အတွင်းက စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၅၀ ပါဝင်ကစားခွင့်ရရှိခဲ့ရာတွင် သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် ပုံမှန်ပွဲထွက်ကစား ခွင့်ပျောက်ဆုံးနေခြင်းကြောင့် ဘာစီလိုနာအသင်းနှင့် လမ်းခွဲရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ဒန်နစ်ဆွာရတ်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီ၏ ဒုတိယရာသီဝက်တွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင် ခဲ့သော်လည်း မယ်လ်ကွန်နှင့် အာသာတို့ ရောက်ရှိလာ ခဲ့ခြင်းကြောင့် အသင်းမှ ထွက်ခွာရန်စီစဉ်နေသူဖြစ်ပြီး လက်ရှိတွင် စပါးအသင်းနှင့် ပွဲစဉ်၌ တံကောက်ကြော ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရာဖင်ဟာသည် ပြီးခဲ့သည့်ဘောလုံးရာသီ ဒုတိယ ရာသီဝက်တွင် အင်တာမီလန်အသင်းသို့ အငှားချထား ခြင်းခံခဲ့ရသူဖြစ်ပြီး လက်ရှိတွင် ဘာစီလိုနာအသင်းသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ နောက်တန်းကစားသမား ဗာမေလန်သည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ် သည်။ သို့ရာတွင် ရာဖင်ဟာနှင့် ဗာမေလန်တို့သည် ဘာစီ လိုနာအသင်းနှင့် လမ်းခွဲရန်စီစဉ်နေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

တိုက်စစ်မှူး နေမာ ပီအက်စ်ဂျီအသင်းသို့ ထွက်ခွာ သွားပြီးနောက် အစားထိုးကစားသမားအဖြစ် ပြောင်းရွှေ့ ကြေးယူရို ၁၀၅ သန်းဖြင့် ခေါ်ယူထားခဲ့သည့် ဒမ်ဘီလီ အား ယခုအပြောင်းအရွှေ့ကာလအတွင်း ရောင်းချရန် အစီအစဉ်မရှိကြောင်း ဘာစီလိုနာအသင်းက ပြောကြား ထားသော်လည်း ကစားသမားကိုယ်တိုင်ကမူ အသင်း ပြောင်းရွှေ့ကစားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။





# ဝီလီယံနှင့် ကော်တိုရစ်အား ပေါင်သန်း ၁၀၀ ဖြင့် ရီးယဲလ်ကမ်းလှမ်း

ရီးယဲလ်မက်ဒရစ်အသင်းသည် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီး အသင်းမှ ကွင်းလယ်ကစားသမား ဝီလီယံနှင့် ဂိုးသမား ကော်တိုရစ် တို့အား ခေါ်ယူရန် ပေါင်သန်း ၁၀၀ ဖြင့် ကမ်းလှမ်းထားကြောင်း စပိန်နိုင်ငံမှ လာသောသတင်းများအရ သိရသည်။

ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်မှာ ၎င်း၏ သားသမီးများရှိ ရာ စပိန်မြေသို့ ပြောင်းရွှေ့ကစားရန်အတွက် ထိမ်ချန်ထားခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။ သို့ရာတွင် ဂိုးသမားကော်တိုရစ်၏ ချယ်လ်ဆီးအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေ သေးကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ကစားသမားဝီလီယံသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ် နေသော်လည်း ဝီလီယံ၏အပြောင်းအရွှေ့အား ပေါင်သန်း ၇၀ အထိ တောင်းဆိုခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ဝီလီယံကို ခေါ်ယူ မည့်အစား မယ်လ်ကွန်ကို ခေါ်ယူခဲ့သည်။

ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ချယ်လ်ဆီးကစားသမား နှစ်ဦးဖြစ်သည့် ဝီလီယံနှင့် ကော်တိုရစ်တို့ကို ခေါ်ယူရန်ပစ်မှတ်ထား လာခဲ့ခြင်းဖြစ်ပြီး ကစားသမားနှစ်ဦးပေါင်းကို ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ ဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။

ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်မှာ ရီးယဲလ်မက်ဒရစ်အသင်း ၏ ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသော ပထမဦးစားပေးကစားသမား ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိရန် နီးစပ်မှုရှိနေပြီ ဖြစ်ကြောင်းလည်း သိရသည်။

ချယ်လ်ဆီးအသင်းမှာ လက်ရှိတွင် ဂိုးသမား ကော်တိုရစ်နေရာတွင် အစားထိုးရန်အတွက် ဂိုးသမားသစ်တစ်ဦးကို ရှာဖွေလျက်ရှိပြီး စတုတ်စီးတီးအသင်းဂိုးသမား ဂျက်ဘတ်လန်အား အပြောင်းအရွှေ့ ဈေးကွက်ပိတ်သိမ်းမည့် ဩဂုတ် ၉ ရက်အထိ စောင့်ဆိုင်းနေမည် ဖြစ်ကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းက ပထမခေါ်ယူရန် ပစ်မှတ်ထားနေသည့် ဂိုးသမားဂျော်ဒန်ပစ်ဖို့ဒ် ဖြစ်သော်လည်း ဂျော်ဒန် ပစ်ဖို့ဒ်ကို မခေါ်ယူနိုင်ခဲ့ခြင်းကြောင့် နောက်ထပ်ဂိုးသမားတစ်ဦးကို ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ကွင်းလယ်ကစားသမား ဝီလီယံအား ခေါ်ယူစာချုပ်ချုပ်လိုခြင်းမှာ ယခုနှစ်ဘောလုံးရာသီအတွင်း တိုက်စစ်မှူး ဂါရတ်ဘေးလ်အား ရောင်းထုတ်ရန်အထိ စီစဉ်ထားခဲ့ ခြင်းဖြစ်ကြောင်းလည်းသိရသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ကွင်းလယ်ပိုင်းအားဖြည့်ရန် ဆန္ဒပြင်းပြနေခဲ့သည်မှာ နည်းပြဟောင်း ဇီဒန်းလက်ထက်ကတည်းက ကွင်းလယ်ကို အသားပေးခဲ့ခြင်းကြောင့် ဖြစ်ပြီး လက်ရှိနည်းပြသည်လည်း ကွင်းလယ်တိုက်စစ်ကစားသမား များကို ယခင်ရှိသည့်ကစားသမားအရေအတွက်ထက် ပိုမိုခေါ်ယူလို ခြင်းကြောင့် ဖြစ်ကြောင်းလည်းသိရသည်။

# ချယ်လ်ဆီးနှင့် အေစီမီလန်က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဟီဂူအင်က ဂျူဗင်တပ်တွင် ဆက်ကစားလိုဟုဆို


ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း နှင့် အီတလီစီးရီးအေကလပ် အေစီမီလန် အသင်းတို့သည် ဂျူဗင်တပ်အသင်း၏ တိုက် စစ်မှူး ဟီဂူအင်အား ခေါ်ယူရန်စိတ်ဝင်စား နေသော်လည်း အဆိုပါတိုက်စစ်မှူးကမူ ဂျူဗင်တပ်အသင်းတွင် ဆက်ကစားရန်ဆန္ဒရှိ နေကြောင်း ပြောကြားခဲ့သည်။

ဂျူဗင်တပ်အသင်း အမှုဆောင်အရာရှိ ချုပ်ဖြစ်သူ ဂူဆက်ပီမိုရက်တာကမူ အာဂျင် တီးနားတိုက်စစ်မှူး ဟီဂူအင်အား ပြောင်းရွှေ့ ကြေးပေါင် ၄၉ သန်းဖြင့် ရောင်းချရန် အသင့်ရှိနေကြောင်း ပြောကြားထားသည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းက တိုက် စစ်မှူး ဟီဂူအင်အား ခေါ်ယူရန် ကြိုးပမ်းခဲ့ ခြင်းဖြစ်ပြီး ဂျူဗင်တပ်အသင်း၏ နောက်တန်း ကစားသမားများဖြစ်သည့် ဂူဂါနီနှင့် ကယ်ဒါရာတို့ကိုလည်း ခေါ်ယူရန် ပြင်ဆင်ခဲ့ ကြောင်း သိရသည်။ ချယ်လ်ဆီးအသင်း နည်းပြ ဆာရီသည် တိုက်စစ်ပိုင်းအားဖြည့်ရန် ဟီဂူအင်အား ပစ်မှတ်ထားလာခဲ့သည့်အပြင် နောက်ထပ် ဗဟိုခံစစ်မှူးတစ်ဦး၊ ဂိုးသမား တစ်ဦးနှင့် ကွင်းလယ်ပိုင်းတွင် အားထားရ သည့် ကစားသမားတစ်ဦးတို့ကိုခေါ်ယူသွား ရန် ဆန္ဒရှိနေကြောင်းလည်း သိရသည်။

လက်ရှိတွင်မူ ချယ်လ်ဆီးအသင်းသည် ခရစ္စတီယန်ပူလီဆစ်နှင့် အာရွန်ရမ်ဆေးတို့ ကို ခေါ်ယူရန် ကနဦးဆွေးနွေးမှုများပြုလုပ် လျက်ရှိကြောင်းသိရသည်။ ချယ်လ်ဆီးအသင်း နှင့်အပြိုင် ဟီဂူအင်အား အေစီမီလန်အသင်း ကလည်း ခေါ်ယူရန် ဆန္ဒရှိနေသော်လည်း လက်ရှိတွင်မည်သည့်အသင်းနှင့်မျှ သဘော တူညီမှုရရှိထားခြင်း မရှိသေးကြောင်း သိရသည်။

**ငွေကြယ် - ရေးသားသည်**



# ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ၌ မြေပြိုမှုကြောင့် ခြောက်ဦးသေဆုံး



**ကော့သောင်း ဇူလိုင် ၃၀**

ကော့သောင်းမြို့၌ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်း၍ ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က မြေပြိုကျသဖြင့် တောင်ခြေရှိ နေအိမ်များပေါ် ပိမိပြီး လူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ စွယ်တော်လမ်းဘေး ရှင်ကြီးမော်ပိုင်း တောင်စောင်းများပေါ်မှ မြေသားများ ပြိုကျမှုဖြစ်ပွားခဲ့သည်။ တောင်ခြေရှိ အိမ်ငါးလုံးပိမိကာ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ပြီး ယင်းနေအိမ်များမှ အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦးသေဆုံးကြောင်း သိရသည်။

အဆိုပါနေရာသို့ ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဦးနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးဇော်မင်းထွန်းနှင့် တပ်မတော်သားများ၊ တပ်မတော်ဆေးတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် စက်ယန္တရားများ အသုံးပြု၍ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဖမ်းဆီးခံ ရိုက်တာသတင်းထောက်နှစ်ဦးအား ရုံးထုတ်စစ်ဆေး

**ရန်ကုန် ဇူလိုင် ၃၀**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့ကို ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင် တရားရုံးတွင် ခရိုင်တရားသူကြီး ဦးရဲလွင်က စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင် တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီးယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရစွဲဆိုမှုကနေ ဒီကနေ့ နှစ်တရားခံဖြစ်တဲ့ ကျော်စိုးဦး(ခ)မိုးအောင်ကို နှစ်ဖက်ရှေ့နေများက အပြန်အလှန်စစ်မေးခဲ့ပါတယ်။ အမှုမှာ တင်ပြထားတဲ့ တရားခံပြသက်သေ လေးဦးထဲက ရန်ကုန်အခြေစိုက်ရိုက်တာ သတင်းဌာနက တရားခံပြသက်သေတစ်ဦးဖြစ်တဲ့ ယာဉ်မောင်း ကိုမျိုးသန့်ထွန်းကို စစ်ဆေးခဲ့ပါတယ်။ ဒီနေ့စစ်ဆေးရာမှာ ရုံးချိန်ကုန်ဆုံးတဲ့အထိ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီး ထပ်မံစစ်ဆေးမှုပြုလုပ်ရန် ဩဂုတ် ၆ ရက် တနင်္လာနေ့ကို



ချိန်းဆိုထားပါတယ်။ အဲဒီရုံးချိန်းမှာ ကျန်ရှိနေသေးတဲ့ တရားခံပြသက်သေ သုံးဦးထဲက နှစ်ဦးကို ရုံးရှေ့တင်ပို့ပေးနိုင်ဖို့ အမှုလိုက်ဥပဒေအရာရှိကို လမ်းညွှန်မှာကြားခဲ့တာရှိပါတယ်" ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဖားကန့်နှင့် မိုင်းကိုင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၀**

ဆိပ်မူရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် ည ၁၁ နာရီခွဲက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာ အမှတ် ၁ ရပ်ကွက်နေ ချိုတူး(ခ)လှမြင့်ဌေး၏ နေအိမ်ကိုရှာဖွေရာ ချိုတူး(ခ)လှမြင့်ဌေးနှင့် အောင်ဝင်းတို့အား တွေ့ရှိရပြီး ဘိန်းဖြူ သုည ဒသမ ၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထိုမှဆက်၍ ကွင်းဆက်အရ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာ အမှတ် ၂ ရပ်ကွက်ရှိ အောင်ဝင်း၏နေအိမ်ကို ရှာဖွေရာ ဘိန်းစိမ်း ၃ ဒသမ ၆ ကီလိုကို လည်းကောင်း၊ ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက တပ်မတော်နှင့် မိုင်းကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းကိုင်မြို့နယ် ပန်ကေတုကျေးရွာ မိုင်းကိုင်-နမ့်လန်သွားကားလမ်းတွင် စိုင်းစိန်မောင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**စိုင်းစိန်မောင်အား ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉၃ စီး၊ သွင်းကုန် ၇၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက စုစုပေါင်း သိမ်းဆည်းမှု သုံးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၈၇၄ သန်းခန့်)ကို သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့က MITSUBISHI CANTER (6W) ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်စားရွေ ၃ ဒသမ ၁၈၉၈ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၅၆၉ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကံမမြို့နယ်တွင် မင်းတုန်းချောင်းကူးတံတားတိုင်အား တိုက်မိသဖြင့် စက်လှေတစ်စင်းနစ်မြုပ်

**ကံမ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီခန့်က အုတ်ပုံကျေးရွာအနီး မင်းတုန်းချောင်းကူး ရထားတံတား၏ တံတားတိုင်အား သရက်မြို့နယ်နေ ဦးအောင်ဆင့် မောင်းနှင်လာသည့် စက်လှေသည် ပဲ့မထိန်းနိုင်သဖြင့် ဝင်ရောက်တိုက်မိခဲ့သည်။

ထိုသို့တိုက်မိပြီးနောက် စက်လှေသည် ဝမ်းဗိုက်ပေါက်ပြီး ဆက်လက်မောင်းနှင်ရာ ကမ်းစပ်အရောက်တွင် နစ်မြုပ်ခဲ့သော်လည်း ခရီးသည် ၂၀ မှာ ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ ပဲအိတ် ၁၀၀ နှင့် စပါးအိတ် ၅၀ တို့မှာ ရေစိုသွားခဲ့ကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**

# မိုးကောင်း၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**မိုးကောင်း ဇူလိုင် ၃၀**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီခွဲက ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ ဘိန်းဖြူမှုန့် ၃၀ ဂရမ်သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ ဈေးကုန်းရပ်ကွက် ရွှေသာလျောင်းဘုရားကြီးဝင်းအတွင်း၌ စောင့်ဆိုင်းနေစဉ် အိုးတန်းရပ်ကွက်နေ ဒေါ်သန်းသန်းအေး ၄၇ နှစ် စီးနင်းလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက် အတွင်းမှ ဆပ်ပြာခွက်နှင့်ထည့်ထားသည့် ဘိန်းဖြူမှုန့် ၁၀ ဂရမ်အား သိမ်းဆည်းရမိခဲ့သည်။

ဒေါ်သန်းသန်းအေး၏ စစ်ဆေးထွက်ဆိုချက်အရ အဆိုပါမူးယစ်ဆေးဝါးများမှာ နတ်ကြီးကုန်းရပ်ကွက် ပျော်လင့်အုပ်စုနေ ဒေါ်ခေါန်းရီ ၃၄ နှစ်က အခကြေးငွေ ၁၀၀၀၀ ကျပ်နှင့် ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဆက်လက်၍ နတ်ကြီးကုန်းရပ်ကွက် ပျော်လင့်အုပ်စု ဒေါ်ခေါန်းရီ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဒေါ်ခေါန်းရီ၏တူမဖြစ်သူ မလုနန် ၁၇ နှစ်က ကြွပ်ကြွပ်အိတ် အနက်ရောင်အား နေအိမ်နောက်ဘက်သို့ ပစ်ချခဲ့သဖြင့် ယင်းအထုပ်အား ဖွင့်ဖောက်စစ်ဆေးရာ ဆပ်ပြာခွက်နှစ်ခွက်အတွင်းမှ ဘိန်းဖြူမှုန့် ၂၀ ဂရမ်အား ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်းဘိန်းဖြူမှုန့် ၃၀ ဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ သိန်းအား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်သန်းသန်းအေး၊ ဒေါ်ခေါန်းရီ၊ မလုနန်တို့ သုံးဦးအား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

### ၃၁-၇-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၈း၃၅ ဥပဒေရေးရာအဖြာဖြာ "ပြည်သူများအကြား သိမှတ်ဖွယ်ရာဥပဒေရေးရာ" (စကားဝိုင်း-၁(ဦးဟန်ညွှန့်(ဥပဒေ)၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီ ပဗ္ဗလစ်၊ ဝေဖြိုးဟိန်း၊ ခင်ဖြူဖြူသန့်) (ဒါရိုက်တာ-ဝေဠု(ဝသန်))
၉း၁၅ ရာဇဝင်ထဲကသမိုင်းအနုပညာ "ဆယ်ပွင့်ပန်း"(ပန်းပွတ်လုပ်ငန်း)
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၀ "မြန်မာ့ကျောက်မျက်ရတနာ သင်တန်းကျောင်း"
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၂၉)
၁၃း၅၀ Yes or No Talk Show
၁၄း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၇)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၇၃)

**ညပိုင်း**

၁၆း၂၅ YTN (Science)
(Cyber လုံခြုံရေးကမ္ဘာ)
၁၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈း၂၀ Football Magazine
၁၈း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော်-နေမင်းအိမ်)
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း - ၃၀)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး "ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်းအကြောင်း သိကောင်းစရာ"
- "2018 Asia men's Club Volleyball champianship ပြိုင်ပွဲအစီအစဉ်"
-အနုပညာခန်းရိပ်သာ "ဦးညီဝင်းစိန်(စိန်မဟာသဘင်)နှင့် တွေ့ဆုံခြင်း" (ဂရိတ်ဦးဖိုးစိန်အကြောင်း)
-နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၁)

**- အစီအစဉ်ပြီး၏။**

# ထင်ပေါ်ကျော်ကြားခြင်းနဲ့ဝတ်စားဆင်ယင်မှု

ခင်မောင်ငွေး (ပညာရေး)

ငယ်ငယ်ကကျောင်းနေစဉ်မှာ ဆိုခဲ့ရတာလေးတွေ မှတ်မိနေသေးတယ်။ "ကျောင်းမှန်မှန်တက် စာမခက်" တဲ့ "ရိုးရိုးနဲ့ယဉ်ယဉ် တို့ဝတ်စားဆင်ယင်" တဲ့။ ငယ်စဉ်က ကျောင်းတက်ခဲ့ရတဲ့ ဘဝကိုတွေးတိုင်း ကြည်နူးမဆုံး ဖြစ်နေဆဲပဲ။ ကျူရှင်ဆိုတာ ဘာမှန်းတောင်မသိဘူး။ နယ်ကျောင်းမှာ နေခဲ့ရသူဆိုတော့ ပိုလို့တောင်မသိသေး။ ကျောင်းတစ်ခုကိုပဲပုံပြီး အားကိုးခဲ့ရတာ။ ဆရာ ဆရာမတွေဆိုတာကလည်း တော်လိုက်ကြတာ။ ကျောင်းလခ မတတ်နိုင်တဲ့ကလေးဆိုလည်း အတန်းပိုင်ဆရာကပဲ စိုက်ပြီးသွင်းပေးတယ်။

ဆရာ ဆရာမတွေကို ချစ်ကြောက်ရိုသေမှု အပိုင်းမှာလည်း ပြောစရာကိုမရှိဘူး၊ ဆရာ ဆရာမတွေရဲ့ ဆုံးမ ပဲ့ပြင်စကားတွေကလည်း တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ကြားခဲ့ရတယ်။ မှတ်မိနေပါသေးတယ်။ တပည့်တွေရဲ့ လူ့လောကအတွင်း ကျင်လည်လှုပ်ရှားနေရမယ့်အခါမှာ အဓိကသိနားလည်ရမယ့် အခါနေရာဒေသနဲ့ လိုက်လျောညီထွေနေတတ်ဖို့ (ကာလ၊ ဒေသ၊ အဂ္ဂမဲ့) အရိပ် သုံးပါးနားမလည် ချေသူငယ်ကျားစာ ဖြစ်မယ့်အကြောင်း။ ဆရာတွေပြောတာ ကြားယောင်နေဆဲ ဒီခရီးဒီထီး၊ ဒီလမ်းဒီပန်းနဲ့၊ ဒီအချိန် ဒီထမိန်(ထဘီ) နဲ့ဆိုတာ မျိုးပေါ့ တပည့်တို့ရာတဲ့။ ဆရာ၊ ဆရာမတွေရဲ့ ဆုံးမစကားတွေနဲ့ အမြဲရင်းနှီးနေခဲ့ရလို့လားမသိ။ တပည့်ကျောင်းသား ကျောင်းသူလေးတွေရဲ့ ဝတ်စားဆင်ယင်မှုကလည်း ရိုးရိုးနဲ့ယဉ်ယဉ်မို့ ချစ်မြတ်နိုးစရာ ကောင်းခဲ့တာပါပဲ။

## စိတ်ရင်းစေတနာ

ဆရာ ဆရာမတွေကြည့်ပြန်တော့လည်း ပညာအားဖြင့်၊ ဂုဏ်သိက္ခာအားဖြင့် အလွန်အတုယူအားကျဖွယ် ကောင်းလွန်းလှပါတယ်။ ဆရာတစ်ယောက်ဆိုရင် အရက်တောင်သောက်ပါတယ်။ အိမ်မှာ သောက်ပေမယ့် ကျောင်းမှာ အသင်အပြအလွန်ကောင်းပါတယ်။ သူ့အိမ်မှာ သူကြိုက်တတ်လို့ သောက်ပေမယ့် ကျောင်းသား ကျောင်းသူတွေအပေါ်မှာ စိတ်ရင်းစေတနာကောင်းတော့ တပည့်အားလုံးကချစ်ခင်ကြတယ်။ အဲဒီတုန်းက ကျောင်းနေစဉ်ဘဝမှာ ဆိုရင် ကျောင်းရှိဆရာ ဆရာမတွေဟာ ကျောင်းသား ကျောင်းသူအားလုံးရဲ့ စံပြပုဂ္ဂိုလ် (Role Model) ပါပဲ။ ဆရာ ဆရာမတွေဆိုရင် ကျောင်းသား ကျောင်းသူတင်မကဘူး မိဘတွေကိုယ်တိုင်ကလည်း တရိုတသေ ဆက်ဆံခဲ့ကြတာပါပဲ။

ခေတ်တွေစနစ်တွေက ရပ်တည်မနေပါဘူး။ ကမ္ဘာကြီးပြောင်းလဲမှုတွေနဲ့အညီ လိုက်ပါပြောင်းလဲနေတာပါ။ ခေတ်ရေစီးကြောင်းဆိုတာကတော့ ဘယ်သူမှ တားလို့မရဘူး။ အရှိန်အဟုန်နဲ့ ပြောင်းလဲနေမှာပါပဲ။ အဲဒီပြောင်းလဲမှု အရှိန်အဟုန်ထဲမှာ အလိုက်သင့်မျောပါနေသူတွေလည်းရှိတယ်။ အရှိန်အဟုန်ပြင်းစွာနဲ့ အမီလိုက်နေသူတွေလည်းရှိသလို အရိုးပေါ်အရွက်မဖုံး ယဉ်ကျေးမှုစိတ်နှလုံးနဲ့ အစဉ်အလာကို ထိန်းနေကြသူတွေရှိတာပေါ့။ အရာအားလုံးကို ပိတ်ဆို့တားဆီးလို့မှ မရတာ။ ပြောင်းလဲမှုတွေထဲမှာ အလွန်အကျွံပြောင်းလဲလာမှုတွေကို လက်ခံလာမယ်ဆိုရင်တော့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးနဲ့ ကိုယ့်ယဉ်ကျေးမှုကိုပါ ထိပါးလာနိုင်တာပေါ့။

တစ်နေ့က မြို့ထဲကို YBS နဲ့ သွားစရာကြုံလာပါတယ်။ ကားပေါ်တက်ကတည်းက ထိုင်စရာနေရာရမလားဆိုတဲ့စိတ်နဲ့တစ်ချက်ဝေ့ကြည့်လိုက်ပါတယ်။ ဒါပေမယ့် ချက်ချင်းပဲ ရှေ့ပိုင်းကို လျှောက်သွားလိုက်ပါတယ်။ အကြောင်းက တပည့်ကျောင်းသူတစ်ယောက်ကို တွေ့လိုက်ရလို့ပါပဲ။ ဘေးမှာသူ့ရဲ့မိတ်ဆွေကောင်လေးနဲ့။ ဝတ်စားထားတာကလည်း အလန်းစား။ နောက်ဆုံးပေါ်ဒီဇိုင်း။ ဘာပဲပြောပြော အဲဒီလိုပုံစံမျိုးတွေနဲ့တော့

> “ လူဆိုတာ နေရာဒေသ၊ ဌာနအလျောက် စွမ်းဆောင်နိုင်သူချည်းပါလို့ ဆိုထားပါတယ်။ အဲဒီလိုစွမ်းဆောင်နိုင်သူတွေဖြစ်ဖို့ ဆိုတာကတော့ သူ့အချိန် သူ့နေရာ သူ့ဒေသနဲ့ လိုက်လျောညီထွေတဲ့ . . . ”

တပည့်တွေကို မတွေ့လိုတာအမှန်ပါ။ ဒါကြောင့် အဲဒီတပည့်မော့မကြည့်ခင် ရှေ့ဘက်ကိုပဲ လှည့်နေမိလိုက်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်စဉ်းစားကြည့်မိတယ်။ ကိုယ်လည်း အဲဒီလောက် အသွန်အသင် အဆုံးအမ မနည်းခဲ့ပါဘူးလို့။

ထားပါတော့။ ၂၁ရာစုမှာနည်းပညာက အဆမတန်တိုးတက်လာနေတယ်။ လက်ကိုင်ဖုန်းဆိုတာကလည်း သန်း ၅၀ ကျော်လက်ထဲရောက်နေပါပြီ။ Facebook ခေါ်တဲ့ လူမှုကွန်ရက်စာမျက်နှာတွေဆိုတာကလည်း လူထုကြားမှာ ရေပန်းအစားဆုံးဖြစ်နေပါပြီ။ တောရောမြို့ပါ အသုံးတွင်ကျယ်နေတာကိုလည်း တွေ့ကြရမှာပါ။ Online အသုံးပြုသူတွေနဲ့ပတ်သက်ရင် ကောင်းကျိုးဆိုးကျိုးဆိုတာတွေကိုလည်း အလျဉ်းသင့်သလို မီဒီယာစာမျက်နှာတွေမှာ တွေ့နေရတာပါပဲ။ သုံးတတ်ရင်လည်း တစ်ကမ္ဘာလုံးက အသိပညာ အတတ်ပညာတွေကို အချိန်နဲ့အမျှ ရယူနိုင်သလို အသုံးမချတတ်ပြန်တော့လည်း အဆိပ်အတောက်တွေသာ ဖြစ်နေကြရတာပါ။

Online media သဖွယ် ဒေသဆိုင်ရာ သတင်းတွေကို ကိုယ်တိုင် ရိုက်ကူးထုတ်လွှင့်နိုင်တဲ့ခေတ်မို့ တချို့ သတင်းတွေဟာ သတင်းလောကအတွက် တန်ဖိုးကြီးလှပါတယ်။ အချိန်နဲ့တစ်ပြေးညီ သိခွင့်ရလို့ အချိန်မီ ကူညီကယ်ဆယ်နိုင်တာတွေ ကာကွယ်တားဆီးနိုင်တာတွေဟာ များစွာအကျိုးရှိလှပါတယ်။ တချို့ သတင်းတွေဆိုရင် နေ့စဉ် သတင်းမီဒီယာတွေထက်တောင် ကြိုတင်သိရှိနေကြရတယ်။ ဒါပေမယ့် အတည်ပြုလို့ မရနိုင်သေးတဲ့ သတင်းတွေကို အလျင်စလို တင်လိုက်တဲ့အတွက် သတင်းမှားယွင်းသွားတဲ့ အခါမှာလည်း အတိုင်းအတာတစ်ခုအထိ ထိခိုက်နစ်နာမှုတွေ ရှိသွားနိုင်တာမို့ ချင့်ချိန်သင့်ပါတယ်။

တချို့သောသူတွေဟာ Online ကို အပြုသဘောမဆောင်တဲ့ဘက်မှာ အားသာနေတာကိုလည်းတွေ့ရတယ်။ မိမိတစ်ဦးတစ်ယောက်ရဲ့ မကျေနပ်မှုတွေ၊ ပုဂ္ဂိုလ်ရေးအခဲမကျေမှုတွေ၊ ဆဲရေးတိုင်းထွာမှုတွေကို live လွှင့်ပြီး တင်နေတာတွေကလည်း အရုပ်ဆိုးအကျည်းတန်လှပါတယ်။ မိမိရဲ့တန်ဖိုး မိမိရဲ့ဂုဏ်သိက္ခာကို မိမိကိုယ်တိုင် တန်ဖိုးချနေသလိုပါပဲ။ အထူးသဖြင့် ပြောလိုတာကတော့ ရပ်ကွက်ထဲက 'ပွကြီး' တို့လို ပါလေရာ ငါးပိဖြစ်နေတဲ့သူတစ်ဦးက live လွှင့်ပြီး ဆဲဆိုနေလည်း ဘယ်သူကမှတော့ အရေးစိုက်ချင်မှစိုက်မှာပေါ့။ ဒါပေမယ့်နာမည်ကြီး (Cele) တစ်ယောက်က ပြုလုပ်နေတယ်ဆိုရင်တော့ ဒါက သတင်းပါ။ ခပ်ဟော့ဟော့ သတင်းတောင်ဖြစ်သွားနိုင်ပါတယ်။

လူ့သဘောကတော့ အရှင်းဆုံးပြောရရင် ထင်ပေါ်ချင်တယ်၊ ကျော်ကြားချင်တယ်။ အဲဒီအတွက် နည်းမျိုးစုံနဲ့ ထုတ်ဖော်လာတတ်ကြတယ်။ နည်းမှန်လမ်းမှန်နဲ့ ကြိုးစားချင်သူက ရှားပါးလာတယ်။ Facebook မှာ ကြည့်ရင်သိသာတယ်။ နည်းမျိုးစုံနဲ့ ကြော်ငြာနေကြသလိုပဲ။ တချို့ Cele တွေရဲ့ ဝတ်စားဆင်ယင်မှုဟာ အချိန်အခါနေရာဒေသနဲ့ လိုက်ဖက်ဖို့လိုပါတယ်။ သိမ်မွေ့ဖို့လိုတဲ့ နေရာမှာ သိမ်မွေ့နေရမယ်။ ဘုန်းကြီးကျောင်းသွားမယ်ဆိုရင် ဘယ်လိုအလှူအတန်းသွားမယ်ဆို ဘယ်ပုံဝတ်စားဆင်ယင်ရမယ်ဆိုတာတွေ နားလည်ထားဖို့ သင့်တာပေါ့။

## သတိမူမိကြဖို့

ဆိုရရင် မိမိဟာ နာမည်ကြီး အဆိုတော်လား၊ နာမည်ကြီးစာရေးဆရာလား၊ နာမည်ကြီးသရုပ်ဆောင်လား။ မိမိကိုယ်မိမိ လူသိများတဲ့ Cele တစ်ယောက်ဖြစ်နေပြီဆိုရင်တော့ အစစအရာရာ သတိထားဖို့ ကောင်းပါတယ်။ စိတ်လွတ်ကိုယ်လွတ် ထင်တိုင်းကြဲလို့မသင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မိမိရဲ့ နောက်မှာ အတုယူအားကျမယ့် မျိုးဆက်သစ်တွေ အများကြီးရှိနေတယ်ဆိုတာကို သတိချပ်သင့်တယ်။ လူငယ်တွေရဲ့ အတုခိုးမှုက မြန်ပါတယ်။ မင်းသားဆေးလိပ်သောက်ရင် လှမလားလို့ သောက်ပြချင်တယ်။ ကိုရီးယားကားတွေ အကြည့်များလာတော့ ကောင်လေးတွေက ကောင်မလေးတွေကို ကျောပိုးလာကြတယ်။ မိန်းကလေးတွေက ဆိုဂျူဆိုတဲ့ အရက်တစ်မျိုးကို နှစ်နှစ်ခြိုက်ခြိုက် သောက်ပြလာကြတယ်။ အတုမြင်အတတ်သင် မှုဆိုတာကောင်းတဲ့အတုယူမှုမျိုးပဲ ဖြစ်သင့်တာပေါ့။ တကယ်တော့ နာမည်ကြီးဖို့၊ ထင်ပေါ်ကျော်ကြားဖို့ဆိုတာ မိမိရဲ့ အရည်အသွေး၊ အရည်အချင်း၊ စွမ်းဆောင်ရည်နဲ့ပဲဆိုင်ပါတယ်။ စွမ်းဆောင်ရည်ပြည့်ဝနေသူ တစ်ယောက်အဖို့ ဘယ်လိုမှ ဖုံးဖိထားလို့ မရပါဘူး။ အစေ့အညှောင့်လေး တစ်ခုဟာ ဘယ်လိုပဲ မြေကြီးနဲ့ ဖုံးဖိထားပါစေ အချိန်တန်ရင် ထိုးဖောက် ထွက်လာနိုင်တာပါပဲ။ ဆိုလိုတာကတော့ ထင်ပေါ်ကျော်ကြားဖို့အတွက် မိမိသိက္ခာကို ချပြီးလူမြင်ကွင်းမှာ မတင့်တယ်မှုကို ရုပ်လုံးဖော်နေဖို့ လိုမယ်မထင်ပါဘူး။ လူ့အဖွဲ့အစည်းတွင်းမှာ ကဲ့ရဲ့ပြစ်တင်မှုတွေ၊ မလိုလားမှုတွေကို သတိမူမိကြဖို့လိုပါတယ်။

ဒီကနေ့ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီနိုင်ငံမှာ ကိုယ်လုပ်ချင်ရာလုပ်၊ နေချင်သလိုနေ၊ ဝတ်ချင်သလိုဝတ်နိုင်တဲ့ လွတ်လပ်မှုမျိုးဟာ ဒီမိုကရေစီမဟုတ်ပါဘူး။ ဒီမိုကရေစီရဲ့ လွတ်လပ်မှုမျိုးဟာ စည်းနဲ့ကမ်းနဲ့ ပြည့်ဝနေတဲ့ ဒီမိုကရေစီပါ။ စည်းကမ်းပြည့်ဝပြီးသား ဒီမိုကရေစီပါ။ အရေခြုံလွတ်လပ်မှုမျိုးတွေနဲ့ ဒီမိုကရေစီကို အရောင်မဆိုးကြပါနဲ့။ မိမိရဲ့ လွတ်လပ်မှုဟာ မိမိအတွက်လည်း သိက္ခာမရှိ အများအတွက်လည်း အကျိုးမရှိရင်တော့ ပရမ်းပတာလွတ်လပ်မှုမျိုးပဲ ဖြစ်နေပါလိမ့်မယ်။

လူဆိုတာ "နေရာဒေသ၊ ဌာနအလျောက် စွမ်းဆောင်နိုင်သူချည်းပါ" လို့ဆိုထားပါတယ်။ အဲဒီလို စွမ်းဆောင်နိုင်သူတွေဖြစ်ဖို့ဆိုတာကတော့ သူ့အချိန် သူ့နေရာ သူ့ဒေသနဲ့ လိုက်လျောညီထွေတဲ့ပြုမူပြောဆိုနေထိုင်ကျင့်ကြံ ဝတ်စားဆင်ယင်တတ်မယ်ဆိုရင်တော့ လောကကိုလည်း အလှဆင်ရာရောက်သလို ဘဝကိုလည်း ပြုပြင်နေထိုင်ရာကျလို့မို့ မိမိတို့ရဲ့ရှင်သန်မှု ဂုဏ်သိက္ခာတွေလည်း ပိုပြီးမြင့်တက်လာနိုင်တယ်လို့ ပြောချင်တာပါ။ ။

# ရေကြီးနစ်မြုပ်သည့် ဒေါ်လန်းကျေးရွာရှိ ပြည်သူများအား သွားရောက်ထောက်ပံ့



**ဘားအံ ဇူလိုင် ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ဒေါ်လန်း ကျေးရွာ၌ မိုးရွာသွန်းမှုများပြားပြီး ချောင်းရေ မြင့်တက်လာကာ လွှမ်းခဲ့သည့်တစ်ပတ်ခန့်က ရေကြီးနစ်မြုပ်ခဲ့ရာ ရေဘေးစခန်းများရှိ ရေဘေး ကျရောက်နေသည့် ပြည်သူများအား ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီက ကရင်ပြည်နယ်အစိုးရ အဖွဲ့နှင့် စေတနာရှင်များက ထောက်ပံ့ လှူဒါန်းသည့် ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့ကြ သည်။

ဒေါ်လန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ အထက ကျောင်းနှင့် ကွမ်ဖော်ဘုန်းတော်ကြီး ကျောင်းတို့တွင် ယာယီရေဘေးစခန်း သုံးခု ဖွင့်လှစ်ထားခဲ့ရာ ကရင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် မွန် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင် ဝင်း၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဆရာဝန်၊ ဘားအံခရိုင် အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များသည် ကရင် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၊ ဘားအံမြို့ တော်ဝင်သုခအထူးကု ဆေးရုံနှင့်အလှူရှင်များက ထောက်ပံ့လှူဒါန်း သော ဆန် ၂၅ အိတ်၊ ကြက်ဥအလုံး ၅၀၀၊ ဆီပိဿာချိန် ၈၀ ၊ အသင့်စား ခေါက်ဆွဲထုပ် ဖာ ၃၀၊ အဝတ်အထည်စုံပါဝင်သည့် အထည် ထုပ် ၁၅၀ နှင့် ရေသန့်ဆေးနှင့် အရေးပေါ် အသုံးပြုနိုင်သည့် ဆေးဝါးများကို ထောက်ပံ့ ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



# ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခု ရာနှုန်းပြည့်နီးပါးပြီးစီး

**မကွေး ဇူလိုင် ၃၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလထိ ခြောက်လအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခု အား တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၅၅၂ ဒသမ ၉၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ရှစ်ခုမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ပြီး ကျန်နှစ်ခုမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံမှ သိရသည်။

ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာ ချင်းတွင်းမြစ်ရေတိုက်စားမှု၊ ပေါက်မြို့နယ် သမားတော်ကျေးရွာ ရေပြာချောင်း တိုက်စားမှု၊ ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာ အုပ်စု ထူးပေါက်-အင်းကုန်းကျေးရွာ ကမ်းပြိုမှု၊ ငဖဲမြို့နယ် နယ်ဇောကျေးရွာ မန်းချောင်းရေတိုက်စားမှု၊ ပေါက်မြို့နယ် ချောင်းကူးကျေးရွာကမ်းပြိုမှု၊ ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာ ပင်းချောင်းရေတိုက်စားမှု၊ စလင်းမြို့နယ် ဆင်မကွန်းကျေးရွာကမ်းပြိုမှု၊ အောင်လံမြို့နယ် ရွာထောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ချောင်းရေတိုက်စားမှုစသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ရှစ်ခုမှာ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"ကျန်နေသေးတဲ့ ဆင်ပေါင်ဝဲမြို့နယ် စည်တိုင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းက ၉၀ ရာခိုင်နှုန်းပြီးနေပါပြီ၊ ကံမမြို့နယ်ထဲက ရေနံသာကျေးရွာ မန်းချောင်းရေ တိုက်စားမှုလုပ်ငန်းကတော့ ရေတက်နေလို့ ဆောင်ရွက်မှုအပိုင်းက ၇၀ ရာနှုန်းလောက်ပဲ ပြီးပါသေးတယ်၊ ဆောင်ရွက်နေရတဲ့ လုပ်ငန်း ၁၀ ခုထဲမှာ ကိုးခုက ချောင်းရေတိုက်စားတာကြောင့်ဖြစ်ပြီး တစ်ခုက မြစ်ရေတိုက်စားမှုကြောင့် ဖြစ်တာကိုတွေ့ရပါတယ်" ဟု မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်က ပြောသည်။

ယခု ခြောက်လတာလုပ်ငန်းများပြီးစီးလျှင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၆ ခု ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြထားမှုအား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုထားပြီဖြစ်သည့်အတွက် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သုံးဘီလီယံခန့် သုံးစွဲဆောင်ရွက်ရန်ရှိနေကြောင်း ဦးဇော်လွင်က ဆိုသည်။

ယခုနှစ်မိုးရာသီကာလ မိုးများသော်လည်း ဆောင်ရွက်ထားပြီး လုပ်ငန်းများမှာ ပျက်စီးမှုမရှိဘဲ ကျေးရွာများကို အကာအကွယ်ပေးနိုင်ခဲ့ကြောင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မကွေးတိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပြည်ထောင်စုဘတ်ဂျက်မှ နှစ်စဉ်ချထားပေးနေကြောင်း သိရသည်။

**ဧယျတု (မကွေး)**

## တိုတိုထွာထွာဖတ်စရာ

### ချောင်းဦးမြို့၌ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ချောင်းဦး**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ ဌာနပေါင်းစုံ မိုးရာသီစုပေါင်း သန့်ရှင်းရေးကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်၊ ပေါင်းမြက်များအား သန့်ရှင်းရေးပြုလုပ်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ချုံနွယ်၊ ပေါင်းမြက်များအား ရှင်းလင်းခြင်းများ ဆောင်ရွက်ပြီး အမှိုက်သိမ်းယာဉ်ဖြင့် ရှင်းလင်းခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### ပြည်ထောင်စုအခွန်အကောက်ဥပဒေ မင်းလှ၌ ရှင်းလင်း

**အထက်မင်းလှ**

သရက်ခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခွဲက ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေရှင်းလင်းပွဲနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အခွန်အများဆုံး ထမ်းဆောင်သူ ၁၀၀၀ စာရင်းဝင် အခွန်ထမ်းပြည်သူများအား ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲကျင်းပခဲ့သည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အခွန်အများဆုံးထမ်းဆောင်သူ ၁၀၀၀ စာရင်းဝင်ခဲ့သည့် မင်းလှမြို့နယ်မှ အခွန်ထမ်းပြည်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က ဂုဏ်ပြုလက်မှတ်များအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ကိုသက်(အထက်မင်းလှ)**

### ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် မိုင်းအခြေခံဆင့်ပွားသင်တန်းဖွင့်

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် မိုင်းအခြေခံဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းက မိမိတို့၏ ရဲလုပ်ငန်းတာဝန်များကို အစဉ်အမြဲလေ့ကျင့်နေရန်လိုအပ်ကြောင်း၊ သင်တန်းမှ ပို့ချသင်ကြားပေးမည့် မိုင်းအခြေခံနည်းပညာရပ်များကို ဂရုတစိုက် လေ့လာသင်ယူကြရန်တို့ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

သင်တန်းသား တပ်ဖွဲ့ဝင် ၃၀ တို့ တက်ရောက်ခဲ့ပြီး မိုင်းအခြေခံဆင့်ပွားသင်တန်းအား ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး ပြည်တွင်းထုတ်ဆီများရောင်းချ

**မန္တလေး**

စက်သုံးဆီဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရန် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ပြည်တွင်းထုတ်ဓာတ်ဆီများအား နိုင်ငံပိုင်ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်များ၌ ရောင်းချပေးလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) ရေနံချက်စက်ရုံမှ ထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီများအား တစ်ဂါလန် ကျပ် ၃၈၀၀ နှုန်းဖြင့် မန္တလေးမြို့အပါအဝင် မြို့ကြီးများရှိ နိုင်ငံပိုင် စက်သုံးဆီ အရောင်းဆိုင်များ၌ ရောင်းချပေးလျက်ရှိသည်။

မန္တလေးမြို့ရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင်များတွင် ဇူလိုင် ၃၀ ရက်က ဓာတ်ဆီတစ်လီတာကျပ် ၉၀၀၊ အောက်တိန်း ၉၂ တစ်လီတာ ကျပ် ၉၅၀၊ အောက်တိန်း ၉၅ တစ်လီတာ ၉၉၅ ကျပ်၊ ဒီဇယ် တစ်လီတာ ကျပ် ၉၆၀၊အဆင့်မြင့် ဒီဇယ်တစ်လီတာ ၉၇၅ ကျပ်ဈေးရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ခေတ်လေးခေတ်ဟန်ကို ရေးဆွဲထားသည့် တန်ဖိုးမြင့် ပုလင်းပန်းချီမှာ တစ်မူထူးခြားနေ

**မန္တလေး ဇူလိုင် ၃၀**

ရှားပါးပြီး စိတ်ဝင်စားဖွယ်ဖြစ်သည့် ပုလင်းပန်းချီရေးဆွဲမှုတွင် ပုလင်းအမြင့် ၁၆ လက်မ လုံးပတ် ၂၈ လက်မ အရွယ်အစားရှိ ပုလင်းကြီးအတွင်း ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ဆိုသော ခေတ်လေးခေတ် ဝတ်စားဆင်ယင်မှုများဟန်ကို သီးသန့်မှာယူသည့်အတွက် ရေးဆွဲပေးလျက်ရှိသည်။

ခေတ်လေးခေတ် ဝတ်စားဆင်ယင်မှုရေးဆွဲနိုင်ရန်အတွက် ဦးအေးမြင့် (မြန်မာမှုဒီဇိုင်းသုတေသီ)၏ စာအုပ်မျက်နှာဖုံးပန်းချီစာအုပ်ကို လေ့လာကာရေးဆွဲခဲ့ရသည်။ ပုလင်းအရွယ်အစားကြီးမားကာ ပုလင်းအဝတွင် အထစ်သဖွယ်ဖြစ်နေသည့်အတွက် သာမန်ပုလင်းပန်းချီရေးဆွဲသည့် စုတ်တံဖြင့် ရေးဆွဲမရဖြစ်ကာ အခက်အခဲဖြစ်သည့်အတွက် သီးခြားစုတ်ကို ကိုယ်တိုင်ထိုးကာ ရေးဆွဲခဲ့ရကြောင်း သိရသည်။

ခေတ်လေးခေတ်တန်ဖိုးမြင့် ပုလင်းပန်းချီတစ်လုံးကို ငွေကျပ်သိန်း ၂၀ ဖြင့် ရောင်းချခဲ့ပြီး ဆက်လက်ရေးဆွဲလျက်ရှိကြောင်း မန္တလေးမြို့အနီး အမရပူရမြို့ မြေပဲတန်းရပ်ရှိ ပုလင်းပန်းချီရေးဆွဲသူ ဦးချစ်မြက ဇူလိုင် ၂၉ ရက်က ပြောပြသည်။

ရှားပါးပြီး အနုပညာလက်ရာမြောက်သည့် မှန်ပန်းချီ၊ ပုလင်းပန်းချီ၊ အုန်းခွက်ပန်းချီ၊ ဘူးပန်းချီများကို ရေးဆွဲမှုလုပ်ငန်းမှာ ကင်းဘတ်ပေါ်တွင်ရေးဆွဲသည့် ပန်းချီကို အခြေခံကာ မှန်ပန်းချီရေးဆွဲခြင်းလုပ်ငန်းမှ စတင်ခဲ့ပြီး ပုလင်းပန်းချီမှာ ပုလင်းအတွင်းမှ ရေးဆွဲရသည့်အတွက် ခက်ခဲလှသည်။

၂၀၀၇ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ပညာရှင်များက မြန်မာနိုင်ငံမှ ပုလင်းပန်းချီရေးဆွဲသူ ဦးချစ်မြကို ရှာဖွေပြီး ပုလင်း ပန်းချီ၊ မှန်ပန်းချီများကို သုတေသနပြုလုပ်ခဲ့ပြီး လက်ရှိကာလအထိ အမေရိကန်တက္ကသိုလ်ပညာရှင်များ မြန်မာနိုင်ငံတက္ကသိုလ် ပညာရှင်များ ပူးပေါင်းကာ ရှားပါးလက်ရာဖြစ်သည့် မှန်ပန်းချီနှင့်ပုလင်းပန်းချီ သုတေသနပြုမှုအတွက် ရေးဆွဲပေးနေရသည်။

နိုင်ငံတကာမှ ပန်းချီ၊ ပန်းပုပညာရှင်များ၊ အဆက်မပြတ် လာရောက်လေ့လာမှုများ



ပညာနှီးနှောဖလှယ်မှု ပြုလုပ်သည့်အခါများတွင် အခါအားလျော်စွာ ပြပွဲများနှင့် နှီးနှောဖလှယ်ပွဲများကို ပြုလုပ်ပေးလျက်ရှိသည်။ လက်ရှိကာလတွင် ပုလင်း၊ မှန်၊ အုန်းခွက်၊ ဘူးခါးသီးပန်းချီများကို တွင်ကျယ်စွာ ရေးဆွဲလျက်ရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## အိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်မယ်နှင့် အမျိုးသား၊ အမျိုးသမီး ကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီက ကြီးမှူး၍ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ရွှေမန်းမောင်၊ ရွှေမန်းမယ်နှင့် အမျိုးသား၊ အမျိုးသမီး ကြံ့ခိုင်မှုပြိုင်ပွဲများကို ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ရွှေမန်းမောင် အငယ်တန်းပြိုင်ပွဲတွင် ၁၆ ဦး၊ အကြီးတန်းပြိုင်ပွဲတွင် ခြောက်ဦး၊ ရွှေမန်း ကာယကြံ့ခိုင်မှုမယ် ၁၆၀ စင်တီမီတာအောက် ပြိုင်ပွဲတွင် ရှစ်ဦး၊ ၁၆၀ စင်တီမီတာအထက် ပြိုင်ပွဲတွင် ခုနစ်ဦး၊ ၁၇၀ စင်တီမီတာအထက် ပြိုင်ပွဲတွင် ကိုးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ရွှေမန်းမောင် အငယ်တန်း ကာယဗလမောင်ပြိုင်ပွဲတွင် ပထမ အောင်ကိုသက်၊ ဒုတိယ ထက်အာကာလင်း၊ တတိယလွင်ကို၊ အကြီးတန်းပြိုင်ပွဲတွင် ပထမ လမင်းတရာ၊ ဒုတိယ စိုင်းချစ်ငွေ၊ တတိယ အောင်ကိုသက်၊ Sport Physique 170 cm အောက် ပြိုင်ပွဲ၌ ပထမ အောင်အောင်၊ ဒုတိယ လွင်ကို၊ တတိယ ကျော်စွာယု၊ Model Physique 160 cm အောက် ပြိုင်ပွဲတွင် ပထမ ယဉ်ယဉ်၊ ဒုတိယ တိုးတိုးလွင်၊ တတိယ ဖြူဖြူဝင်းတို့က ရရှိကြပြီး 160 cm အထက်ပြိုင်ပွဲတွင်ပထမ မေသူစိုး၊ ဒုတိယ ဝါဝါသိန်း၊ တတိယ ရွှေရည်မင်းအိမ်၊ စတုတ္ထ လွင်မီမိုး၊ ပဉ္စမ နန်းမိုးခေးတို့က ရရှိကြသည်။




တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တိုင်းကာယဗလ နှင့် ကာယကြံ့ခိုင်မှုကော်မတီဝင်များဖြစ်ကြသည့် ဒေါ်သန္တာဘုန်းဝင်း၊ ဒေါ်ကြည်ကြည်ဆွေ၊ တွဲဖက်ပါမောက္ခ(ငြိမ်း)ဒေါ်သက်နုလင်းတို့က ဆုအသီးသီးချီးမြှင့်ကြသည်။

တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြင့်နှင့် ဆပ်ကော်မတီဝင်များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပူးပေါင်းပါဝင်ကူညီကြသည့် အလှူရှင် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကိုယ်ကာယကြံ့ခိုင်မှုသင်တန်းကလပ်များမှ နည်းပြများနှင့် အားကစားသမားများ၊ ပြိုင်ပွဲဝင်များ၊ အခြားဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်အားပေးခဲ့ကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# နည်းပညာတက္ကသိုလ် လေးခုမှ ဘွဲ့သင်တန်း ၁၈ ခုကို အရည်အသွေးစိစစ် အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်

**ရန်ကုန် ဇူလိုင် ၃၀**

ဒေသတွင်း အာရှပစိဖိတ်ဒေသစံနှုန်းများနှင့်အညီ အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ပြီး အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်လေးခုမှ ဘွဲ့သင်တန်း ၁၈ ခု အား ပဏာမအသိအမှတ်ပြု (Provisional Accredited) လက်မှတ်ချီးမြှင့်ခြင်း (တတိယအကြိမ်) နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး Function Hall တွင် ကျင်းပခဲ့သည်။

အဆိုပါ အရည်အသွေးစိစစ်အသိအမှတ်ပြုလက်မှတ်များကို မန္တလေးနည်းပညာတက္ကသိုလ်မှ ဘွဲ့သင်တန်းခုနစ်ခု၊ နည်းပညာတက္ကသိုလ် (သန်လျင်) မှ ဘွဲ့သင်တန်းသုံးခု၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) မှ ဘွဲ့သင်တန်းခြောက်ခု၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဘွဲ့သင်တန်းနှစ်ခုတို့က ရရှိခဲ့ခြင်း ဖြစ်သည်။

"ဒီအင်ဂျင်နီယာကောင်စီ စိစစ်အသိအမှတ်ပြုလက်မှတ်က ကမ္ဘာ့အဖွဲ့အစည်းအသီးသီးရဲ့ အသိအမှတ်ပြုလက်မှတ်နဲ့ တန်းတူအသိအမှတ်ပြုခြင်းကို ခံရတာဖြစ်ပါတယ်။ ဒီလိုအသိအမှတ်ပြုခံရဖို့အတွက် အရည်အသွေးမြှင့်တင်ရေးတွေ၊ staff training တွေ စဉ်ဆက်မပြတ်လုပ်ရတယ်။ ချမှတ်ထားတဲ့ ဥပဒေတွေ၊ လမ်းညွှန်ချက်တွေနဲ့အညီ ကိုက်ညီအောင် ကြိုးစားရတယ်။ ဒါကြောင့် ဒီစံကိုမီအောင် ကြိုးစားရတဲ့အတွက်ကြောင့်ပဲ နည်းပညာတက္ကသိုလ်က လူငယ်အင်ဂျင်နီယာတွေအတွက် မျိုးဆက်သစ် အင်ဂျင်နီယာတွေရဲ့ အရည်အသွေးတွေကလည်း အများကြီး မြင့်မားလာပါတယ်" ဟု မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေါက်တာကေသီလွင် (ပါမောက္ခချုပ်၊ နည်းပညာတက္ကသိုလ်၊ မှော်ဘီ)က ပြောသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာပညာရေးမြင့်မားစေရန်နှင့် ဒေသဆိုင်ရာ နယ်ပယ်အဆင့်မှ နိုင်ငံတကာနယ်ပယ်အထိ အသိအမှတ်ပြုခံရရေး၊ အင်ဂျင်နီယာပညာရေးမူဝါဒ၊ လမ်းညွှန်ချက်များကို စနစ်တကျချမှတ်နိုင်စေရေးအတွက် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အင်ဂျင်နီယာအဖွဲ့အစည်းများဖြစ်သည့် World Federation of Engineering Organization ( WFEO)၊ Federation of Engineering Institution of Asia and Pacific (FEIAP)၊ Network of Accreditation Bodies for Engineering Education in Asia (NABEEA)၊ International Network for Quality Assurance Agencies in Higher Education(INQAAHE) စသည့်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။

ယင်းတို့ သတ်မှတ်ထားသည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ နည်းပညာတက္ကသိုလ်များနှင့် အင်ဂျင်နီယာပညာရှင်များကို အဆင့်ဆင့်စိစစ်ရွေးချယ်ကာ အရည်အချင်းအသိအမှတ်ပြုလက်မှတ်များကို ယခုကဲ့သို့ ချီးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ တက်ရောက်ခဲ့ကြသည်။

**ကြေးမုံ**

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် စံပြစိုက်ခင်းနှင့် စမ်းသပ်ကွက် ကြည့်ရှု

**ဝါးခယ်မ ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ခင်းနှင့် ကံကွင်းကျေးရွာရှိ စပါးဖျက်ရွှေခရုကာကွယ်ရေး သုတေသနစမ်းသပ်ကွက်တို့ကို ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ယင်းသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းနှင့် တာဝန်ရှိသူများက တောင်သူဦးရွှေပွား၏ စံပြစိုက်ခင်း၌ ကောက်စိုက်စက်ဖြင့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့များ စိုက်ပျိုးထားရှိမှု၊ ပေါင်းလိုက်သမန်းနှိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စပါးဖျက် ရွှေခရုကာကွယ်ရေး သုတေသနစမ်းသပ်ကွက်၌ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စီးပွားဖြစ် မျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ်မှုဖြင့် ဒေသခံတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသော စံပြစိုက်ကွက်၊ ရွှေခရုကာကွယ်ရေး သုတေသနစမ်းသပ်ကွက်များကို အခြေခံကာ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သင့်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေး ကာကွယ်ရေး အဘိတ်ဆေးခတ်

**ရန်ကုန် ဇူလိုင် ၃၀**

တာမွေမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးယုလေးအောင်နှင့် မြို့နယ်ကျန်းမာရေးမှူး ဒေါ်ယဉ်မင်းသန့်တို့ကြီးကြပ်လျက် ဝန်ထမ်းများသည် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်း (၁၆၁) ဝင်းအတွင်း ဇူလိုင် ၂၆ ရက်နံနက်က ခြင်ထောင်ဆေးစိမ်ပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ခြင်ထောင်ဆေးစိမ်ခြင်းကြောင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဇီကာဗိုင်းရပ်(စ်) ရောဂါတို့အပြင် သန်း၊ ကြမ်းပိုး၊ ခြ၊ လေးတို့လည်းကာကွယ်နိုင်သည်။

မိုးရာသီကာလ အဘိတ်ဆေးခတ်ခြင်းသည် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်း အတွက် ပိုးလောက်လမ်း နှိမ်နင်းခြင်းဖြစ်ကြောင်း သိရသည်။ **မောင်မောင်**

# ဝေါမြို့နယ်အတွင်းရှိ ပုကိုင်တာနှင့် မိုးယွန်းကြီးတာ ကြံ့ခိုင်မှုရှိ



**ဝေါ ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်အတွင်းရှိ ပုကိုင်တာနှင့် မိုးယွန်းကြီးတာပေါင်များမှာ ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီထိ စိုးရိမ်ဖွယ်အခြေအနေမရှိဘဲ ကြံ့ခိုင်မှုရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်း၏ ဝေါမြို့နယ်အတွင်းရှိ ပုကိုင်တာနှင့် မိုးယွန်းကြီးတာ ကြံ့ခိုင်မှုရှိ၊ မရှိ သွားရောက်စစ်ဆေးမှုအရ သိရသည်။

ဝေါမြို့နယ်အတွင်းရှိ ပဲခူးစစ်တောင်းတူးမြောင်း ရေပြည့်မှတ်မှာ ၂၂ ဒသမ ၈ ပေရှိပြီး မိုးယွန်းကြီးရေလှောင်ကန်ရေအမှတ် ၂၃ ဒသမ ၇ အမှတ်ရှိသည်။ ရေတံခါးအပေါက်ကြီးသုံးပေါက်နှင့် ပြွန်ငယ်ခုနစ်ခုမှ မိုးရာသီဆည်မြောင်းလုပ်ထုံးလုပ်နည်းအတိုင်း ဖွင့်ထားပြီး ကန်ပေါင်နှင့် ၆ ဒသမ ၅ ပေခန့်သာကွာပြီး စိုးရိမ်စရာမရှိကြောင်း တွေ့ရှိရသည်။ အလားတူ ပုကိုင်တာရေပြင်နှင့် ငါးပေခန့်ကျန်ရှိပြီး စိုးရိမ်စရာမရှိဘဲ ကြံ့ခိုင်မှုရှိကြောင်း သိရသည်။

ဝေါမြို့နယ်အတွင်း အနိမ့်ပိုင်းနေရာအချို့မှလွဲ၍ ဒေသခံပြည်သူများ သွားလာရောင်းဝယ်ဖောက်ကားမပျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

## နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ရွှေပြည်သာမြို့နယ်၌ကျင်းပ

**ရန်ကုန်**

နိုင်ငံတော်သမ္မတဦးဝင်းမြင့်သည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားမှ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်တို့က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ကြီးမြို့ ရေဘေးရှောင်ပြည်သူများအား စားသောက်ကုန်များ လှူဒါန်း

**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ရေဘေးရှောင်ပြည်သူ ၁၂၀၇ ဦးတို့အား မြို့တွင်းကျောင်းတိုက်မိုးကုတ်ဓမ္မရိပ်သာ၊ ရွှေမင်းဝံကသစ်ဝိုင်ဓမ္မရိပ်သာ၊ မြို့ဦးဘုန်းတော်ကြီးကျောင်းတို့တွင် ရေဘေးစခန်းများဖွင့်လှစ်ထားရှိကာ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံတပ်ရင်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

ရေဘေးရှောင်ပြည်သူများအား မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ဆန်ခြောက်ပြည်အိတ် ၁၀၀၊ ဆီဘူး ၁၀၀၊ ငါးသေတ္တာဘူး ၁၀၀၊ ခေါက်ဆွဲခြောက်ငါးထုပ်ပါအထုပ် ၁၀၀၊ ရေသန့်ကတ် ၁၀၀ လှူဒါန်းခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ဆန် ၁၃ အိတ်နှင့် ခေါက်ဆွဲခြောက်နှစ်ဖာတို့ကို လှူဒါန်းခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ထန်းတပင်၌ မူခင်းအသိပညာပေးဆွေးနွေး

**ရန်ကုန်**

သက်ငယ်မုဒိမ်းမှုပပျောက်ရေး မူခင်းအသိပညာပေးဆွေးနွေးပွဲနှင့် အဘိတ်ဆေးမှုန့်များ ဖြန့်ဝေပေးအပ်ခြင်းကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဆတ်ကလေးကျေးရွာ အောင်မြေဘုံလျှမ်ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက အမျိုးသမီးများဘဝလုံခြုံစေရေး၊ သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှုမရှိစေရေးကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေးက သောက်သုံးရေများနှင့် သုံးရေများတွင် ပိုးလောက်လမ်းများ မပေါက်ပွားစေရေးကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး အဘိတ်ဆေးမှုန့်များကို ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်ဖွဲ့စည်း

**ရန်ကုန်**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာသေနတ်ပစ်အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံး ရွေးချယ်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌ ဦးကျော်မိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်ဦး၊ အတွင်းရေးမှူး ဦးသန်းစိုး၊ တွဲဖက်အတွင်းရေးမှူး (၁/၂) တို့နှင့်အတူ အလုပ်အမှုဆောင်စုစုပေါင်း ၁၉ ဦးတို့အား ဇူလိုင် ၂၅ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်းနှင့် အဆိုပါအဖွဲ့အစည်းသည် အားကစားအဖွဲ့ချုပ်များထဲတွင် ပထမဦးဆုံး ရွေးချယ်တင်မြှောက်ပွဲပြုလုပ်၍ ဖွဲ့စည်းခဲ့သည့် အဖွဲ့ချုပ်ဖြစ်ကြောင်း သိရသည်။ **နေသစ်ဦး**

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှု

**ပြည်**

ပြည်ခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းများထဲမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေသည့် ချင်းကုန်းနှင့် ပွေးယားရွာရှိ မြစိမ်းရောင်လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများကို ပြည်ခရိုင်ကျေးလက်ဦးစီးဌာန တာဝန်ရှိသူများက ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သူရအောင် (ပြည်)**

# ဘိလပ်ပြည်သား မြန်မာ့သူရဲကောင်း

ME (ယူကေ)

### ယမန်နေ့မှအဆက်

တိုက်ပွဲအပြီး အထက်အရာရှိကြီးများ၏ အစီရင်ခံစာများတွင် ရန်သူနှင့် ယှဉ်ပြိုင်တိုက်စစ် ဆင်နွှဲရာ၌ ဗိုလ်ကြီး Vertannes ၏ တိုက်ပွဲအတွင်း လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝမှု၊ စွမ်းရည်သတ္တိ ထွန်းတောက်မှုတို့အပေါ် ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် မှတ်တမ်းတင်ဖော်ပြခြင်း ခံခဲ့ရသည်။ ထို့နောက် ဒုတိယ ဗိုလ်မှူးကြီး နော်တောင် လက်ထက်တွင် ဒုတပ်မမှူးအဖြစ် ရာထူးတိုးမြှင့်ခြင်း ခံခဲ့ရသည်။

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ အရန်တပ်ရင်းအဖြစ် နယ်မြေရှင်းလင်းရေးများ ခြောက်လကြာ ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာပြည်မြောက်ပိုင်းအတွက် ခေတ်ဆီ၊ ဒီဇယ်ဆီနှင့် ရေနံဆီ အထောက်အပံ့များ ရယူရန် ၁၉၄၉ ခုနှစ် ဇူလိုင်လတွင် ချောက်မြို့ရှိ မြန်မာ့ရေနံကုမ္ပဏီ ဌာနချုပ်သို့ ကချင်သေနတ်ကိုင်တပ်ရင်း (၃)မှ တပ်ခွဲ တစ်ခွဲနှင့်အတူ သွားရောက်ခဲ့သည်။

### ချောက်မြို့မှအပြန်

လောင်စာဆီများ သယ်ဆောင်လာရသော ဗိုလ်မှူး Vertannes ၏ တပ်ဖွဲ့မှာ ချောက်မြို့မှ အပြန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီအဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ကြရသည်။ ဗိုလ်မှူး၏ တပ်ဖွဲ့မှာ တိုက်ပွဲတွင် အနိုင်ရရှိကာ မြင်းခြံမြို့အား ရန်သူ့လက်မှ ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

ထိုစဉ် ဗမာ့သေနတ်ကိုင်တပ်ရင်း(၁) မှာ ရှမ်းပြည်တောင်ပိုင်းရှိ တောင်ကြီးမြို့ကို ပြန်လည်သိမ်းပိုက်ရန် စစ်ဆင်ရေးများ ဆင်နွှဲနေချိန်ဖြစ်သည်။ များမကြာမီ ကချင်သေနတ်ကိုင်တပ်ရင်း (၃) မှ ဗမာ့သေနတ်ကိုင်တပ်ရင်း(၁) အား စစ်ကူရန် အမိန့် ကျရောက်လာခဲ့သည်။ ထိုအချိန်တွင် ဗိုလ်မှူး Vertannes မှာ တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ အစောပိုင်းတွင် စစ်ဆင်ရေးမှာလည်း ပြီးဆုံးခဲ့သည်။

### မေမြို့သို့မဟုတ် ပြင်ဦးလွင် ပြည်တော်ဝင်

ဗိုလ်မှူး Vertannes နှင့် တပ်ဖွဲ့မှာ ဒီဇင်ဘာလ၏ အေးခဲသည့် ဆောင်းဥတုတွင် ပြင်ဦးလွင်မြို့သို့ပြန်လည် ရောက်ရှိခဲ့သည်။ ချမ်းစိမ့်လှသည့် အအေးဒဏ်ကြား နွေးထွေးပျူငှာသည့် မိန်းမပျိုလေး Audrey Veronica ကို နှစ်သစ်ကူးသည့်နေ့တွင် ရက္ခပေဒဉယျာဉ်သို့ ပျော်ပွဲစားထွက်ရာမှ မှတ်မှတ် ထင်ထင်ပင် တွေ့ရှိခဲ့ပြီး ဗိုလ်မှူး Vertannes ၏ ချစ်လမ်းခရီးမှာ အစပျိုးခဲ့ပါသည်။ ထိုမှသည် နောင်ခြောက်လအကြာ စေ့စပ်ကြောင်းလမ်းမှုပြုခဲ့သည်။ ကျိုင်းတုံမြို့၌ တာဝန်ထမ်းဆောင်စဉ် အိန္ဒိယနိုင်ငံတွင် အဆင့်မြင့်အရာရှိသင်တန်း တက်ရောက်ရန် ဖြစ်လာသည်။ အိန္ဒိယတွင် ဗိုလ်မှူး Vertannes ၏ ညီအစ်ကိုနှစ်ဦးနှင့် ညီမတစ်ဦးတို့ နေထိုင်လျက်ရှိကြသည်။ သို့ဖြစ်၍ ကော်လ်ကတ္တားသို့ ဆွေပြမျိုးပြ ခေါ်ယူနိုင်ရန် အလို့ငှာ ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ချစ်သူဖြစ်သူအား မဆိုင်းမတွပင် ထိမ်းမြားလက်ထပ်လိုက်သည်။

### အချစ်တစ်ပွဲ စစ်ပွဲရယ်တစ်ရာ

၁၉၅၁ ခုနှစ်တွင် ကျိုင်းတုံရှိ တပ်စခန်းအား ကူမင်တန်တပ်များ ဝင်ရောက်တိုက်ခိုက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်စာများ လက်ခံရရှိခဲ့သည်။ စာလက်ခံရရှိပြီး ချင်းပင် တပ်ဖွဲ့များအား ကျိုင်းတုံမြို့၌ ဖြန့်ကြက်၍ အခြေအနေ တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ခဲ့ရသည်။ မုံရွာမြို့နှင့် ချင်းတွင်းမြစ်၏ အနောက်ဘက် ကမ်းများ၌လည်း တိုက်ပွဲများ ပုံမှန်ဆိုသလိုဖြစ်နေခဲ့သည်။

၁၉၅၂ ခုနှစ်တွင် အမိန့်အရ ကချင်သေနတ်ကိုင်တပ်ရင်းမှာ မြစ်ကြီးနားမြို့ရှိ မိခင်တပ်ရင်းသို့ ပြန်လာရန် ဖြစ်သည်။ သို့သော် လမ်းခုလတ်၌ ပင်လည်ဘူးမြို့အား ရန်သူ့လက်မှ ပြန်လည်သိမ်းပိုက်ရန် အမိန့်ဝင်လာသည်။ ဗိုလ်မှူး Vertannes မှာ တပ်ဖွဲ့နှင့်အတူ ပင်လည်ဘူးမြို့သို့ ချီတက်ခဲ့သည်။ တိုက်ပွဲမှာ အထိအခိုက်များသည်။ အရာရှိ တစ်ဦးနှင့် စစ်သည် ငါးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သို့သော် နောက်ဆုံးတွင် ဗမာ့သေနတ်ကိုင်တပ်ရင်း (၁) နှင့်အတူ ပင်လည်ဘူးတိုက်ပွဲအား အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့သည်။

### ဇေယျကျော်ထင်ဘွဲ့

ဗိုလ်မှူး Vertannes သည် ၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတကြီးဖြစ်သည့် စဝ်ရွှေသိုက်က ပေးအပ်သည့် ဇေယျကျော်ထင်ဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၅၃ ခုနှစ်တွင် ကလော စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ထို့နောက် ဒုတိယဗိုလ်မှူးကြီး ရာထူးသို့ တိုးမြှင့်ရရှိခဲ့သည်။

မကြာမီ ကူမင်တန်တပ်များမှ ကယားသေနတ်ကိုင်တပ်ရင်းအား ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားအပြီးတွင် ဒုတိယဗိုလ်မှူးကြီး Vertannes နှင့် တပ်ဖွဲ့မှာ ကွတ်ခိုင်သို့ စေလွှတ်ခြင်းခံရသည်။ ၁၉၅၅ ခုနှစ်နိုဝင်ဘာလ၌ တပ်ခွဲ နှစ်ခုနှင့်အတူ 'ဝ' ဒေသသို့ ချီတက်ခဲ့သည်။ 'ဝ' ဒေသမှာ ပင်လယ်ပြင်အမြင့်ပေ ၅၀၀၀ ၌ တည်ရှိရာ ရာသီဥတုမှာ အလွန်ပင်အေးလွန်းလှသည်။ ယခုခေတ်ကဲ့သို့ ရဲဘော်များအား လက်အိတ်နှင့်လည်စည်းများ ထုတ်ပေးထားခြင်းမရှိဟု ဆိုသည်။ သို့ဖြစ်၍ ကင်းသမားတစ်ဦးစီအား တာဝန်ချိန် ၄ နာရီပင် မသတ်မှတ်နိုင်။ အေးခဲလှသည့် စစ်တလင်းပြင်ဝယ် ရဲဘော်များအတွက် တာဝန်ချိန် တစ်နာရီ (သို့မဟုတ်) နှစ်နာရီအဖြစ် သတ်မှတ်ပေးခဲ့ရသည်။



**သံအမတ်ကြီး ဦးကျော်စွာမင်းက စစ်မှုထမ်းကောင်းမှတ်တမ်းဝင် ဂုဏ်ပြုလွှာ ပေးအပ်စဉ်။**

### ပြည်တော်ပြန်ခရီး

၁၉၅၆ ခုနှစ် ဧပြီလတွင် မော်လမြိုင်မြို့ရှိ ဗမာ့သေနတ်ကိုင်တပ်ရင်း (၂) သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ပင်စင်ယူခဲ့ကာ မိသားစုနှင့်အတူ ရန်ကုန်မြို့သို့ ပြန်လည် ပြောင်းရွှေ့ခဲ့သည်။ Tourist Burma ကုမ္ပဏီအား တည်ထောင်၍ အရှေ့တောင်အာရှ အားကစားပွဲများနှင့် တရုတ် ဘဲလေးအဖွဲ့များအတွက် ဧည့်ခံကျွေးမွေးရေး ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် မိသားစုနှင့်အတူ ဗြိတိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ သား ငါးဦး၊ သမီး ငါးဦး၊ စုစုပေါင်း သားသမီး ၁၀ ဦး ထွန်းကားခဲ့ကြောင်း သိရှိခဲ့ရသည်။ ယင်း ၁၀ ဦးအနက် ခုနစ်ဦးမှာ မြန်မာပြည်၌ပင် မွေးဖွားခဲ့ပြီး ကျန် သုံးဦးမှာ လန်ဒန်မြို့သို့ ပြန်လည်ရောက်ရှိသော အခါမှ မွေးဖွားခဲ့ခြင်းဖြစ်ပါသည်။ ယခုအချိန်တွင် အသက် ၉၃ နှစ် ကျော်ရှိပြီ ဖြစ်သော ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) Desmond George Stephen Vertannes သည် ဗြိတိန်နိုင်ငံ အနောက်တောင်ပိုင်းရှိ Somerset အရပ်တွင် နေထိုင်လျက်ရှိပါသည်။

မြန်မာ့တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဘိလပ်ပြည်သား မြန်မာ့သူရဲကောင်း ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) Desmond George Stephen Vertannes (ကြည်း ၅၁၉၄) သည် တာဝန်ထမ်းဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတကြီး ဖြစ်သည့် စဝ်ရွှေသိုက်က ပေးအပ်သည့် ဇေယျကျော်ထင်ဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသကဲ့သို့ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် နိုင်ငံတော်မှချီးမြှင့်သည့် စစ်မှုထမ်းကောင်းမှတ်တမ်းဝင်ဂုဏ်ပြုလွှာ၊ လွတ်မြောက်ရေးတံဆိပ်၊ နိုင်ငံတော် စစ်မှုထမ်းတံဆိပ်များအား ရရှိခဲ့ပေသည်။ ဆုတံဆိပ်များနှင့်အတူ စစ်မှုထမ်းကောင်းမှတ်တမ်းဝင်ဂုဏ်ပြုလွှာအား ဂုဏ်ယူစွာ ပွေ့ပိုက်ရင်း အပြုံးများကြားမှ ပြောကြားခဲ့သည့် ၎င်း၏ ပီတိစကားများအား နားထဲ၌ ကြားယောင်နေမိပါတော့သည်။

၎င်း၏ သားသမီးများအနက် ဗြိတိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိမှ မွေးဖွားခဲ့သည့် အငှမမြောက် သားဖြစ်သူ Mr Chris Vertannes သည် Elite Football အသင်း၌ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ဖခင်ဖြစ်သူက သူ၏မွေးရပ်မြေအကြောင်း ထပ်တလဲလဲ ပြောပြနေခြင်းကြောင့် ငယ်စဉ်ကတည်းကပင် မြန်မာနိုင်ငံနှင့် အကျွမ်းတဝင်ရှိနေခဲ့သူဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံသို့ ရောက်ရှိရန် များစွာဆန္ဒပြင်းပြခဲ့သူဖြစ်ပေသည်။

ပြင်းပြလှသည့် ဆန္ဒ၏ စေစားရာနှင့်အတူ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ညီအစ်ကို၊ မောင်နှမများ၊ သား၊ သမီး၊ ဇနီးတို့နှင့်အတူ အဖေချစ်သားတစ်ဦးဖြစ်သည့် Mr .Chris Vertannes မှာ ဖခင်ဖြစ်သူ၏ မွေးရပ်မြေဖြစ်ရာ မြန်မာပြည်သို့ အလည်တစ်ခေါက် ရောက်ခဲ့ပေသည်။ ထိုခရီးစဉ်အတွင်း ဖခင်ဖြစ်သူက လွမ်းဆွတ်စွာ ပြောပြလေ့ရှိသည့် ပြင်ဦးလွင်မြို့လေးနှင့်အတူ ဖခင်နှင့် မိခင်တို့ ချစ်သူဖြစ်ခဲ့ကြသည့် ရက္ခပေဒဉယျာဉ်အတွင်းရှိ ကန်တော်ကြီးနံဘေး၊ ဖခင်ဖြစ်သူက မိခင်ဖြစ်သူအား လက်ထပ်ခွင့်တောင်းဆိုခဲ့သည့် ကြည်နူးဖွယ်ရာ မီးရထားလမ်းဆုံ နေရာလေး၊ ပြင်ဦးလွင်ရှိ ၎င်းတို့ နေထိုင်ခဲ့သည့်နေရာ၊ သားသမီးတို့အား မွေးဖွားရာ ပြင်ဦးလွင်ဆေးရုံ၊ ရန်ကုန်မြို့ရှိ ၎င်းတို့ မိသားစု နေထိုင်ခဲ့သည့်နေရာတို့အား ရောက်ရှိခဲ့ကြောင်းနှင့် မြန်မာလူမျိုးများ၏ ဖော်ရွေမှုအကြောင်း စသည်ဖြင့် ၎င်း၏ မြန်မာပြည်ခရီးစဉ်အတွေ့အကြုံကို ဖခင်ဖြစ်သူအား လွတ်မြောက်ရေးတံဆိပ်နှင့် နိုင်ငံတော် စစ်မှုထမ်းတံဆိပ်နှင့် စစ်မှုထမ်းကောင်း မှတ်တမ်းဝင်ဂုဏ်ပြုလွှာများ မြန်မာသံရုံး၊ လန်ဒန်မြို့၌ ပေးအပ်စဉ်က တွေ့ဆုံရင်းနှီးခဲ့သည့် ကျွန်တော့်ထံသို့ တကူးတက လာရောက်၍ ဝမ်းနည်း၊ ဝမ်းသာ မျက်ရည်ဝဲလျက် ပြောပြခဲ့ပေသည်။

*(ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကျရာတာဝန်ကို စွမ်းရည်သတ္တိအပြည့်ဖြင့် အားကြိုးမာန်တက် ထမ်းဆောင်ခဲ့သူ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) Desmond George Stephen Vertannes (ကြည်း ၅၁၉၄) အား ဤစာစုဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ ၎င်းကိုယ်တိုင် ရေးသားပေးပို့ထားသည့် ကိုယ်ရေးရာဇဝင်အား ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်)*

> မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတကြီးဖြစ်သည့် စဝ်ရွှေသိုက်က ပေးအပ်သည့် ဇေယျကျော်ထင်ဘွဲ့ကို ချီးမြှင့်ခြင်း ခံရသကဲ့သို့ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂ ရက်တွင် နိုင်ငံတော်မှ . . .



ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) Vertannes တပ်မတော်မှ အငြိမ်းစားယူပြီးနောက် နေထိုင်ခဲ့သည့် အမှတ် (၃၆၃)၊ ဘိုးလိန်းလမ်း၊ တာမွေရှိ နေအိမ်အား ယခုမြင်တွေ့ရစဉ်။

# နွေရာသီအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် Red Velvet

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "Red Velvet"ဟာ မကြာမီမှာ မီနီတေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ လာမယ့် နွေရာသီအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ တေးအယ်လ်ဘမ်ဖြစ်ပြီး လတ်တလောမှာတော့ ယင်းတေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၃၀ ရက်မှာတော့ မီနီတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သတင်းနဲ့အတူ ယင်းတေးအယ်လ်ဘမ်အတွက် ဓာတ်ပုံနှစ်ပုံကိုပါ ထုတ်ဖော်ပြသလာတာ တွေ့ရပါတယ်။ တေးအယ်လ်ဘမ်ရဲ့ အမည်ကိုတော့ "Power Up" လို့ ပေးထားပြီး လာမယ့် ဩဂုတ် ၆ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒ့ါအပြင် အဖွဲ့ဝင်တွေဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာခြင်းအမှတ်တရအဖြစ် အထူးအစီအစဉ်တစ်ရပ်ကိုလည်း ပြုလုပ်သွားဖို့ရာ စီစဉ်ထားပါတယ်။ ဒီအစီအစဉ်ကတော့ မိုဘိုင်းဖုန်းကနေတစ်ဆင့် အဖွဲ့ရဲ့ တရားဝင်နွေရာသီဝက်ဘ်ဆိုက်စာမျက်နှာပေါ်ကနေတစ်ဆင့် ဝင်ရောက်ကာ ပါဝင်ဆင်နွှဲနိုင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။





# တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲသို့ သွားရောက်အားပေးခဲ့တဲ့ ရှိုင်ယန်ရေးနော့ဒ်နဲ့ ဘလိတ်ခ်လိုက်ဗလီ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်မောင်နှံနှစ်ဦးဖြစ်တဲ့ ရှိုင်ယန်ရေးနော့ဒ်နဲ့ ဘလိတ်ခ်လိုက်ဗလီတို့ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲကို သွားရောက်အားပေးခဲ့တာကို တွေ့ရပါတယ်။ ဒီဖျော်ဖြေပွဲကို မောင်နှံနှစ်ဦးတည်း တက်ရောက်ခဲ့တာဖြစ်ပြီး ရင်သွေးလေးတွေကို အိမ်မှာ ထားခဲ့တာဖြစ်ပေမယ့် ယင်းဖျော်ဖြေပွဲမှာ သမီးဖြစ်သူရဲ့ အသံကို ကြားနေရဆဲ ဖြစ်ပါတယ်။ အကြောင်းကတော့ တေလာဆွစ်ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Gorgeous"မှာ ရှိုင်ယန်ရေးနော့ဒ်နဲ့ ဘလိတ်ခ်လိုက်ဗလီတို့ရဲ့ သမီးဖြစ်သူ ဂျိမ်းစ်ရဲ့ အသံပါဝင်နေတာကြောင့်ဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ဟာ လက်ရှိမှာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က မက်ဆာချူးဆက်ပြည်နယ် ဘောက်ဇ်ဗိုရိုမှာရှိတဲ့ ဂျီလတ်ဘောလုံးကွင်းမှာ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် တေးဂီတဖျော်ဖြေပွဲပြုလုပ်ခဲ့ရာ ရှိုင်ယန်ရေးနော့ဒ်နဲ့ ဘလိတ်ခ်လိုက်ဗလီတို့ သွားရောက်ကြည့်ရှုခဲ့ကြတာဖြစ်ပါတယ်။

ဒီဖျော်ဖြေပွဲမှာ တေလာဆွစ်က တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Gorgeous"ကို သီဆိုခဲ့ပါတယ်။ ဒီတေးသီချင်းမှာ ရှိုင်ယန်ရေးနော့ဒ်နဲ့ ဘလိတ်ခ်လိုက်ဗလီတို့ရဲ့ သမီးဖြစ်သူ အသက် သုံးနှစ်အရွယ် ဂျိမ်းစ်ရဲ့ အသံလည်းပါဝင်နေတာဖြစ်ပါတယ်။ သမီးဖြစ်သူရဲ့အသံ စပီကာတွေကနေတစ်ဆင့် ထွက်ပေါ်လာချိန်မှာ ဖြစ်ပေါ်လာတဲ့ မိဘတွေရဲ့ ပုံရိပ်ကိုလည်း ကင်မရာတွေက အမိအရ မှတ်တမ်းတင်ထားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် အဲဒီပုံရိပ်တွေကို ဖျော်ဖြေရေးစင်မြင့်ထက်မှာ တိုက်ရိုက်ထုတ်လွှင့်ပြသမှုလည်း ပြုခဲ့ပါတယ်။

တေလာဆွစ်နဲ့ ကြယ်ပွင့်မောင်နှံဟာ ပြီးခဲ့တဲ့ နှစ်နှစ်ခန့်က စတင်ရင်းနှီးခဲ့ကြတာဖြစ်ပါတယ်။ တေလာဆွစ်ကျင်းပတဲ့ ပါတီပွဲတွေမှာ ရှိုင်ယန်ရေးနော့ဒ်နဲ့ ဘလိတ်ခ်လိုက်ဗလီတို့ တက်ရောက်ခဲ့ကြပြီး ကြယ်ပွင့်စုံတွဲရဲ့ ဒုတိယမြောက် ရင်သွေးလေးမွေးဖွားချိန်မှာလည်း ဆေးရုံသို့ လာရောက်ကြည့်ရှုခဲ့ကြောင်းလည်း သိရပါတယ်။

# ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်လာတဲ့ ပါ့ခ်မင်ယောင်းနဲ့ ပါ့ခ်စိုးဂျင်



ဒီသတင်းတွေ ထွက်ပေါ်လာချိန်မှာတော့ "What's Wrong with Secretary Kim"ဇာတ်လမ်းတွဲဟာ "Descendants of the Sun"ဇာတ်လမ်းတွဲရဲ့ ခြေရာကိုနင်းတော့မှာဖြစ်တယ်လို့ အထင်ရောက်စေပါတယ်။ အကြောင်းကတော့ "What's Wrong with Secretary Kim"မှာ ပါဝင်နေတဲ့ ဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသားနဲ့ မင်းသမီးဟာ မျိုးရိုးနာမည်တွေ တူကြသလို ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်ပေါ်လာခဲ့လို့ ဖြစ်ပါတယ်။ "Descendants of the Sun"ဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်တွေ ဖြစ်ကြတဲ့ မင်းသား ဆောင်းဂျွန်ကီနဲ့ မင်းသမီး ဆောင်းဟေကိုတို့ဟာလည်း မျိုးရိုးနာမည်တွေတူကြပြီး ဆောင်း-ဆောင်းစုံတွဲရယ်လို့ နာမည်ကျော်ကြသူတွေ ဖြစ်ကြလို့ပါ။ "What's Wrong with Secretary Kim"ဇာတ်လမ်းတွဲမှာ ပါဝင်ထားကြတဲ့ မင်းသမီး ပါ့ခ်မင်ယောင်းနဲ့ မင်းသား ပါ့ခ်စိုးဂျင်တို့ဟာလည်း ပါ့ခ်-ပါ့ခ်စုံတွဲအဖြစ် ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

ဒီသတင်းတွေဟာ ကောလာဟလတွေအဖြစ်သာ ပေါ်ထွက်လာခဲ့တာပါ။ အမှန်တကယ်စုံတွဲအဖြစ် မရောက်ခဲ့ဘဲ သူတို့ရဲ့အေဂျင်စီတွေ ဘက်က ကောလာဟလတွေကို ပြန်လည်ကာ ငြင်းချက်ထုတ်ခဲ့ကြောင်း သိရပါတယ်။

"What's Wrong with Secretary Kim"ဇာတ်လမ်းတွဲဟာ ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ ကြည့်ရှုသူ ပရိသတ်များပြားနေဆဲမှာပင် ဇာတ်သိမ်းသွားခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဇာတ်လမ်းအဆုံးသတ်ထုတ်လွှင့်မှုနဲ့အတူ အဓိက သရုပ်ဆောင်တွေ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေဟာလည်း တစ်ဆက်တည်း ပေါ်ထွက်လာခဲ့တာပါ။ ယင်းဇာတ်လမ်းတွဲမှာ ပါ့ခ်မင်ယောင်းက အဓိကအမျိုးသမီးဇာတ်ဆောင်နေရာမှာ ပါဝင်ခဲ့တာဖြစ်ပြီး ရင်းနှီးတဲ့သတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရ ပါ့ခ်မင်ယောင်းကို အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်စေဖို့ ရွေးချယ်ခဲ့သူကလည်း မင်းသား ပါ့ခ်စိုးဂျင် ဖြစ်တယ်လို့လည်း သိရပါတယ်။

တစ်ဆက်တည်းပေါ်ထွက်လာတဲ့ သတင်းတွေအရ သူတို့နှစ်ဦး ချစ်သူတွေဖြစ်ခဲ့ကြတာ သုံးနှစ်ခန့်ရှိကြောင်းလည်း သိရပါတယ်။ ဒီလိုလက်တွဲလာခဲ့ပြီး မကြာမီ လက်ထပ်ဖို့ရာ စီစဉ်ထားကာ ဇာတ်လမ်းတွဲမှာလည်း အတူတွဲဖက်သရုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။


ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်လာချိန်မှာတော့ အေဂျင်စီတွေက ငြင်းဆိုခဲ့ကြပါတယ်။ ကာယကံရှင်တွေဘက်ကတော့ တစ်စုံတစ်ရာ ရှင်းလင်းပြောကြားတာမရှိခဲ့ပါဘူး။ ဆောင်း-ဆောင်း စုံတွဲတုန်းကလည်း ဇာတ်လမ်းထုတ်လွှင့်မှုအပြီးမှာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပေမယ့် အေဂျင်စီတွေက ငြင်းဆိုခဲ့ပါတယ်။ နောက်ပိုင်းမှာ ကာယကံရှင်တွေဘက်က ဝန်ခံခဲ့ကြပြီး တစ်ချိန်တည်းမှာပင် မင်္ဂလာသတင်းကိုပါ အသိပေးခဲ့တာဖြစ်ကြောင်း သိရပါတယ်။

# ပါ့ခ်ဘိုဂန်းနဲ့ ဆောင်းဟေကိုတို့ရဲ့ ရုပ်ရှင်သစ် လာမည့် နိုဝင်ဘာလအတွင်း ပြသသွားမည်

တောင်ကိုရီးယားရဲ့ ထွက်ပေါ်လာမယ့် ဇာတ်လမ်းတွဲရုပ်ရှင်တွေအနက် ပရိသတ်စိတ်အဝင်စားဆုံးသော ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ မင်းသား ပါ့ခ်ဘိုဂန်းနဲ့ မင်းသမီး ဆောင်းဟေကိုတို့ရဲ့ ရုပ်ရှင်သစ် "Boyfriend"နဲ့ ပတ်သက်ပြီး အကြောင်းအရာတွေကို လတ်တလောမှာတော့ တရားဝင်ထုတ်ဖော်ပြောကြားလာတာကို တွေ့ရပါတယ်။ ယခင်ကလည်း သတင်းတွေပေါ်ထွက်ခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ ရုပ်ရှင်ထုတ်လုပ်သူတွေဘက်က တရားဝင်ထုတ်ဖော်ပြောကြားလာခြင်းလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ လာမယ့် နိုဝင်ဘာလအတွင်း tvN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသပေးသွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၃၀ ရက်မှာတော့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ ပါ့ခ်ဘိုဂန်းနဲ့ ဆောင်းဟေကိုတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင် "Boyfriend"ကို လာမယ့် နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်မှာဖြစ်ကြောင်း ပရိသတ်တွေကို တရားဝင်အသိပေးခဲ့တာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ အပတ်စဉ် ဗုဒ္ဓဟူးနဲ့ ကြာသပတေးနေ့တွေမှာ ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

"Boyfriend"ဟာ ဘဝမှာ အရာရာပြည့်စုံတဲ့ အမျိုးသမီးတစ်ဦးနဲ့ ပိုင်ဆိုင်မှုမရှိတဲ့ သာမန်အမျိုးသားတစ်ဦးအကြားက ဇာတ်လမ်းကို ပုံဖော်



သွားမှာပါ။ အဓိကဇာတ်ကောင်တွေဟာ သူတို့ရဲ့ဘဝတွေကို ဆက်လက်ထိန်းသိမ်းထားရမှာလား၊ သာမန်လူတစ်ဦးကဲ့သို့ နေထိုင်သွားရမှာလားဆိုတာ ဆုံးဖြတ်ရဖို့ရှိနေပြီး သူတို့နှစ်ဦးစလုံးရဲ့ တူညီတဲ့ဆန္ဒကတော့ သူတို့ရဲ့ဘဝတွေကို တစ်ရက်လေးဖြစ်ဖြစ် ပြောင်းလဲနေထိုင်လိုတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ ဆောင်းဟေကို ပါဝင်သွားမယ့် ဇာတ်ကောင်ကတော့ ချာဆိုးဟွန်ဖြစ်ပြီး သူဟာ ခင်ပွန်းနဲ့ကွာရှင်းထားတဲ့ ကလေးတစ်ယောက်မိခင်ဖြစ်ကာ ချမ်းသာတဲ့မိသားစုမှ မွေးဖွားလာသူပါ။ မိခင်ရဲ့ စီစဉ်မှုကြောင့် ချမ်းသာတဲ့သူတစ်ဦးနဲ့ အိမ်ထောင်ကျခဲ့ပြီး ဘဝရဲ့ ပျော်ရွှင်မှုတွေကို ခင်ပွန်းသည်ရဲ့ အလုပ်ကိစ္စတွေကြား မြှုပ်နှံထားခဲ့ရသူလည်း ဖြစ်ပါတယ်။ တစ်နေ့မှာ ခင်ပွန်းသည်က သူနဲ့ ကလေးကို ထားခဲ့တာဖြစ်ပါတယ်။

ပါ့ခ်ဘိုဂန်းရဲ့ ဇာတ်ကောင် ကမ်ဂျီဟွတ်ကတော့ အချိန်ပိုင်းအလုပ်တွေ များစွာလုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး အလုပ်တွေကိုလည်း ရှာဖွေနေသူ သာမန်လူတစ်ဦးဖြစ်ပါတယ်။ သူဟာ အလုပ်လျှောက်ထားခဲ့တဲ့ ကုမ္ပဏီတွေရဲ့ ငြင်းဆိုမှုကို ခံခဲ့ရပြီးနောက် နိုင်ငံခြားခရီးသွားခဲ့စဉ် အမျိုးသမီးတစ်ဦးနဲ့ ဆုံတွေ့ခဲ့တာဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲဟာ ပရိသတ်တွေရဲ့အာရုံကို အတော်လေးဆွဲဆောင်ထားနိုင်ပါတယ်။ ဒီရုပ်ရှင်ဟာ ဆောင်းဟေကိုနဲ့ ပါ့ခ်ဘိုဂန်းတို့ရဲ့ အလွန်ကို အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေဖြစ်ကြတဲ့ "Descendants of the Sun (DOTS)"နဲ့ "Love in the Moonlight" အပြီး ပြန်လည်ပါဝင်ခဲ့တဲ့ ရုပ်ရှင်ဖြစ်တာကြောင့်ပါ။ ဒ့ါအပြင် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း မင်္ဂလာပွဲဆင်နွှဲပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ရိုက်ကူးမယ့် ဆောင်းဟေကိုရဲ့ ဇာတ်လမ်းတွဲလည်းဖြစ်ပြီး ဆောင်းဟေကိုရဲ့ခင်ပွန်း ဆောင်းဂျွန်ကီနဲ့ ဒီဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်မင်းသား ပါ့ခ်ဘိုဂန်းတို့ဟာလည်း အလွန်ကို ရင်းနှီးခဲ့ကြသူတွေဖြစ်ပါတယ်။

အေးပြည့် - ရေးသားသည်

# ကျိုက်ထိုမြို့နယ်တွင် ရေကျသွားပြီဖြစ်၍ ရေဘေးရှောင်စခန်းများ ပိတ်သိမ်း



**ကျိုက်ထို ဇူလိုင် ၃၀**
ကျိုက်ထိုမြို့နယ်တွင် လွန်ခဲ့သည့်ရက်များက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်ကျေးရွာများ၌ ရေမြင့်တက်မှုများဖြစ်ပေါ်ခဲ့၍ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီက ရေဘေးရှောင်စခန်းများဖွင့်လှစ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့်ပူးပေါင်းကာ စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စရပ်များကို ရေကျချိန်အထိ ရေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ပေးခဲ့သည်။

ယင်းသို့ကူညီစောင့်ရှောက်ပေးသည့် စခန်းများသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက လာရောက်၍ ထောက်ပံ့ငွေများပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ယနေ့နံနက်ပိုင်းမှ စတင်၍ ရေပြန်လည်ကျဆင်းခဲ့၍ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုအလိုက် တစ်ပတ်စာ စားသုံးနိုင်ရန် ဆန်နှင့်ကြက်ဥများ အပါအဝင် ခေါက်ဆွဲခြောက်များ၊ ရေသန့်ဘူးများနှင့် တခြားစားသောက်ကုန်ပစ္စည်းများကို ပေးအပ်ပြီး ယာယီဖွင့်လှစ်ခဲ့သည့် ရေဘေးရှောင်စခန်းများကို မွန်းလွဲ ၁ နာရီတွင် ပိတ်သိမ်းခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# နိုင်ငံတကာလူငယ်များနေ့အထိမ်းအမှတ် လူငယ့်စေတမန်အစီအစဉ် ရန်ကုန်တွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၃၀**
နိုင်ငံတိုင်း၏အနာဂတ်သည် ယနေ့လူငယ်များ၏ အလားအလာကောင်းများပေါ်တွင် မူတည်နေခြင်းကြောင့် လူငယ်များ အဘက်ဘက်မှ ဘေးကင်းလုံခြုံမှုရှိရေး ကြိုးပမ်းလုပ်ဆောင်ပေးရန်မှာ လူတိုင်း၏တာဝန်ဖြစ်သည်နှင့်အညီ ထိုလိုအပ်ချက်ကို နိုင်ငံတော် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိဘများ၊ ပြည်သူလူထုနှင့် လူငယ်ထုကိုယ်တိုင် သတိပြုမိပြီး ဘေးကင်းလုံခြုံမှုရှိသည့် ပတ်ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်ရာတွင် ဝိုင်းဝန်းကြိုးပမ်းပါဝင်နိုင်စေရန် ရည်ရွယ်၍ ၂၀၁၈ ခုနှစ် နိုင်ငံတကာ လူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒီပွဲလုပ်တဲ့အတွက် အကျိုးသက်ရောက်မှုအနေနဲ့ကတော့ ပွဲကိုရောက်လို့ ကိုယ်တိုင်သိခြင်းက တစ်ပိုင်း၊ ကိုယ်တိုင်မရောက်သော်လည်း ရောက်တဲ့လူတွေကနေ တစ်ဆင့် သိမှာလား။ နောက်တစ်ခုက မီဒီယာကနေ တစ်ဆင့် သိမှာလား။ ဘယ်လိုနည်းနဲ့ပဲသိသိ သိသွားတယ်ဆိုတဲ့ လူတွေအားလုံး လူငယ်တွေလည်းပါမယ်၊ မိဘတွေလည်းပါမယ်၊ ပြည်သူတွေပါမယ်၊ နိုင်ငံတော်တာဝန်ရှိတဲ့သူတွေပါမယ်။ သိသွားတယ်ဆိုတာကိုက ပထမဦးဆုံး အကျိုးသက်ရောက်မှု ဖြစ်ပါတယ်။

"သိသွားတဲ့အတွက်ကြောင့် လူငယ်တွေမှာ လိုအပ်ချက်တွေရှိတယ်။ ကိစ္စရပ်တွေ ရင်ဆိုင်နေရတယ်။ သူတို့ရဲ့ အလားအလာ ဖြစ်လာနိုင်တဲ့အခြေအနေပေါ် မူတည်ပြီး စီမံချက်တွေ၊ စီမံကိန်းတွေ၊ ဆောင်ရွက်ရမယ့်ကိစ္စတွေ၊ ဘယ်ဟာတွေက အလေးပေးရမယ်ဆိုတာတွေ သိသွားပြီးရင်တော့ လူငယ်တွေအတွက် သင့်တင့်လျောက်ပတ်တဲ့ စီမံချက်လုပ်ငန်းတွေမှာ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ဖို့ပါ။ ပထမ အကျိုးသက်ရောက်မှုကတော့ သိခြင်း၊ နောက်ဆင့်ပွားအကျိုးသက်ရောက်မှုက သိမှုပေါ်မှာ မူတည်ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လို လုပ်မလဲဆိုတာ သိရှိသွားကြမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆရာဝန်အသင်းမှ လူငယ်စီမံချက်နည်းပညာအကြံပေး ဒေါက်တာနီဝင်းက ပြောသည်။

အဆိုပါအခမ်းအနားတွင် လူငယ်ဘဝလုံခြုံမှု စိတ်ချသာယာ အနာဂတ်ကမ္ဘာ(Safe spaces for youth) ဟူသော ၂၀၁၈ ခုနှစ် နိုင်ငံတကာလူငယ်များနေ့ဆောင်ပုဒ်နှင့် ပတ်သက်သော အကြောင်းအရာများကို လူငယ်များနှင့်တကွ ပြည်သူလူထုမှ ပိုမိုသိရှိနိုင်စေရန်အတွက် ပြခန်းများ၊ ဉာဏ်အစီအစဉ်နှင့် လက်ဆောင်ဆုရယူခြင်းများ၊ ကစားနည်းများနှင့် ပျော်ရွှင်ဖွယ်အစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဖွဲ့အစည်းများ လူငယ်အချင်းချင်းတွေ့ဆုံသည့် အစီအစဉ်များ၊ အသိပညာပေးအစီအစဉ်များ၊ လူငယ့်စေတမန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပွဲသဘောသဘာဝအရ နှစ်ပိုင်းရှိနေပါတယ်။ ညနေ ၃ နာရီနဲ့ ၆ နာရီကြားက ပြခန်းအစီအစဉ်တွေ ဖြစ်တဲ့အတွက်ကြောင့် လက်မှတ်မလိုပါဘူး။ ဘယ်သူမဆို လာလို့ရပါတယ်။ ညနေ ၆ နာရီကနေ ည ၉ နာရီကတော့ ဇာတ်ရုံထဲမှာ ထိုင်ခုံနဲ့ဖြစ်တဲ့အတွက်ကြောင့် လူဦးရေကန့်သတ်ချက်ရှိနေပါတယ်။ စီမံချက်နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေကနေ ချိတ်ဆက်ထားတဲ့ လူငယ်ကွန်ရက်တွေကနေ တက်ရောက်လာမယ့် လူငယ်တွေအတွက် ချန်ပြီးရင်တော့ တက်ရောက်ချင်တဲ့ ပြင်ပလူငယ်တွေအတွက် အခွင့်အလမ်းဖြစ်တဲ့အတွက် ၁၀၀၀ ပတ်လည်ခုံရှိနေပါတယ်။

"ဒီလူတွေက စိတ်ဝင်စားတယ်၊ တက်ရောက်ချင်တယ်ဆိုရင် ဩဂုတ် ၅ ရက်ကနေ ၈ ရက်အထိ နံနက် ၁၀ နာရီကနေ ညနေ ၄ နာရီကြား မြန်မာနိုင်ငံဆရာဝန်အသင်းရုံး လူငယ်စီမံချက်ရှိရာမှာ လက်မှတ်လာရောက်ထုတ်ယူလို့ရပါတယ်။ တစ်ခုမေတ္တာရပ်ခံချင်တာကတော့ တကယ်တက်ရောက်မှသာ လက်မှတ်ကို လာရောက်ထုတ်ယူစေချင်ပါတယ်။ လက်မှတ်ထုတ်ပြီး မတက်ရောက်ဖြစ်ရင် တကယ်တက်ရောက်ချင်တဲ့သူတွေအတွက် နစ်နာမှုတွေရှိနိုင်ပါတယ်။ သေချာမယ်ဆိုရင်တော့ လက်မှတ်ထုတ်ပါ။ တစ်ယောက်ချင်းစီလည်း ထုတ်လို့ရပါတယ်။ ငါးယောက်ကနေ ၁၀ ယောက် ကိုယ်စားပြုပြီး တစ်ယောက် လာထုတ်လို့လည်း ရပါတယ်။ လာထုတ်မယ့်သူ လိုအပ်တဲ့အချက်အလက်ကတော့ အမည်၊ မြို့နယ်၊ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်လိုပါတယ်" ဟု ဒေါက်တာနီဝင်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဟိန်းထက်လင်း၊ အေးမင်းသူ**

# နေပြည်တော်တွင် အာရှကလပ် ဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှကလပ်ဘော်လီဘောပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ စတင်ကျင်းပသည်။ မြန်မာကလပ် Asia World



အသင်းက တာ့ခ်မင်နစ္စတန်ကလပ်ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရပြီး ပွဲဦးထွက်နိုင်ပွဲစတင်ရရှိခဲ့သည်။

မြန်မာကလပ် Asia World အသင်းသည် တာ့ခ်မင်နစ္စတန်ကလပ်အသင်းနှင့် ၂၅-၁၆ မှတ်၊ ၂၅-၂၃ မှတ်၊၂၁-၂၅ မှတ်၊ ၂၅-၂၁ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲပထမနေ့တွင် စုစုပေါင်း ငါးပွဲ ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာကလပ် Asia World အသင်းက တာ့ခ်မင်နစ္စတန်ကလပ်ကို သုံးပွဲ-တစ်ပွဲ၊ ထိုင်းကလပ်အသင်းက ဟောင်ကောင်ကလပ်အသင်းကို သုံးပွဲပြတ်၊ သီရိလင်္ကာကလပ်အသင်းက သြစတြေးလျကလပ်အသင်းကို သုံးပွဲပြတ်၊ တရုတ်(တိုင်ပေ) ကလပ်က တရုတ်ကလပ်ကို သုံးပွဲ-နှစ်ပွဲ၊ အီရန်ကလပ်က ကာဇက်စတန်ကလပ်ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အီရန်၊ ဂျပန်၊ ကာဇက်စတန်၊ အုပ်စု(ခ)တွင် တရုတ်၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ အုပ်စု(ဂ)တွင် ထိုင်း၊ သြစတြေးလျ၊ သီရိလင်္ကာ၊ ဟောင်ကောင်၊ အုပ်စု (ဃ) တွင် မြန်မာ၊ ပါကစ္စတန်၊ တာ့ခ်မင်နစ္စတန်ကလပ်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီတွင် ပါကစ္စတန်ကလပ်အသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အုပ်စုပွဲများကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂ ရက်တွင် ပြိုင်ပွဲရပ်နားမည်ဖြစ်ကာ ဩဂုတ် ၃ ရက်တွင် အဆင့်သတ်မှတ်ချက်အတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် အခြားအဆင့်ရပ်တည်မှုများအတွက် ပွဲများကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ပရော်ဖက်ရှင်နယ်ကလပ်အသင်းများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးသောကြောင့် လက်ရွေးစင်အသင်းကို Asia World အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ဖိုးသော်ဇင်**



**စမ်းချောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းထားသော ခေါက်ဆွဲခြောက်များ၊ ရေသန့်ဘူးများ၊ ဆန်များ၊ အသင့်စားစရာမုန့်များနှင့် အဝတ်အထည်များကို ဇူလိုင် ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်း ရေဘေးသင့်နေရာများသို့ သွားရောက်လှူဒါန်းစဉ်။**

မြို့နယ်(ပြန်/ဆက်)

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြိတ်-ထားဝယ်ကားလမ်းတချို့၌ ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိ

**သရက်ချောင်း ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြိတ်-ထားဝယ် ကားလမ်းမကြီး၏ တချို့နေရာများ၌ ယနေ့ မွန်းလွဲ ၁ နာရီကျော်ခန့်က ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရေလွှမ်းမိုးသည့် နေရာများဖြစ်သော သရက်နှစ်ခွကျေးရွာ မြိတ်-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ် (၁၁/၆) နှင့် (၁၁/၇) မိုင်အကြားတွင်လည်းကောင်း၊ မော်ရှည်ကုန်းရပ်ကွက် မြိတ်-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ် (၁၄/၇)နှင့် ၁၅မိုင်အကြားတွင်လည်းကောင်း၊ ဆင်ကူးကျေးရွာနှင့် ဘုတ်ကိုင်းကျေးရွာ ကားလမ်းမိုင်တိုင်အမှတ်(၂၀)နှင့်(၂၁)မိုင်အကြားတို့တွင် ရေအနက် တစ်ပေခန့်အထိ လည်းကောင်း၊ စုံစင်ဖျားကျေးရွာ ဒူးရင်းပင်တံတားအနီး ကားလမ်းမိုင်တိုင်အမှတ် (၃၄) နှင့်(၃၅)မိုင်အကြားတွင် ရေအနက် သုံးပေခန့် လမ်းမပေါ် ရေကျော်တက်လျက်ရှိရာ ယာဉ်များ ပိတ်ဆို့မှု မရှိစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတ အသင်းအဖွဲ့များမှ လူငယ်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**နိုင်ဝင်း(ပြန်/ဆက်)**



# ပဲခူး ITC တွင် ဦးစီးမှူး(မြို့ပြ) လုပ်ငန်းဝင်သင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၃၀**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ အင်ဂျင်နီယာဝန်ထမ်းများအတွက် ဦးစီးမှူး (မြို့ပြ) လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ပဲခူးမြို့တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က သင်တန်းဖွင့်ပွဲအမှာစကားပြောကြားခဲ့ပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က သင်တန်းတွင်ပို့ချပေးမည့် ဆည်မြောင်းအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ၊ စီမံရေးရာဘာသာရပ်များ၊ ငွေစာရင်းပိုင်းဆိုင်ရာဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၃၀ ရက်မှ စက်တင်ဘာ ၇ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၉ ဦး သင်တန်းတက်ရောက်သင်ကြားကြကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

# ဇလွန်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ဇလွန် ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ဒေါင့်ကြီးကျေးရွာ ပြည်လုံးချမ်းသာဘုရားတန်ဆောင်း၌ ပြုလုပ်သည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းနောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ကိုမြင့်တို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ လယ်ယာမြေကဏ္ဍ၊ မွေးမြူရေး၊ ကျေးလက်ဒေသမီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသထွက်ကုန်ထုတ်လမ်းစသည့် ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေါင့်ကြီးတိုက်နယ် ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူ ၂၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စလင်း၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**စလင်း ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဇူလိုင် ၂၅ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မည့် တမာချောင်၊ ရှားတောမြောက်၊ ကြို့ဝန်းကျေးရွာ သုံးရွာရှိ ဖွံ့ဖြိုးရေးကော်မတီများထံ ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားမုခ်ဦးအနီး မြေထိန်းနံရံပြိုကျ

**ဗဟန်း ဇူလိုင် ၃၀**

ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားဝင်းမုခ်ဦးအနီး ဇူလိုင် ၂၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က မြေထိန်းနံရံ အမြင့် ခုနစ်ပေ၊ အရှည်ပေ ၁၀၀ ခန့် ပြိုကျပျက်စီးသွားကြောင်း သိရသည်။

အဆိုပါပြိုကျပျက်စီးသွားသည့် မြေထိန်းနံရံအပျက်အစီးများကို ယာဉ်အသွားအလာ ပိတ်ဆို့မှုမရှိစေရေးအတွက် ဇူလိုင် ၃၀ ရက် နံနက် ၅ နာရီ ၃၀ မိနစ်ခန့်မှစတင်ကာ ဗဟန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကြီးကြပ်လျက် စက်အင်အား၊ လူအင်အားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးခဲ့ကြသည်။ ထို့အပြင် အနောက်ပိုင်းခရိုင် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ခရိုင်မှူး ဦးစိန်ဝင်းမောင်ဦးဆောင်ကာ ဝန်ထမ်းများဖြင့် မြေထိန်းနံရံတစ်လျှောက် ပေါက်ရောက်နေသည့် သစ်ပင်ကြီးများကို ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြသည်။

**၁၉၇**



## တိုတိုထွာထွာဖတ်စရာ

# ကျိုက်မရော၌ သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေးဟောပြော

**ကျိုက်မရော**

ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွရဲစခန်းအပိုင် တောင်ကလေးကျေးရွာ အရှေ့စု မူလွန်ကျောင်း၌ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံများအား သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့အား နယ်မြေခံစခန်းမှူး ရဲအုပ်တင့်ဆန်းဦးနှင့် တာဝန်ရှိသူများက ဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ဖားဆောင်း၌ စီးပွားဖြစ် ကျွန်းစိုက်ခင်းစိုက်ပျိုးမှု ဖြစ်ထွန်း

**ဖားဆောင်း**

ကယားပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်နှင့် MRRPအဖွဲ့ဝင်များသည် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ်တွင် သစ်တောဦးစီးဌာနမှ စီးပွားဖြစ်ကျွန်းပင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများကို ဇူလိုင် ၂၈ ရက် နံနက် ၁၁ နာရီခွဲက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

၂၀၁၈ ခုနှစ် စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းတွင် စိုက်ပျိုးသည့် ဧက ၃၀၊ စီးပွားရေးကျွန်းစိုက်ခင်း ၂၅ ဧကတို့တွင် စိုက်ပျိုးပြီးစီးမှုနှင့် ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ တို့၏ ရှင်သန်ကြီးထွားမှုအခြေအနေများကို မြို့နယ်သစ်တောဦးစီးမှူးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟင်္သာတမြို့တွင် စာဖတ်ဝိုင်းပြုလုပ်

**ဟင်္သာတ**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက စာဖတ်ဝိုင်းကျင်းပသည်။

စာဖတ်ဝိုင်းတွင် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်ခင်သူဇာ၊ စာပေချစ်သူ (Book Club) အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောဝင်း (စာရေးဆရာမ ရှင်ခင်စော) နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် စာရေးဆရာများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြပြီး စာရေးဆရာကြီး ဦးအောင်သင်းရေးသားသော "နှလုံးသားကိုလေးပေါ်တင်၍ ပစ်သောအခါ" စာအုပ်အကြောင်း ဖတ်ရှုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြစ်ရေထပ်မံတိုးခြင်းကြောင့် နေအိမ်အချို့ပြောင်းရွှေ့

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဇမိမြစ်ရေထပ်မံတိုးခြင်းကြောင့် ဇမိမြစ်ကမ်းနံဘေးရှိ နေအိမ်များ ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါရေဘေးရှောင်ပြည်သူများအား ဇူလိုင် ၃၀ ရက် နံနက်ပိုင်းမှ စတင်ပြီး ကြာအင်းဆိပ်ကြီးမြို့ မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မျိုးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ယာယီပြောင်းရွှေ့နေထိုင်ရာ မဏိရတနာကမ်းနားဘုန်းတော်ကြီးကျောင်းသို့ ကူညီပြောင်းရွှေ့ပေးလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**

# ကျောင်းကုန်း၌ School.Cum. Shelter တည်ဆောက်မှုစစ်ဆေး

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လှည်းဆိပ်အုပ်စု အပင်နှစ်ဆယ်ကျေးရွာ၌ ခန့်ကမ္ဘောဇကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော School. Cum. Shelter တည်ဆောက်နေမှုကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်မှ တာဝန်ရှိသူများက အရည်အသွေးကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ School. Cum. Shelter အဆောက်အအုံသည် အလျား ပေ ၁၃၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ ပေ အာရ်စီအဆောက်အအုံဖြစ်ပြီး ယခုအခါ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မြို့နယ်မှ အရည်အသွေးကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မယ်စဲ့၌ ကျောင်းကျန်းမာရေးစစ်ဆေး

**မယ်စဲ့**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရဆိုင်ရာအသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးဒေါက်တာအောင်ဇော်ထွန်းက တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းနှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာမြတ်စိုးဦးက စနစ်မှန်သွားတိုက်နည်း၊ သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူ ၂၇၉ ဦးအား ကျန်းမာရေးစစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဆေးဝါးဆိုင်ရာအသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စကားဝိုင်း ပထမဆုံးအကြိမ် ဆွေးနွေး

**ရန်ကုန်  ဇူလိုင် ၃၀**
မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအတွက် ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်စေရန် မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းမှ ပထမဆုံးအကြိမ်ပြုလုပ်သော အသင်းမိတ်ဆက်ခြင်းနှင့် ဆေးဝါးဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲကို ပြည်လမ်းရှိ IBC ခန်းမ၌ ဇူလိုင် ၂၉ ရက်က ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းမှ ပထမဆုံးအကြိမ် ပြုလုပ်သော မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်းမိတ်ဆက်ခြင်းနှင့် ဆေးဝါးဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲ၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် UMFCCI မှ ဥက္ကဋ္ဌအပါအဝင် မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပညာရေးဝန်ကြီးဌာန အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနှင်းနွယ်အေးနှင့် ဦးထိန်လင်းဦးတို့က တက်ရောက်လာကြသူများနှင့်အတူ မူပိုင်ခွင့်ဥပဒေဆိုင်ရာအကြောင်းအရာများကို စုပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲ၌ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းအား စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော အခြေခံဆေးဝါးများနှင့် အခြားလိုအပ်သော အရေးပေါ်ဆေးဝါးများကို ထုတ်လုပ်ရန်အတွက် ဖြစ်ကြောင်း မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းမှ ဥက္ကဋ္ဌ ဦးဇော်မိုးခိုင်က ပြောသည်။

"ကျွန်တော်တို့ ဆေးဝါးစက်ရုံများဟာဆိုရင် ပြည်တွင်းမှာ ဆေးဝါးထုတ်လုပ်တဲ့အခါမှာ စွန့်ဦးတီထွင်တဲ့လုပ်ငန်းတစ်ခုဖြစ်နေတော့ အခက်အခဲများစွာရှိနေပါတယ်။ အချို့အရာတွေမှာဆိုရင် ပြည်တွင်းမှာ ထုတ်လုပ်တဲ့ဆေးဝါးကို ဥပဒေ၊ နည်းဥပဒေအရ အားမပေးတာလေးတွေတော့ ရှိနေပါတယ်၊ ဥပမာအားဖြင့် ဆေးဝါးကုန်ကြမ်းတင်သွင်းမယ်ဆိုရင် အကောက်ခွန်နှုန်းက ဆေးဝါးကုန်ချောတင်သွင်းတဲ့ အကောက်ခွန်နှုန်းထက် ပိုမြင့်နေတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့အနေနဲ့ အကောက်ခွန်ဦးစီးဌာနကို တင်ပြထားပြီးပါပြီ။ ပြီးတော့ ပြည်တွင်းမှာ ထုတ်လုပ်မှုက ပြည်ပက ထုတ်လုပ်မှုထက် နှုန်းထားပိုမြင့်နေတာလေးတွေရှိနေတော့ ဒါကိုလည်း ကျွန်တော်တို့အနေနဲ့ ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းအား ဧပြီ ၂၆ ရက်တွင် တရားဝင်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းဆေးဝါးထုတ်လုပ်သည့်အစိုးရဆေးဝါးစက်ရုံ သုံးခုအပါအဝင် ဆေးဝါးစက်ရုံပေါင်း ၁၀ ခုဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်နေသည့် အခြားဆေးဝါးစက်ရုံများအား အသင်းဝင်ဖြစ်စေရန်အတွက် ဖိတ်ခေါ်ထားကြောင်းနှင့် အနာဂတ်ကာလတွင် နိုင်ငံတော်အတွက် ဆေးဝါးလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ပြည်ပမှဆေးဝါးတင်သွင်းခြင်းကို အစားထိုးရန်နှင့် ပြည်ပပို့ကုန်များကို ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**



# အစာအဆိပ်သင့်မှု ကုသမှုခံယူနေသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သွားရောက်ကြည့်ရှု



**ပဲခူး  ဇူလိုင် ၃၀**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့်အတူ ဇူလိုင် ၂၉ ရက် ညပိုင်းက ကလျာဏီရေဘေးကယ်ဆယ်ရေးစခန်းတွင် အစာအဆိပ်သင့်မှုကြောင့် ပဲခူးဆေးရုံကြီး၌ တက်ရောက်ကုသနေသော လူကြီး ခြောက်ဦးနှင့် ကလေး ၁၅ ဦးတို့အား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ညနေ ၄ နာရီခွဲခန့်က ကလျာဏီရပ်ကွက်တွင် ဖွင့်လှစ်ထားသော ကလျာဏီရေဘေးကယ်ဆယ်ရေးစခန်းရှိ ၄၃ ဦးတို့သည် နံနက်ပိုင်းတွင် အလှူရှင်များက ကျွေးမွေးသော ကြက်ဥ၊ ငုံးဥဟင်းများကိုစားပြီး နေ့လယ်ပိုင်းတွင် ရေခဲချောင်း(နို့စတော်ဘယ်ရီ)များ စားခဲ့ခြင်းကြောင့် အော့အန်ခြင်း သာမန်ဖြစ်ပွားသူများကို ရေဘေးကယ်ဆယ်ရေးစခန်းနှင့် အနီးဆုံးဖြစ်သည့် အာနန္ဒာဘုရားဝင်းအတွင်း ဖွင့်လှစ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း၌ ကုသမှုခံယူရာ သက်သာလာခဲ့သည်။ အဆိုပါကျောင်းတိုက်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း လာရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။ **တင်စိုး(ပဲခူး)**

# ရဲနွယ်ဆည် စိုးရိမ်စရာအခြေအနေမရှိ

**ကျောက်တံခါး  ဇူလိုင် ၃၀**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ရဲနွယ်ဆည်သည် ကန်ရေသတ်မှတ်ချက်ပြည့်မီရန်ပင် လိုနေသေးကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရဲနွယ်ဆည်၊ စိမ့်ကြီးတာတမံ၊ မဒေါက်တာ၊ သောက်ရေခပ်ဆည်များ ကျိုးမည်၊ ရေများ လွှတ်ချမည်ဟူသော ကောလာဟလသတင်းများအရ ဒေသတွင်းပြည်သူများအကြား စိုးရိမ်ပူပန်မှုများရှိခဲ့ပြီး စစ်တောင်းမြစ်ရေ အဆမတန်မြင့်တက်လာမှုကြောင့် ဖြူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများရှိ လူနေအိမ်များ ရေနစ်မြုပ်ခြင်း၊ စာသင်ကျောင်းများ ပိတ်ထားရခြင်း၊ လယ်ယာကေသိန်းနှင့်ချီ၍ ရေလွှမ်းနစ်မြုပ်ခြင်းများခံနေရ၍ သက်ဆိုင်ရာ ဆည်၊ တမံ၊ ရေကာတာများအား သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တာဝန်ရှိသူများက နေ့ညမပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးကာ အနီးတွင်နေထိုင်ကြသော ပြည်သူများအား သတိမပြတ်နေထိုင်ရန် သတိပေးကြော်ငြာထားကြောင်း သိရသည်။

ကောလာဟလသတင်းများနှင့်ပတ်သက်၍ မြို့နယ်ဆည်မြောင်းလက်ထောက်အင်ဂျင်နီယာ ဦးတင့်လွင်က "ရဲနွယ်တာတမံရဲ့ အခုလက်ရှိရေအမှတ်က ၃၂၈ ဒသမ ၆၅ မှာ ရောက်နေပါတယ်။ ကန်ရေပြည့်အမှတ် ၃၃၀ ပါ။ ၁ ဒသမ ၃၅လောက် လိုသေးတယ်။ ကန်ရေပြည့်လည်း ရေပိုလွှဲကနေ ကျော်ကျတဲ့စနစ် ထည့်သွင်းတည်ဆောက်ထားတာပါ။ ၂၀၀၆၊ ၂၀၀၇ ခုနှစ်လောက်ကဆို ရေပိုလွှဲကနေ ၃ ဒသမ ၉ ပေလောက်အထိ ကျော်ကျခဲ့ဖူးတယ်။ သံကူကွန်ကရစ် နည်းပညာနဲ့ စနစ်တကျတည်ဆောက်ထားတာပါ။ ကောလာဟလတွေကို ပြည်သူတွေ မယုံကြပါနဲ့"ဟု ဇူလိုင် ၃၀ ရက်က ပြောကြားခဲ့သည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ကန့်ဘလူမြို့နယ်ရှိ မဟာဂါဆည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကန့်ဘလူ  ဇူလိုင် ၃၀**
ကန့်ဘလူမြို့နယ်ရှိ မဟာဂါဆည်ကိုပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၏ ခွင့်ပြုရန်ပုံငွေကျပ် ၈၆ သန်းဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဟာဂါဆည်သည် အလျား ပေ ၈၀၀၊ တာအောက်ခြေ ပေ ၆၀၊ အမြင့် ၁၅ ပေရှိ၍ သပ်ကျင်းတူးဖော်ခြင်းလုပ်ငန်း၊ တမံမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အလျား ၈၅ ပေ၊ အနံ ၂၄ ပေရှိ ရေပိုလွှဲတစ်ခု ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ပြီး ရေထုတ်ပြွန်အဟောင်းအား ပြန်လည်ပြုပြင်၍ ဂီယာအုံ၊ ရေတံခါးရွက်များ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး ဦးမြတ်သူလွင်က ပြောသည်။



ဆည်ပြုပြင်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သော ထက်ရှိုင်းလင်းတည်ဆောက်ရေးကုမ္ပဏီက ဇူလိုင် ၂ ရက်တွင် စတင်တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

အဆိုပါ မဟာဂါဆည်သည် ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာ အနောက်မြောက်ဘက် မိုင်ဝက်ခန့်တွင်တည်ရှိပြီး ၁၉၈၆ ခုနှစ်က ပြည်သူများ၏ လုပ်အားဖြင့် စတင်တည်ဆောက်ခဲ့ပြီး ရေလွှဲရှပ်တာပေါက်ကို ယခင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပေးခဲ့သည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပေ ၂၀၀ ခန့် ကျိုးပေါက် ပျက်စီးခဲ့ရာ ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် တမံမြေသား ပေါင်ဖို့ခြင်းလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ဩဂုတ် ၂၁ ရက်တွင် ပေ ၃၀ ခန့် ကျိုးပေါက်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူများက အကြီးစားပြုပြင်ပေးရန် မျှော်လင့်ခဲ့ကြသည်။

မဟာဂါဆည်သည် တောင်ကျရေကို တားဆီးတည်ဆောက်ထားသည့် တစ်ဖက်ပိတ်မြေသားတမံဖြစ်၍ တောင်ကျရေများချိန်တွင် မြေသားတမံ ကျိုးပေါက်နိုင်သဖြင့် ဆည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ယင်းမာပင်၌ ကွင်းဆင်းဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်

**ယင်းမာပင်  ဇူလိုင် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်းရှိ ကွင်းဆင်းဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက အလောင်းတော်ကဿပအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးဝင်းရှိ ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ အလောင်းတော်ကဿပအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်နှင့် ဦးစီးအရာရှိ ဒေါ်သန်းသန်းအောင်တို့ တက်ရောက်ကြပြီး ကွင်းဆင်းထိန်းသိမ်းရေးဆောင်ရွက်နေသော ဝန်ထမ်း ၁၉ ဦးအား ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအသစ်ဘာသာရပ်ကို စာတွေ့လက်တွေ့ အသေးစိတ်သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလကို ဇူလိုင် ၃၀ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ကြော်ငြာ

## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)

## ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၁၆-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ကယားပြည်နယ် အရပ်မှ ရုံ(စွယ်တော်မြတ်စေတီတောင်ဘက်မုခ်အနီး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လှူဖွယ်ပစ္စည်းများ လှူဒါန်းရန်နှင့် အသက်(၇၅)နှစ်အထက် အသင်းဝင် အဘိုး၊ အဘွားများ အမည်စာရင်းများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းစာရင်းပေးသွင်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) | ဥက္ကဋ္ဌ | ဖုန်း-၀၉-၇၉၄၄၁၉၆၉၇ |
| (၂) ဦးရဲညွန့် | ဒုတိယဥက္ကဋ္ဌ | ဖုန်း-၀၉-၅၁၁၄၅၇၅ |
| (၃) ရဲမှူးကြီးတင်သိန်းဟန်(ငြိမ်း) | ဒုတိယဥက္ကဋ္ဌ | ဖုန်း-၀၉-၅၃၂၉၁၉ |
| (၄) ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) | အတွင်းရေးမှူး | ဖုန်း-၀၉-၅၁၄၇၉၀၄ |
| (၅) ဦးမောင်မောင်လှ | တွဲဖက်အတွင်းရေးမှူး | ဖုန်း-၀၉-၇၃၀၀၁၉၀၀ |
| (၆) ဦးမြင့်လွင် | တွဲဖက်အတွင်းရေးမှူး | ဖုန်း-၀၉-၇၉၅၈၁၇၆၂၀ |

**အလုပ်အမှုဆောင်အဖွဲ့**

## မြင်းကကုန်းအသင်း(ရန်ကုန်)

## စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့အတွင်းရှိ မြင်းကကုန်းဒေသမှ ရဟန်းသံဃာတော်များအားပင့်ဖိတ်၍ မြင်းကကုန်းအသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အသင်းရုံးအဆောက်အအုံဖြစ်မြောက်ရေးအတွက် အလှူငွေများလှူဒါန်းခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၅-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
အချိန် ။ ။ နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
နေရာ ။ ။ အောင်သိဒ္ဓိရေစက်ကျောင်း၊ လိပ်ပြာကန်ကျောင်းတိုက်ဝင်း။
ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။ (ကြွရောက်လာသူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်)

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သော အသင်းသား/အသင်းသူများ၏ သား/သမီးများ အမည်စာရင်းကို ၂-၈-၂၀၁၈ ရက် နောက်ဆုံးထား၍ ဦးသိန်းညွန့် ၀၉-၂၅၂၀၃၃၃၂၄၊ ဦးခင်မောင်လတ် ၀၉-၂၆၁၇၄၄၂၀၀၊ ဦးကျော်သက်ဝင်း ၀၉-၄၂၀၁၂၀၀၂၄၊ ဦးဝင်းနိုင် ၀၉-၄၂၀၁၅၉၃၁၂ တို့ထံသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**











## ဖြူးမြို့နယ်အသင်း (ရန်ကုန်)

### ဖြူး-ဇေယျဝတီ-ကညွတ်ကွင်း-ညောင်ပင်သာ

(၃၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ထူးချွန်ဆုပေးပွဲအခမ်းအနားအား ၁၉-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) တွင် နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ (Asia Plaza Hotel) ဗိုလ်ချုပ်လမ်းနှင့် ၃၈-လမ်းထောင့်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကန်တော့ခံမည့် အဘိုး၊ အဘွားများစာရင်းနှင့် ရန်ကုန်မြို့နေမိဘများမှ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများစာရင်းကို အောက်ပါဖုန်းနံပါတ်များသို့ ၁၁-၈-၂၀၁၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

**မှတ်ချက်**။ ။ အသင်းသားအသစ်လျှောက်ထားလိုသူများ လိုင်စင်ဓာတ်ပုံ ၂ ပုံ ကျေးဇူးပြု၍ ယူလာပေးပါရန်

| | | |
|---|---|---|
| ဆက်သွယ်ရန် - | ၁။ ဦးဂုဏ်ရင် | - ၀၉-၅၄၁၂၄၆၁ |
| | ၂။ ဦးစိုးလွင် | - ၀၉-၅၄၀၅၃၅၂ |
| | ၃။ ဦးစိုင်းမျိုးနိုင် | - ၀၉-၅၀၂၉၅၂၉ |
| | ၄။ ဦးခင်မောင်သွင် | - ၀၉-၅၃၅၁၁၀၅ |
| | ၅။ ဦးအောင်ကျော်ဟိန်း | - ၀၉-၅၀၁၂၃၇၉ |

**အမှုဆောင်အဖွဲ့**
**ဖြူးမြို့နယ်အသင်း (ရန်ကုန်)**

## စစ်ကိုင်းရွှေဟင်္သာစံကျောင်း

## ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

(၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် စစ်ကိုင်းရွှေဟင်္သာစံကျောင်း ဒါယကာ၊ ဒါယိကာမများအား လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။


**နေ့ရက်** - ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် (တနင်္ဂနွေနေ့)
၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁ ရက်
**အချိန်** - နံနက် ၉း၀၀ နာရီ
**နေရာ** - "ရွှေဟင်္သာဆရာတော်ကြီးအထိမ်းအမှတ်ဓမ္မာရုံ"
စစ်ကိုင်းရွှေဟင်္သာစံကျောင်း
အမှတ်(၁၉/က)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်။
ဖုန်း-၀၁-၂၃၃၁၀၅၀

**ဥပါသကာအဖွဲ့**




















ANNUAL SURPRISE!
101 PRIZES
WAITING FOR YOU
Junction City မှ ဖိတ်ခေါ်ပေးပို့တဲ့ Customer များအတွက်
"101 Prizes Waiting For You" ကံစမ်းမဲအစီအစဉ်ကြီးကို စတင်လိုက်ပါပြီ။
ကံထူးသူတွေကို BMW X1, Singapore Round Trip Flight, iPhone X, iPhone 8,
သိန်းကျော်တန် Gift Voucher တို့အပါအဝင် တန်ဖိုးကြီးဆုလက်ဆောင် ၁၀၁ ခု
ပေးအပ်သွားမှာပါ။
ကံစမ်းမဲကာလ
ဩဂုတ် ၁ မှ အောက်တိုဘာ ၃၁၊ ၂၀၁၈ အထိ
www.junctioncityyangon.com
mastercard
JUNCTION CITY

ကွမ်းရှက်ပုံ

ရွှေပျားကောင်

KAPLAN MYANMAR UNIVERSITY COLLEGE
Synergy pods (classroom of the future) only available @KMUC
KMUC Pathway
Kaplan Myanmar University College ၏
ပညာရေးဆွေးနွေးပွဲ
"Your Future Your KMUC"
ဩဂုတ်လ၊ ၄ ရက် (စနေနေ့)
နံနက် ၁၀ နာရီ မှ ၁၂ နာရီအထိ
KMUC Campus
Master
Bachelor
Adv Diploma
Diploma
English
Business & Management
No. 6A, Waggi Yeikthar Street, Kamayut Township,Yangon. Tel: 09-777 63 6000, 09-777 68 6000

မင်္ဂလာပါ
09-450042704
09-250095116
09-420086296

တိုက် တိုက် တိုက်
အင်္ဂလိပ်သတ်
အရှေ့ဂိုင်း၊ တောင်ဂိုင်း
ဆိုင်ကယ်ရှေ့မြေကွက်များ
ဈေးနှုန်း (ပေါက်ဈေး)
ဝယ်ပါသည်။
ဖုန်း- ၀၉၅၂၂၂၂၅၈
၀၉၄၆၁၂၄၄၄၄

ရောင်ခြည်ထိ
Ph:09-450454771
09-450454772
09-450454773

T-Shirt
650 850
Arr Kar Moe T Shirt Distribution
09454090685, 09451655671

SUKUMVIT HOSPITAL
Dr.Poonsak Artamnuayvipas
Dr.Nivit Kalra

GARTEN FLOOR
Specialize of Vinyl & Laminate Floor
Promotion Period 1st July ~ 31st August
250,000/- 199,000/-
Laminate Floor
Vinyl Floor
100% Vergin Materials
Click Type
Negative Ion Technology
HOT LINE 09 459 177778
09 240 0988
garten.sh@gmail.com
09-459177775, 09-790177706, 09-790177708, 09-790177709
https://www.facebook.com/gartenmaterials

GW
0973226006
0973133528
0973077569
09401505559

ရှင်ပြုံးသုဓာ အကျိုးဆောင်
| | | | |
|---|---|---|---|
| ဘောက်ထော် | 23 × 105 | မြေ | 5000 သိန်း |
| ကမ္ဘာအေးလမ်းသွယ် | 40 × 100 RC 2 | | 12500 သိန်း |
| ဂုံးနိုင်ပြည်လမ်းသွယ် | 80 × 90 | မြေ | 15000 သိန်း |
| ဖိုးစိန်လမ်းသွယ် | 0.25 ဧက | မြေ | 20000 သိန်း |
| သံလွင်လမ်းမ | 18 × 45 | မြေ | |
| သံလွင်လမ်း | 60 × 100 | RC 3 | |
09-5012803, 09-5007745, 09-785007745

Lucky Brothers
09-5109285
09-5173511
09-5044836

လုပ်ငန်းခွင်မှာ ထိခိုက်မှုဖြစ်ပြီးမှ
လျော်ကြေးပေးမှာလား ?
မိမိ လုပ်သားများကို Safety
အပြည့်အစုံ ဝတ်ဆင်ပေးမှာလား?
Safety နှင့်ပတ်သက်ရင်
ဘာပဲလိုလို
FIRST SAFETY ကိုဖုန်းဆက်လိုက်ပါ
09-426777400~500~600
COVERALL
SAFETY HELMET
SAFETY VEST
SAFETY BOOTS
SAFETY SHOES
STEEL GUMBOOT
WELDING GLOVES
MASK
SAFETY GLASSES
FIRST SAFETY CONSTRUCTION AND GENERAL TRADING COMPANY LIMITED
No. 83/A, WaiZanYanTar Rd, NgweKyarYan 5 st, 3rd Ward, South Okkalapa Tsp, Yangon
09-426771100 | 09-426777200 | 09-426777300 | 09-426777800 | 09-426777900 | 09-799121224

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ဇေယျာလင်း(ခ)မောင်ဇေယျာလင်းထက် [၁၂/သလန(နိုင်)၁၆၅၈၅၃]သည် မိဘဆိုဆုံးမစကားနားမထောင်ဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝလုံးဝတာဝန်မယူပါ။

ဦးကျော်ကျော်အောင်
[၁၂/သလန(နိုင်)၀၅၇၅၇၂]၊ သန်လျင်မြို့
ဗိုလ်ချုပ်ရွာသစ်၊ ဓမ္မာရုံလမ်း၊ အမှတ်(၆၀)၊ (၁၅)နယ်မြေ၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## မောင်ထိန်လင်းစိုး(ခ)ကာစင် (TKA-110386)
## သိစေရန် (အကြောင်းကြားစာ)

ယခင် ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ အမှတ်(၃၂၇)၊ ၅-လွှာ(ညာ)နေ ဦးစိုးသိန်း၏သားဖြစ်သူ မောင်ထိန်လင်းစိုး(ခ)ကာစင် (ယခုနေရပ်လိပ်စာမသိ) သိစေရန်ဖြစ်သည်။ ဇနီးဖြစ်သူ မစန်းစန်းယု(ခ)ရို့ကီယာဘီသည် ၎င်း၏ခင်ပွန်းဖြစ်သူ မောင်ထိန်လင်းစိုး(ခ)ကာစင်နှင့် မည်သည့်နည်းနှင့်မျှ မပေါင်းသင်းနိုင်တော့သည့်အခြေအနေအရ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးတွင် အစ္စလာမ်ဘာသာရေးအရ လင်မယားကွာရှင်းလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ အထက်အမည်ပါ မောင်ထိန်လင်းစိုး(ခ)ကာစင်မှ ဇနီးဖြစ်သူ၏ လင်မယားကွာရှင်းလိုမှု လျှောက်ထားချက်အပေါ် ထုချေရှင်းလင်း တင်ပြရန် ၁၀-၈-၂၀၁၈ရက် မွန်းလွဲ ၃း၀၀နာရီတွင် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးသို့ အောက်တွင်ဖော်ပြထားသောလိပ်စာအတိုင်း လာရောက်ရမည်။

သင်သိစေသည်မှာ ဆိုခဲ့သည့်ရက်တွင် ကာယကံရှင် အသင်ကိုယ်တိုင်မှ မလာရောက်ပျက်ကွက်ခဲ့လျှင် ဘာသာရေးအရ လျော်ကန်သင့်မြတ်သလို ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေပါသည်။

အလ်ဟာဂျ် အွတ်စ်တာဇ် အလ်ကာသျိ ဦးကျော်စိုး (စာရေးဆရာ)
အထွေထွေအတွင်းရေးမှူးချုပ်
မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ် (ဗဟို)
အမှတ်(၇၉)၊ (၆)လွှာ၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၁၇၁၇၊ ၀၉-၅၀၈၄၅၈၇

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်ရင်အေး
## အသက် (၈၅) နှစ်

ပဲခူးမြို့၊ သမုံ့ချောင်းကျေးရွာနေ(ဦးထွန်းမောင်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ အမှတ်(၂၃)၊ ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေ(ဦးစိန်မောင်)၏ဇနီး၊ (ဦးစိုးမြင့်-ဒေါ်မြင့်မြင့်ကြည်)၊ ဦးသန့်ဇင်ဦး(CB Bank)-ဒေါ်ဝင်းဝင်းရီ၊ (ဦးခင်မောင်ကို)၊ (ဦးယဉ်ထွန်း)-ဒေါ်ငွေငွေဝင်း၊ ဦးထွန်းဝေ-ဒေါ်အေးအေးခိုင်(ခေတ္တဂျပန်)၊ ဦးအောင်လင်း-ဒေါ်ယဉ်ယဉ်မိုးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၇-၂၀၁၈(တနင်္လာနေ့) ည ၈ နာရီ မိနစ် ၂၀ တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

(သင်္ဂြိုဟ်မည့်နေ့ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သီတာမြင့် (၆၂)နှစ်
### (B.Com-80 Batch ကလေးမြို့)

ကလေးမြို့၊ ဗိုလ်ချုပ်လမ်း၊ ပင်လုံနယ်မြေ(၁)နေ (ဦးစိန်-ဒေါ်စောရွှေ)တို့၏သမီးလတ်၊ (ဦးသန်းစိန်-ဒေါ်ညွန့်မေ)၊ ဦးခင်မောင်ငွေ-ဒေါ်ညွန့်ကြည်(USA)၊ ဦးစိုင်းရင်-ဒေါ်လှလှမြင့် (စိန် ဂေါ်လီ)တို့၏ညီမ၊ ဦးစိုးသန်း-ဒေါ်ခင်နု(မင်းမဟာကား-ပစ္စည်းဆိုင်)၊ ဦးစိုးဝင်း (ပုညကုသလအသင်း)၊ ဦးထွန်းလွင်-ဒေါ်အေးအေးယု (တံတားဦးကုန်မာ ဆိုင်)တို့၏အစ်မ၊ တူ/တူမ ၁၆ယောက်တို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားလေးသည် ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (အမှတ်(၂၁/သုံးလွှာ)၊ ပန်းခြံလမ်း၊ စမ်းချောင်းနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် (၈၂)နှစ်

MPRL E&P Pte Ltd.မှ Chief Compliance Officer ဒေါ်နုနုလွင်၏ မိခင် ဒေါ်အေးမြင့်သည် ၂၉-၇-၂၀၁၈ ရက် ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

**MPRL E&P Pte Ltd.ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ (၇၃)နှစ်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်း-ဒေါ်စုစုမွန်တို့၏မိခင်၊ ဦးညွန့်လှိုင်၏ဇနီး ဒေါ်သန်းရီ အသက် (၇၃) နှစ်သည် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**

### ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်အစ်မကြီး
## ဒေါ်အုံးကျင် (၉၅)နှစ်
### သဃ်္ဃန်းကျွန်းကြီး၊ မင်္ဂလာဒုံ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်း၊ (၇)ရက်ကွက်၊ (၅၇)လမ်းသွယ်၊ တိုက်အမှတ် (၇၅)၊ မြေညီထပ်နေ (ဦးထွန်းဝင်း-ဒေါ်မယ်မြင့်)တို့၏သမီး၊ (ဦးဘရွှေ-ဒေါ်မျှင်) တို့၏ သမီးချွေးမ၊ ဦးမောင်မောင်အေး (MOGE၊ ငြိမ်း)-ဒေါ်စန္ဒာတင်(စာရင်းစစ်)၊ (ဦးသန်းထွန်း)-ဒေါ်ခင်မာလာ၊ (ဦးခင်စိန်)-ဒေါ်ဝင့်စန္ဒာတင်၊ ဦးငွေရ-ဒေါ်ရီရီလွင်၊ ဒေါ်လှလှသန်း (ငွေလက်ခံဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးစံထွန်း-ဒေါက်တာဝင်းဝင်းမော်(စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ (ဦးအောင်ကျော်စိုး)တို့၏ကျေးဇူးရှင် မွေးသမိခင်၊ (ဦးစံရွှေ)၏ ဇနီး၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားဒေါ်အုံးကျင်သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် သုခကမ္ဘာဆေးရုံကြီး၌ ကွယ်သွားပါ၍ ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၈ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မချောစု(ခ)ခင်ချောစုကျော်
## အသက်(၄၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာနေ (ဦးကျော်လေး-ဒေါ်အေးအေးဝင်း)တို့၏ သမီးကြီး၊ မချောစု(ခ)ခင်ချောစုကျော်သည် ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၄၁၂/က၊ ၁/ထူပါရုံဆေးရုံလမ်း၊ သာကေတမြို့နယ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ရှိန် (၈၄)နှစ်
### မြန်မာ့လေကြောင်း-ငြိမ်း

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ရေနံတောင်ကျေးရွာနေ (ဦးဖြိုးဦး-ဒေါ်ကံယုံ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးချစ်တင်-ဒေါ်သော့ရင်)တို့၏ သားသမက်၊ အမှတ်(၉)၊ ဂန္ဓမာလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ညိုညိုတင်(E.P.C-ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်ဖေဦး-ဒေါ်ပြုံးမြင့်သွယ်၊ ဦးလှိုင်မိုး-ဒေါ်မော်လွင်ဦး၊ ဦးတင်ထူးအောင် (Dagon Beverages Co.,Ltd)-ဒေါ်သီသီခင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်သိန်း (၆၉)နှစ်
### အထက-၂၊ မရမ်းကုန်းကျောင်းဆရာဟောင်း၊ အလက(၄)လှိုင် (ယခင်အိုကေကျောင်း) ၁၉၇၀-၁၉၇၅

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊အနောက်ကြို့ကုန်းနေ (ဦးစံလှ-ဒေါ်ဉာဏ်)တို့၏သား၊ ဦးသိန်းလှ-ဒေါ်ကျင်သိန်း တို့၏ သားသမက်၊ဒေါ်လှလှသိန်း၏ ခင်ပွန်း၊ ဗိုလ်ကြီးဇော်မင်းဦး-ဒေါ်ရူပါသိန်း၊ ဒေါ်ယမင်းသိန်းတို့၏ဖခင်၊ မောင်ဉာဏ်သုတလင်း၏ ချစ်လှစွာသော အဘိုးသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

### လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစံမောင် (၈၉)နှစ်
### လပွတ္တာ သက်ကြီးကန်တော့ခံအဘိုး

လပွတ္တာမြို့၊ (၅) ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၁၂၄)နေ (ဒေါ်ခင်ထွေး) ကြိမ်/ဝါးပစ္စည်းဆိုင်၏ ခင်ပွန်းသည် ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပြီး ဖြစ်ပါ၍ ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် လပွတ္တာမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ သိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
## ဆရာမကြီး ဒေါ်အေးချို
## အသက်(၈၀)
### ကန်တော့ခံပုဂ္ဂိုလ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်း(ဇေယျာသီရိလမ်း)၊ အမှတ်(၂၇-ဘီ)နေ (ဦးခင်တိုး)၏ ဇနီးသည် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြား သိစေအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**

## ဦးငွေလွင် (၅၇)နှစ်
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၊ ဒလမြို့နယ်၊ အောင်ဇေယျဈေး(ဈေးတာဝန်ခံ-၁)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါ(၁၁)လမ်းအရှေ့၊အမှတ်(၁၃၉၀/က)နေ (ဦးပြုံး-ဒေါ်တိုး)၊ (ဦးတင်စော-ဒေါ်လုံး)တို့၏ သားသမက်၊ (ဦးငွေအောင်)-ဒေါ်ခင်ဝင်း၊ ဦးသိန်းထွန်း-ဒေါ်မြင့်ဆွေ၊ (ဦးသန်းညွန့်)-ဒေါ်မြင့်ဝေ၊ (ဦးအောင်ငွေးနိုင်-ဒေါ်စိမ်းစိမ်းကြည်)၊ ဦးအောင်ကျော်ငွေ-ဒေါ်ထားထားနွယ်၊ ဦးစံရီ (သာကေတမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး)-ဒေါ်ငွေငွေဝင်း၊ (ဦးမောင်အေး)-ဒေါ်အေးအေးသင်း၊ ဦးသက်နိုင်ဝင်း - (ဒေါ်မြင့်မြင့်ဝင်း)၊ ဦးအောင်လင်း-ဒေါ်မခိုင်၊ ဦးအေးထွန်း-ဒေါ်နန်းနန်းတင်၊ ဦးအောင်မင်း (သာကေတမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး)-ဒေါ်ရင်ရင်သန်းတို့၏ အစ်ကို/ညီ၊ ဒေါ်ဝင်းဝင်းဝါ (သာကေတမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး)၏ ချစ်လှစွာသော ခင်ပွန်း၊ မမေသက်ပိုင်၊ မမေမြတ်မွန်တို့၏ မွေးသဖခင် သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၂း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုအအေးတိုက်မှကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ဝဏ္ဏအောင် (ခ) William Aung
## အသက် (၁၅) နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ အမှတ်(A-28)နေ ဦးညွန့်အောင်-ဒေါ်စုလတ်လတ်လွင် တို့၏ ချစ်လှစွာသောသား၊ (ဦးအောင်သိန်း)-ဒေါ်လဲ့လဲ့၊ ဦးအေးလွင်-ဒေါ်သန်းသန်းမြင့်တို့၏မြေး၊ ဒေါ်မြတ်မြတ်လွင်၊ (ဦးတင်အောင်)၊ ဦးကျော်ညီညီ၊ ဒေါ်အေးသိမ့်သိမ့်လွင်၊ ဦးသက်မောင်မောင်လွင်တို့၏တူ/သား မောင်ဝဏ္ဏအောင်သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုင်းတွီဆင်ဟာ (၉၂)နှစ်

ကျိုင်းတုံမြို့၊ ကျိုင်းစံရပ်၊ ဈေးဟောင်းလမ်း၊ အမှတ်(၃၃)နေ (ဦးဖယားဆင်ဟာ-ဒေါ်နန်းနွန်းမုတ်)တို့၏သားကြီး၊ ဒေါ်နန်းဝိုးတစ်၏ခင်ပွန်း၊ နန်းဆိုင်ဖူး-စဝ်လျန်မိုင်းဂရိုင်း၊ နန်းစံတစ်-စိုင်းကမ်မွေ၊ စိုင်းဝန်းမောက်-နန်းဆီနွန်း၊ နန်းဖောင်းနွန်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးစိုင်းတွီဆင်ဟာသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဟွေဖင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သူ(ခ)ဦးတိုးမောင် (၈၄)နှစ်
### ဦးစီးအရာရှိ (ငြိမ်း) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာန ပြည်ထဲရေးဝန်ကြီးဌာန

လယ်ဝေးမြို့နေ (ဦးညီ-ဒေါ်အမာ)တို့၏ သား၊ (ဦးလှဒင်-ဒေါ်သိန်း)တို့၏ သားသမက်၊ (ဒေါ်သင်းသင်းသူ)၏ ခင်ပွန်း၊ ဦးလင်းနိုင်-ဒေါ်သီသီစိုး၊ ဒေါ်မြတ်မြတ်သူ (အထက-၁၊ လှိုင်သာယာ)၊ ဒေါ်အေးသူသူတို့၏ ဖခင်၊ အိမ့်ဟန်နီသူ၏ အဘိုး၊ အမှတ်(၄၅၈/၄၅၉)၊ ရွှေရိုးနွယ်လမ်း၊ အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ဦးအောင်သူသည် ၂၉-၇-၂၀၁၈ ရက် ည ၇း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းဝင်း(ခ)မမီးငယ်(မြိတ်) (၅၈) နှစ်

မြိတ်မြို့နေ (ဦးတွတ်နီ-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးလွန်းတင်)-ဒေါ်သန်းရှုတို့၏သမီးချွေးမ၊ ဦးအေးသန်း-ဒေါ်သန်းသန်းဝင်းတို့၏ညီမ၊ ဒေါ်စီစီဝင်း၊ ဦးထိန်လင်း၊ (ဒေါ်ဥမ္မာ)၊ ဦးချမ်းသာ-ဒေါ်သီတာဦး၊ ဒေါ်နီနီအေး၊ ဦးလတ်အေးထွန်း-ဒေါ်အိနီတာနွေးတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၀၂)၊ တိုက်(ဘီ)၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီးနေ ဦးတင်မောင်ညီ(Lion Family Co.,Ltd)၏ချစ်လှစွာ သောဇနီး၊ ကိုညီညီမောင်-မကြိုင်ကြိုင်သင်းရှိန်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်စန်းစန်းဝင်း (ခ) မမီးငယ်သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းဝင်း(ခ)မမီးငယ်(မြိတ်) (၅၈)နှစ်

မြိတ်မြို့နေ (ဦးတွတ်နီ-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးလွန်းတင်)-ဒေါ်သန်းရှုတို့၏သမီးချွေးမ၊ ဦးမြင့်လွင်-ဒေါ်တင်တင်နွဲ့၊ ဦးရဲထွဋ်-ဒေါ်တင်မြင့်ရီ၊ ဦးသန်းဇော်၊ ဦးကျော်လွင်(ဆောက်လုပ်ရေး)-ဒေါ်မူမူဆွေ၊ ဦးကျော်လွင်(Uniteam Marine)-ဒေါ်မာမာချိုတို့၏ညီမ၊ ဦးခင်မောင်ညို-ဒေါ်စီစီလွန်းတင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၀၂)၊ တိုက်(ဘီ)၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီးနေ ဦးတင်မောင်ညီ(Lion Family Co.,Ltd)၏ချစ်လှစွာသောဇနီး၊ ကိုညီညီမောင်-မကြိုင်ကြိုင်သင်းရှိန်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စန်းစန်းဝင်း(ခ)မမီးငယ်သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်စွမ်းထက် (၁၉)နှစ်

မြစ်ကြီးနားမြို့နေ (ဦးစိန်ဝင်း-ဒေါ်ခင်မမ)တို့၏မြေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ အမှတ်(၄၉၆)နေ ဦးကြည်မောင်(အထပြ-ငြိမ်း၊ အထက-၆၊ ဗိုလ်တထောင်)-ဒေါ်ခင်သက်(ခ)ဒေါ်ငွေဥတို့၏မြေး၊ ဦးမင်းဇော်ဦး(မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)-ဒေါ်ကေသီဦးတို့၏သားငယ်၊ မယွန်းဖူးဝေ၏ချစ်လှစွာသောမောင်၊ ဦးဇာနည်မောင်(Phoenix Association)၊ ဒေါက်တာသီဟမောင်(နား၊နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး၊ ဟသ်ာတပြည်သူ့ဆေးရုံကြီး)တို့၏တူသည် ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၈ (စနေနေ့) နံနက်၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်းဦး (၇၁)နှစ်
### အိုးအိမ်/မြို့တော်စည်ပင်၊ မြို့ပြမြေယာ-ငြိမ်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်နေ (ဦးခင်မောင်-ဒေါ်တင်လှ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးစိန်ဟန်-ဒေါ်လှရီ)တို့၏ သားသမက်၊ (ဒေါ်အေးမြင့်)၏ ခင်ပွန်း၊ ဦးဇော်လွင် (ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်မြစကားဝါအေး၊ ဦးမျိုးဝင်း-ဒေါ်နှင်းရည်ထွေးတို့၏မွေးသဖခင်၊ မောင်ဇင်ဘုန်းဇော်(1st Year, B.E Chemical၊ သန်လျင်နည်းပညာတက္ကသိုလ်)၊ မောင်သင့်မြတ်ဇော် (ပညာနန်းတော်)၊ မဆုချမ်းမြေ့စံ(အထက-လခွဲ-၁၊ သဃ်္ဃန်းကျွန်း)၊ မစုမြတ်သဒ္ဒါဇော်တို့၏ဘိုးဘိုးကြီးသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈(တနင်္ဂနွေနေ့)နံနက်၇ နာရီမှ ၁၁နာရီအထိ အမှတ်-၈၉/၄၊ ကမာလမ်း-အရှေ့၊ ၂၄-ရပ်ကွက်၊ ရေနံ့သာလမ်း၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ညွှန့် (မကွေး)
## အသက် (၈၂) နှစ်

မကွေးမြို့၊ တည်ပင်ကန်ကျေးရွာနေ (ဦးဘရှင်-ဒေါ်ပန်းအုံ)တို့၏သမီး၊ (ဦးချစ်တီး)၏ဇနီး၊ ဦးသိန်းသန်းဦး-ဒေါ်တင်အေး၊ (မစန်းစန်းဝင်း)၊ ဦးမြင့်ဆွေ-ဒေါ်ကြူကြူဝင်း၊ ဒေါ်နီနီဝင်း၊ ဦးမင်းမင်းဦး-ဒေါ်အေးသန္တာအောင်၊ ဦးထွန်းထွန်းမင်း-ဒေါ်ဇင်ဝါဝါထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄း၄၀ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၅၉၊ တတိယထပ်၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လတ် (ခ) Henry L.Thein (၉၃)နှစ်

ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်ခင်သန်း)တို့၏သားလတ်၊ (ဒေါ်ကြည်ကြည်မေ)၊ ဒေါ်မြင့်မြင့်သိန်း၏ခင်ပွန်း၊ (ဦးခင်မောင်ကြီး)-Bernice Aung Myint၏ညီ၊ (ဦးခင်မောင်သိန်း)၊ (ဒေါ်ရင်ရင်မေ-ကပ္ပတိန်ဦးအောင်)တို့၏အစ်ကို၊ ဦးကျော်နိုင်-ဒေါ်ဥမ္မာမြင့်(ခေတ္တ-Gold Coast, Australia)၊ ဒေါ်နီလာခင်လတ်-ဦးမြင့်အေး၊ ဒေါ်ဥမ္မာခင်လတ်(Brisbane, Australia)၊ ဒေါ်ကေသီခင်လတ်(Sydney, Australia)၊ ဦးဟန်ထွန်း-ဒေါ်မေသန်းငွေ(London, UK)၊ Mrs. Cathryn Rose Pingel-Mr. Arne Pingel (Basel,Switzerland)တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်သီရိနွယ်-ဦးကျော်စိုးမင်း၊ ဦးဇီဝနိုင်-ဒေါ်ဝင်းမင်းထွေး(Sydney, Australia)၊ (နန္ဒနိုင်)၊ ဒေါ်ယဉ်မင်းလတ်-ဦးကြည်သူ(Singapore)၊ ဒေါက်တာယဉ်မင်းသိမ်း-ဒေါက်တာ Roger Ong(Melbourne, Australia)၊ Douglas Taylor-Latt & Thomas Taylor-Latt၊ Justin မောင်နေလင်း၊ မောင်ခန့်ဖြိုး၊ မမေသွယ်ဟန်တို့၏အဘိုး၊ မေအိန္ဒြေမင်း၊ ပြည်ဖြိုးမင်း၊ ဆောင်းဒီပါမင်း၊ မေသက်နိုင်၊ ဝံသနိုင်၊ သီရိလင်း၊ သူရိန်လင်း၊ William Ong, Baby Douglas Jnr တို့၏ဘိုးဘိုးကြီး ဦးခင်မောင်လတ် (ခ) Henry L.Theinသည် ၂၇-၇-၂၀၁၈(သောကြာနေ့) ဒေသစံတော်ချိန် ည ၇း၁၀ နာရီတွင် Gold Coast Private Hospital, Southport, Australia ၌ ကွယ်လွန် သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းရီ(ထားဝယ်မြို့) မောင်းမကန်ဆိုင် (၈၉)နှစ်

ထားဝယ်မြို့၊ တလိုင်းထိန်ရပ်၊ အာဇာနည်လမ်း၊ အမှတ်(၄၄၂)နေ (ဦးဘာဘာ-ဒေါ်ဆန်းခင်)တို့၏ သမီး၊ (ဦးသန်းမြင့်)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာအောင်ချိန်-ဒေါ်သီတာမြင့်၊ ဦးယူစိန်-ဒေါ်စန္ဒာမြင့်၊ ဦးခင်မောင်အေး၊ ဦးသိန်းတန်-ဒေါ်ဥမ္မာမြင့်၊ ဦးကျော်ကျော်ထွန်း-ဒေါ်ဖြူဖြူအိ၊ ဦးအောင်ကျော်မိုး-ဒေါ်သီဂီမြင့် တို့၏ ချစ်လှစွာသောမိခင်၊ ဦးကျော်လွင်-ဒေါ်ရီရီလွင်၊ (ဦးကြည်သိန်း)-ဒေါ်နွဲ့နွဲ့လွင် တို့၏ ချစ်လှစွာသော အစ်မ၊ ဦးနိုင်မျိုးလွင်-ဒေါ်ဝါဝါမြင့်သူ၊ ဦးအောင်မိုးလွင်-ဒေါ်ခင်သူဇာဝင်း၊ ကိုကျော်သူရလွင်၊ ဦးမျိုးသီဟ-ဒေါက်တာမြတ်ဆုလွင်၊ ကိုသက်အောင်-မမြစန္ဒာသိန်း၊ မမြတ်ဖြိုးဖြိုးသိန်းတို့၏ ချစ်လှစွာသောကြီးကြီး၊ ကိုနိုင်ဦးအောင်-မစံပါယ်ထွေး၊ ကိုကျော်ဇင်အောင်-မဝေမီမြတ်နိုး၊ ကိုသူရယူစိန်၊ ကိုပိုင်စိုးအောင်-မသက်ထားဦး၊ ကိုအာကာယူစိန်၊ မလဲ့ယဉ်မြင့်၊ ကိုကောင်းဆက်ယူစိန်၊ မောင်သိန်းထိုက်၊ မောင်အောင်ကောင်းမြတ်ကျော်၊ မောင်ငွေးလှိုင်၊ မအေးရတနာမိုး၊ မရတီဖူးဖူး၊ မဖြူမြတ်နိုးကျော်၊ မောင်ဟိန်းဝေယံမိုး တို့၏ ချစ်လှစွာသောအဘွား၊ မောင်ကောင်းဘုန်းခန့်၊ မောင်မြတ်ဘုန်းခန့်၊ မောင်ဘုန်းမြတ်ပိုင် တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၈-၇-၂၀၁၈ (စနေနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကူးတို့သုသာန်သို့ ပို့ဆောင် ဂူသွင်းပါမည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် (၈၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းဘူတာရုံ(၆)လမ်း၊ အမှတ်(၅၆၁)၊ မြေညီထပ်နေ (ဦးဘသိန်း-ဒေါ်တင်လှ)တို့၏သမီး၊ (ဦးကျော်မြင့်)၏ဇနီး၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းငွေ(အလက-၇၊ လှိုင်)၊ ဒေါ်ကြည်ကြည်မြင့်(အမက-၁၊ အင်းစိန်)၊ ဒေါ်နုနုလွင်၊ ဦးကျော်လွင်ဦး-ဒေါ်သန္တာငွေး၊ ဒေါ်သင်းသင်းမာတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၉-၇-၂၀၁၈ ရက် ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၈ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လေးမြင့်(ကွမ်သဲရွာ၊ ဘီလူးကျွန်း) (၇၆)နှစ်
### မူ/အုပ်(ငြိမ်း)၊ အမက(မရမ်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၈၈)နေ (ဦးအောင်ဖေ-ဒေါ်မရှိန်)တို့၏သမီး၊ (ဦးထွန်းစိန်-ဒေါ်မကြည်)တို့၏သမီးချွေးမ၊ [ဦးမြင့်ဆွေ(ကြီးကြပ်ရေးမှူး၊ စိုက်/ဘဏ်-ငြိမ်း)]၏ဇနီး၊ (အလုပ်သင်ဗိုလ်သန်းလွင်ထွန်း)၊ ဦးဆန်းလွင်ထွန်း-ဒေါ်သီသီစိုး(လယ်/ပြ၊ TTC ကမာရွတ်)၊ ဦးကျော်ကျော်-ဒေါ်ယဉ်ယဉ်ထွန်း (စက်ာပူ)၊ ဦးရဲထွန်း၊ ဗိုလ်မှူးပြည်ထွန်း-ဒေါ်ယုယုနိုင်၊ ဒေါ်အိသဲဖြူ ဒေါ်နန်းယုယုအောင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၄း၁၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများမွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီ မှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရွှေ(သန်လျင်) (၇၆)နှစ်

သန်လျင်မြို့၊ အမှတ်(၃)၊ မြို့မလမ်းနေ (ဦးအုန်းကြွယ်)၏ ဇနီး၊ ကိုဇေယျာသိန်းဇံ-မအိအိသိန်းအောင်၊ မအင်ကြင်းကိုကို၊ ကိုရောသိန်းဇံ-မလှမျိုးသန့်၊ မောင်ဝေယံကိုကို-မခင်မာဖြိုး၊ ဗိုလ်ကြီးမိုးကောင်း-မမိုးမြတ်သူ၊ မကံ့ကော်ကိုကို၊ မောင်ရှင်းသန့်ဦး၊ မမေဖူးသွယ်၊ မောင်ဇွဲဉာဏ်ဇင်ဝင်း၊ မခန့်မြင့်မြတ်ဝင်း၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၇း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူ မြေး၊ မြစ်တစ်စု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရွှေ (သန်လျင်) (၇၆)နှစ်

သန်လျင်မြို့၊ အမှတ်(၃)၊ မြို့မလမ်းနေ (ဦးထွန်းရင်-ဒေါ်စိုး)တို့၏ သမီး၊ (ဦးဟန်စိန်-ဒေါ်လှရင်)တို့၏ သမီးချွေးမ၊ (ဦးအုန်းကြွယ်)၏ ဇနီး၊ ဦးချာလီ-ဒေါ်ဥမ္မာကြွယ်၊ (ဦးသန့်ဇော်ဦး)-ဒေါ်ပြုံးပပကြွယ်(မူလွန်-ဗဟို)၊ ဦးတင်ကိုကိုကြွယ်-ဒေါ်ဝင်းငွေ၊ ဦးမျိုးမောင်မောင်ကြွယ်၊ ဒေါ်နီလာကြွယ်၊ ဦးသန်းဝင်း-ဒေါ်သီတာကြွယ်(မူလွန်-ဖန်ချက်)တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီး သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၇း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဟန်ဇော်ငြိမ်း(ရေနံချောင်း) (၄၆)နှစ်

ဦးမောင်မောင်-ဒေါ်မြင့်မြင့်ခင်(ရေနံချောင်း)တို့၏ချစ်လှစွာသောသား၊ ဦးပြေမိုးငြိမ်း(ကထိက၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)၊ (ဦးအောင်ခိုင်ငြိမ်း)၊ ဒေါ်မွန်မွန်မြတ်(စာရေးဆရာမ)တို့၏ချစ်လှစွာသောငယ်လေး၊ မောင်မိုးယု(ပ-နှစ်၊ ကွန်ပျူတာသိပ္ပံ၊ ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေ) ၏ချစ်လှစွာသော ဦးငယ်သည် ၂၉-၇-၂၀၁၈ ရက် နံနက် ၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၀၄၈၊ စက်မှုလယ်ယာလမ်း၊ ၄၅-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်တွင် ဆွေးနွေး


ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၃၀
**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးရွာများဖြစ်သည့် ဆန်းသစ်ပြင်ကျေးရွာ၊ သဘော်ကွေ့ကျေးရွာ၊ သုံးခွ (ခ) ကွင်းကြီး (ရခိုင်) ကျေးရွာများကို ပြည်ထဲရေးဝန်ကြီးဌာန၏ ကျေးရွာအမည်စာရင်းတွင် ထည့်သွင်းပေးနိုင်ရေးနှင့် လက်ရှိကျေးရွာများ၏ မြေများအား ရွာမြေအဖြစ် သတ်မှတ်ပေးရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ကျောက်တော်မြို့နယ် ဆန်းသစ်ပြင်ကျေးရွာနှင့် ကွင်းကြီး

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်နှင့် ဒေသအလိုက်ကူညီကယ်ဆယ်ရေး ဆောင်ရွက်ထားမှုများ

**နေပြည်တော် ဇူလိုင် ၃၀**
ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။ ဘားအံခရိုင် ပိုင်ကျုံမြို့ ဒေါ်လန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်များက ဆန် ၂၅ အိတ်၊ ကြက်ဥ အလုံး ၅၀၀၊ ဆီပိသာချိန် ၈၀၊ အသင့်စားခေါက်ဆွဲထုပ် ဖာ ၃၀၊ အဝတ်အထည်စုံ ပါဝင်သည့် အထည်ထုပ် ၁၅၀၊ ရေသန့်ဆေးနှင့် အရေးပေါ်အသုံးပြုနိုင်သည့် ဆေးဝါးများကို ထောက်ပံ့ပေးထားကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သော နတ်ကျွန်းနှင့် ကံခရဲကျေးရွာများအတွက် နတ်ကျွန်းကျေးရွာ ဓမ္မဝိဟာရကျောင်းတိုက်၌ အိမ်ထောင်စု ၂၆၇ စု၊ လူဦးရေ ၁၃၆၄ ဦးအတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ စားဆီ၊ ရေသန့်ဆေးပြားနှင့် ဆေးဝါးများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး အလားတူ ကံခရဲကျေးရွာရှိ အိမ်ထောင်စု ၅၀၀ ၊ လူဦးရေ ၃၃၈၆ ဦးတို့အတွက် စားသောက်ကုန်နှင့် အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးခဲ့သည်။

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဘီးလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၂၉၀၀၊ လူဦးရေ ၁၂၃၀၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၀၇၆၆၉၀၀ ကို ဘီးလင်းမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၆ ကော်လံ ၃ သို့**

## ရေပြန်လည်ကျဆင်းနေပြီဖြစ်၍ သထုံ-ဘီးလင်း လမ်းပိုင်းအား ဖြတ်သန်းသွားလာခွင့်ပြု

**ဘီးလင်း ဇူလိုင် ၃၀**
မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ်အချို့တွင် ရေကြီး ရေလျှံမှုများ ဖြစ်ပွားလျက်ရှိပြီး ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်များအတွင်းရှိ အချို့နေရာများတွင် လမ်းရေကျော်မှုများ ဖြစ်ပွားခဲ့ရာ ယနေ့နံနက်ပိုင်းမှစတင်၍ အဝေးပြေးလမ်းမကြီးပေါ်၌ ရေပြန်လည်ကျဆင်းနေပြီဖြစ်သောကြောင့် သထုံ - ဘီးလင်း လမ်းပိုင်းရှိ ယာဉ်များအား ယနေ့ညနေပိုင်းက ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်သည်။

ရန်ကုန်-မော်လမြိုင် လမ်းပိုင်းပေါ်ရှိ ယာဉ်များ ဖြတ်သန်းသွားလာသည့် လမ်းပိုင်းတစ်လျှောက်တွင် လမ်းပိုင်းကြီးကြပ်ကွပ်ကဲရေးများ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက စောင့်ကြည့်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မက မော်လမြိုင်မြို့မှာ စားသုံးဆီဖြန့်ဖြူးနေတာပါ၊ ဘီးလင်းဘက်ခြမ်းမှာ ဆီကားပိတ်နေလို့ လာလို့မရတာ ကြာပါပြီ၊ ဒီညနေတော့ ဘီးလင်းဘက်ခြမ်းမှာ ရေကျနေပြီဖြစ်လို့ တာဝန်ရှိသူတွေက ယာဉ်တန်းကို လွှတ်ပေးလိုက်ပါပြီ၊ မနက်ဖြန်ကစပြီး မော်လမြိုင်မြို့မှာ စားသုံးဆီပြန်ဖြန့်ဖြူးလို့ရပြီဆိုတော့ အလွန်ဝမ်းသာရပါတယ်၊ ဆောင်ရွက်ပေးကြတဲ့ တာဝန်ရှိသူတွေကိုလည်း

**စာမျက်နှာ ၇ ကော်လံ ၅ သို့**


**သထုံ - ဘီးလင်း လမ်းပိုင်းတွင် ယာဉ်များ စတင်ဖြတ်သန်းသွားလာနေသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ-လွင်ကိုကိုလတ်

